မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၈ ခုနှစ်၊ ဝါဆိုလဆန်း ၄ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇွန် ၂၈ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ(၄၅)၊ အမှတ် (၂၆၈)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ် လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်း အနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်း ရင်းသား ပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုး သားရေးလက္ခဏာများ မပျောက်ပျက် အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မေတ္တာတန်ပိုးနှင့် မေတ္တာတန်ခိုးများ(အမှတ်စဉ်-၁)

မေတ္တာအာနိသင်

မေတ္တာတရားကို ပွားများခြင်းသည် အကျိုးစီးပွားကို
အလိုရှိသူတို့အတွက် လည်းကောင်း၊
အလိုမရှိသူတို့အတွက် လည်းကောင်း၊
ကုသိုလ်ကျေးဇူးကို ဆောင်ရွက်နိုင်၏။
အကြင်သူတို့သည် အာနိသင်ကြီးမားလှသော
မေတ္တာပွားများခြင်းကို ကောင်းစွာ မှီဝဲအပ်၏။

မိလိန္ဒပဉှာ မေတ္တာဘာဝနာနိသံသ

(သာသနာရေး)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း (၂၃)ကြိမ်မြောက် မြန်မာ-ထိုင်းဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေးသို့ တက်ရောက်မည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်

နေပြည်တော် ဇွန် ၂၇

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းသည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြင့်လှိုင်နှင့် ဗိုလ်ချုပ်ရဲမြင့်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများနှင့်အတူ ယနေ့ နံနက် ၆ နာရီခွဲတွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ ကျင်းပမည့် (၂၃)ကြိမ်မြောက် မြန်မာ-ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီအစည်းအဝေးသို့ တက်ရောက်ရန် နေပြည်တော်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြသည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များအား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်သည်။ **(ဓာတ်ပုံ)**

လိုက်ပါသွားကြ

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့တွင် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် ခေါင်းဆောင်၍ အဖွဲ့ဝင်များအဖြစ် မွန်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သက်နိုင်ဝင်း၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ခင်ဇော်ဦး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် တပ်မတော်အရာရှိကြီးများ၊ ထိုင်းနိုင်ငံဆိုင်ရာ ပြည်ထောင်စုမြန်မာနိုင်ငံ သံအမတ်ကြီး ဦးရဲဝင်းနှင့် စစ်သံမှူး ဗိုလ်မှူးကြီးတင်စိုး၊ ကာကွယ်ရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ လိုက်ပါသွားကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မိမိနိုင်ငံရှိ အမျိုးသမီးထု တစ်ရပ်လုံးကို ကိုယ်စားပြု ပြီး စနစ်တကျ ဖွဲ့စည်းဆောင်ရွက်နေခြင်းကြောင့် အဖွဲ့ချုပ်စတင်ဖွဲ့စည်း ချိန်မှစ၍ ယနေ့အထိ အဖွဲ့ဝင်ပေါင်း ၂ဒသမ၅၆သန်းကျော် ဝင်ရောက်ခဲ့ပြီး ဖြစ်သည့်အပြင် နောက်ထပ်အဖွဲ့ဝင်သစ်များလည်း ဆက်လက်ဝင်ရောက်နေကြဆဲဖြစ်။

တက္ကသိုလ်မြမဥ္ဇူ၏ ဖွံ့ဖြိုးတိုးတက်လျက်ရှိသော မြန်မာအမျိုးသမီးများကဏ္ဍ ဆောင်းပါး (စာ-၃)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ အာဘော်

(၂၀၀၆ ခုနှစ်၊ ဇွန်လ ၂၈ ရက်)

ထုတ်လုပ်သူရော စားသုံးသူပါ အကျိုးရှိစေရေးကြိုးပမ်း

မြန်မာနိုင်ငံ၏ တစ်နှစ်စားသုံးဆီလိုအပ်ချက်မှာ တန်ချိန်သုံးသိန်းခန့်ဖြစ်သည်။ ပြည် တွင်း၌ တန်ချိန်နှစ်သိန်းခန့်သာ ထုတ်လုပ်နိုင်သဖြင့် ပြည်တွင်းလိုအပ်ချက်ကို နှစ်စဉ် နိုင်ငံခြားငွေ အမြောက်အမြားသုံးစွဲ၍ ပြည်ပမှတင်သွင်း ဖြည့်ဆည်းပေးနေရသည်။

နိုင်ငံတော်က တနင်္သာရီတိုင်းတွင် ဆီအုန်းဧက ငါးသိန်းစိုက်ပျိုးရန် ၁၉၉၈ခုနှစ်မှစ၍ တိုင်းရင်းသားပုဂ္ဂလိကကုမ္ပဏီ ၃၀ကျော်အား မြေယာလုပ်ပိုင်ခွင့်များ ချထားပေးပြီး လိုအပ် သည်များကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့ရာ ဆီအုန်းဧက တစ်သိန်းခွဲအထိ စိုက်ပျိုးပြီးဖြစ်သည်။

ယခုအခါ စိုက်ပျိုးထားသော ဆီအုန်းပင်များမှ ဆီသီးခိုင်များ ထွက်ရှိလာပြီဖြစ်သည်။ ဆီသီးခိုင်များမှ ဆီကြမ်းကိုထုတ်လုပ်ကာ ယင်းမှတစ်ဆင့် ဆီသန့်ဆီချောအဖြစ် ထုတ်လုပ်နိုင် သည့် ယုဇနစားအုန်းဆီသန့်စက်ရုံကြီးတစ်ရုံကို ရန်ကုန်မြို့ သာကေတမြို့နယ် ရွှေခင်းသာ ရပ်ကွက် ရွှေခင်းသာမြို့ပတ်လမ်း၌ ဇွန် ၂၅ရက်က ဖွင့်လှစ်ခဲ့သည်။

ယုဇနစားအုန်းဆီသန့်စက်ရုံသည် ၂၄ဧကကျယ်ဝန်းကာ ဆီတန် ၃၀၀၀ သင်္ဘော ဆိုက်ကပ်နိုင်သော ဆိပ်ခံတံတားကိုပါ တည်ဆောက်ထားသည်။ စက်ရုံ၏ ဆီထုတ်လုပ်မှုမှာ နေ့စဉ် စားအုန်းဆီကြမ်း တန် ၃၀၀ကို သန့်စင်နိုင်ပြီး တစ်နေ့လျှင် စားသုံးဆီတန် ၂၀၀ ထုတ်လုပ်နိုင်သည်။

စားသုံးဆီအပြင် မုန့်လုပ်ငန်းသုံး Shortening, Stearin, Bakery Fat, Vegetable Fat, Butter Oil Substitute တို့ကို နေ့စဉ် တန် ၈၀ ထုတ်လုပ်နိုင်ပြီး ဆပ်ပြာချက်ဆီ တစ်နေ့လျှင် တန် ၂၀ ထုတ်လုပ်နိုင်သည်။

စက်ရုံမှ စားအုန်းဆီအပြင် မြေပဲဆီ၊ ပဲပုပ်ဆီနှင့် Vegetable Oil တို့ကိုလည်း နိုင်ငံတကာအဆင့်မီ အရည်အသွေးကောင်းမွန်စွာ ထုတ်လုပ်နိုင်ကြောင်း သိရှိရသည်။

မြန်မာနိုင်ငံ၏ စားသုံးဆီလိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ဆီချောဆီသန့် စက်ရုံကြီး တစ်ရုံကို ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်၍ စားအုန်းဆီများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသုံး နိုင်တော့မည်ဖြစ်သည်။

စက်ရုံမှ တာဝန်ရှိသူများအနေဖြင့် စက်စွမ်းအားပြည့် ထုတ်လုပ်နိုင်ရေး၊ ကုန်ထုတ် လုပ်မှုစရိတ် သက်သာရေး၊ ခြိုးခြံချွေတာရေး၊ စားသုံးသူများ သက်သာချောင်ချိစွာ စားသုံးနိုင်ရေး ဦးစားပေးဆောင်ရွက်ရင်း ထုတ်လုပ်သူရော စားသုံးသူပါ အကျိုးရှိစေရေး အလေးထားကြိုးပမ်းသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင် စည်းကမ်းလိုက်နာ ဘေးကင်းကွာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး သင်ခန်းစာသင်ကြားခြင်း အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

စည်းကမ်းလိုက်နာဘေးကင်းကွာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးသင်ခန်းစာသင်ကြားခြင်းအလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇွန် ၂၇

စည်းကမ်းလိုက်နာဘေးကင်းကွာ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးသင်ခန်းစာ သင်ကြားခြင်း အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၂၄ ရက် နံနက် ၉ နာရီက ပျဉ်းမနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ခန်းမဆောင်၌ကျင်းပရာ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်က အဖွင့်အမှာစကားပြောကြားပြီး ဌာနဆိုင်ရာအကြီးအကဲများနှင့် နေပြည်တော်ကျောင်း ၁၁ ကျောင်းမှ ဆရာ ဆရာမ ၃၅၀ တက်ရောက်သည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူးက "စည်း ကမ်းလိုက်နာ ဘေးကင်းကွာ" ယာဉ် စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး ရုပ်ပြစာအုပ် ၃၆၀ နှင့် ဆရာကိုင် စာအုပ် အုပ် ၆၀ တို့ကို သက်ဆိုင်ရာ မြို့နယ် ပညာရေးမှူးများသို့ လွှဲပြောင်း ပေးအပ်သည်။

ထို့နောက် ကိုမင်းနိုင် ရိန်းဘိုး ဆိုင်ကယ်ပစ္စည်းဆိုင် ဘုရင့်နောင် လမ်းက လှူဒါန်းသော ဆိုင်ကယ်စီး ဦးထုပ် ၁၅ လုံးကို တိုင်းမှူးက နေပြည် တော် ယာဉ်စည်းကမ်း၊ လမ်းစည်း ကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော် မတီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ခင်မောင်တူး ထံသို့ လွှဲပြောင်းပေးအပ်ပြီး အလုပ်ရုံ ဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4
ရုပ်မြင်သံကြားအစီအစဉ်

၂၈-၆-၂၀၀၆(ဗုဒ္ဓဟူးနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	မေးကြည့်ဖြေကြည့်ပဟေဠိ
၇း၂၅	တေးဂီတအစီအစဉ်
၇း၃၀	ကောင်းမွန်စွာစားသုံးဖို့ မြေပဲယိုနှမ်းယိုပြုလုပ်စို့
၇း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၇း၄၅	တေးဂီတအစီအစဉ်
၇း၅၀	နိုင်ငံတကာအနုပညာရေးရာ (ဇင်အောင်အောင်၊ဆုမြတ်မွန်)
၈း၁၅	တေးဂီတအစီအစဉ်
၈း၂၀	ကုသပညာပေး ကျေးလက်လူထုသွားကျန်းမာရေး
၈း၃၀	တေးဂီတအစီအစဉ်
၈း၃၅	ပြည်တွင်းသတင်းအကျဉ်း
၈း၄၅	တေးဂီတအစီအစဉ်
၈း၅၀	လေလှိုင်းတိတ်ဆိတ်ခြင်းကို ဖြိုခွင်းဂီတညနေခင်း(အပိုင်း-၁)
၉း၂၀	မိုးလေဝသခန့်မှန်းချက်
၉း၂၅	ငွေကြယ်ပွင့်တို့ရဲ့ဖြစ်တည်မှု (ရေဗက္ကာဝင်းနှင့် သူ၏အနုပညာခရီးလမ်း)
၁၀း၂၀	အနုပညာရုပ်ဝန်းမှရင်ခုန်သံများ (မော်ဒန်အချစ်များ)
၁၀း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၅၀	အဏ္ဏဝါထဲမှရတနာ(ကဏန်းပျော့)
၁၁း၀၀	တေးဂီတအစီအစဉ်
၁၁း၀၅	ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၅	Myanmar Video Rhythm
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦး မြိတ်မြို့၌ဝန်ထမ်းများ၊လူမှုရေးအသင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ

ရန်ကုန် ဇွန် ၂၇

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်ဦးသည် တာဝန်ရှိသူများ လိုက်ပါလျက် ဇွန် ၂၄ ရက်က မြိတ်မြို့သို့ရောက်ရှိသည်။

ရှင်းလင်းပြောကြား

ဝန်ကြီးသည် မြိတ်မြို့ ပုလဲရတနာခန်းမ၌ ပြည်ထဲရေးဝန်ကြီးဌာန အောက်ရှိ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ နိုင်ငံတော်၏ လက်ရှိနိုင်ငံရေး၊ စီးပွားရေး၊လူမှုရေး အခြေအနေ တို့ကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)** **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၂၈-၆-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ မျိုးချစ်တပ်မတော်
၇း၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၅	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၀	၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀	၅။ မျိုးချစ်တပ်မတော်
၅း၁၀	၆။ ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၂၀	၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၃၀	၈။ မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၀	၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၁။ နိုင်ငံတကာသတင်း
၆း၂၀	၁၂။ မိုးလေဝသသတင်း
၆း၂၅	၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၃၅	၁၄။ လျှပ်တစ်ပြက်
၇း၀၀	၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၃၀)
၈း၀၀	၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၈။ English Usage
	၁၉။ ဗွီစီဒီကျော်ကြားတေးများ
	၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြိုင်ဟေဝန်က သိုင်းလုလင်"** (ဒုတိယတွဲ) (အပိုင်း-၂)

၂၀၀၆ ခုနှစ် ဇူလိုင်လ (၃)ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆို

ဖွံ့ဖြိုးတိုးတက်လျက်ရှိသော မြန်မာအမျိုးသမီးများကဏ္ဍ

"ဤကမ္ဘာတွက်၊ ချလာမျိုးဆက်
လူသားတွက်တာ၊ ကျေပွန်ပါသော
မာတာမိန်းမသား၊ ကျေးဇူးများကို
မြတ်ဘုရားသော်မှ၊ ပေးဆပ်ရ၏
"လောကသား"တွင်၊ လူချင်းယှဉ်က
"မိခင်သည်သာ၊မြတ်ဆုံးပါ"ဟု
သဒ္ဒါကြည်ညို၊ စာဖွဲ့ဆိုရ
အို--မြတ်မိခင် ကျေးဇူးရှင်
လက်ခွင်စုံပူး ဦးခိုက်ဖူး
မိခင်များသို့ ရည်ရွယ်စူး
နှမရင်မှာ ရွှင်ကြည်နူး။ ။" (နုယဉ်)

မြန်မာနိုင်ငံလူဦးရေ၏ ထက်ဝက်ကျော်အင်အားရှိသည့် အမျိုးသမီးထုကြီးတစ်ရပ်လုံးကို ကိုယ်စားပြုဖော်ညွှန်းထားသော "မြန်မာအမျိုးသမီးများနေ့(ဇူလိုင်လ ၃ ရက်နေ့)"ဆိုသည့် နေ့ထူးနေ့မြတ်ကြီး ယခုကဲ့သို့ တင့်တင့်တယ်တယ် ပေါ်ထွန်းလာခြင်းသည် မြန်မာအမျိုးသမီးများ၏ လေးစားဂုဏ်ယူမြတ်နိုးဖွယ် ဂုဏ်ဒြပ်များ၊ ထူးချွန်ထက်မြက်သော စွမ်းဆောင်ရည်များ၊ မိမိအမျိုးအနွယ်ကို စောင့်ရှောက်ထိန်းသိမ်းမြှင့်တင်လျက်ရှိသည့် အစဉ်အလာကောင်းများ စသည့်ကောင်းမြတ်သော ဂုဏ်ရည်များ ပေါ်လွင်ထင်ရှားအောင် ဂုဏ်ပြုလိုက်ခြင်းပင်ဖြစ်သည်။

မြန်မာသမိုင်းစဉ်တစ်လျှောက် အမျိုးသားရေး ကြိုးပမ်းဆောင်ရွက်မှုတိုင်းတွင် ထိုက်တန်သောနေရာမှ ထူးထူးချွန်ချွန် စွန့်စွန့်စားစား ပါဝင်ဆောင်ရွက်ခဲ့သည့် မောင်တစ်ထမ်းမယ်တစ်ရွက် မြန်မာအမျိုးသမီးများ၏အခန်းကဏ္ဍကို နိုင်ငံတော်က အသိအမှတ်ပြုထားသည်။ အမျိုးသမီးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အမျိုးသားရေး စွမ်းအားစုတစ်ရပ်အဖြစ် ပီပီပြင်ပြင် ဖြစ်ထွန်းလာပြီး နိုင်ငံတော်တည်ဆောက်ရေး ကြိုးပမ်းစွမ်းဆောင်မှုများ၌ ထိုက်တန်သောနေရာမှ ပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်စေရေးအတွက် အလေးအနက်ထား စီမံဆောင်ရွက် အားပေးမြှင့်တင်လျက်ရှိသော နိုင်ငံတော်၏ စေတနာပင်ဖြစ်သည်။

အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို စောင့်ထိန်းလျက်ရှိသော မြန်မာအမျိုးသမီးများအတွက် ဘက်စုံ၊ကဏ္ဍစုံတွင် ဖွံ့ဖြိုးတိုးတက်စေမည့် ရေခံမြေခံကောင်း၊ အခြေခံကောင်းများ၊ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် ရှိထားပြီးဖြစ်ခြင်းကြောင့်လည်းကောင်း၊ နိုင်ငံတော်အစိုးရက အခွင့်အလမ်းကောင်းများ ထပ်လောင်းအားဖြည့်ပေးထား၍လည်းကောင်း မြန်မာအမျိုးသမီးဖြစ်ရခြင်းသည် အလွန်ကံကောင်းသည်ဟု ဆိုရပါမည်။

မြန်မာအမျိုးသမီးများသည် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးစသည့် ကဏ္ဍစုံတွင် အမျိုးသားများနှင့် ဒိုးတူပေါင်ဖက် တန်းတူရည်တူ အခွင့်အရေး ရရှိခဲ့ကြသည်။ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် အမျိုးသားများနှင့် အမျိုးသမီးများအကြား အပြန်အလှန်နားလည်စာနာမှု၊ အပြန်အလှန် အလေးဂရုပြုလေးစားမှု၊ အပြန်အလှန်နေရာပေး အလေးထားမှု စသည့် အခြေခံကောင်းများလည်း အခိုင်အမာဖြစ်ထွန်းလျက်ရှိသည်။

မြန်မာ့လူ့ဘောင် အဖွဲ့အစည်းသည် လူပုဂ္ဂိုလ် တစ်ဦးချင်းကို အခြေခံပြီး ဖွဲ့စည်းထားခြင်းမဟုတ်ဘဲ မိခင်နှင့်ဖခင်၊ သမီးနှင့်သားတို့ရာသက်တိုင် ရိုးမြေကျပါဝင်သော မိသားစုကို အခြေခံပြီး ဖွဲ့စည်းဖြစ်တည်နေသဖြင့် မိသားစုအတွင်းတွင် မိခင်ဖြစ်သူသည် ဖခင်နှင့်တန်းတူ စီးတဲ့ရေ ဆည်တဲ့ကန်သင်း စီမံခန့်ခွဲနိုင်မှု အခွင့်အရေး ရှိထားပေသည်။

အမျိုးသားများနှင့် တန်းတူရည်တူ အခွင့်အလမ်းရရှိနေသော မြန်မာ့လူ့ဘောင်တွင် မြန်မာအမျိုးသမီးများသည် အမျိုးသမီးအခွင့်အရေးများကို မွေးရာပါ အခွင့်အရေးများအဖြစ် ရရှိခံစားနေရပြီး ဖြစ်ခြင်းကြောင့် နိုင်ငံနှင့်လူမျိုးအတွက် ဂုဏ်ယူမဆုံးဖွယ်လည်း ဖြစ်နေပါသည်။

ယင်းကဲ့သို့ မြန်မာအမျိုးသမီးများ၏ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ရရှိခံစားချက်များ၊ ဆက်လက်ကြိုးပမ်းချက်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပီပီပြင်ပြင် စနစ်တကျ အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်စေရန် နိုင်ငံတော်က ကြိုးပမ်းဖော်ဆောင်ပေးနေသကဲ့သို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် မြန်မာအမျိုးသမီးထုကြီးက အားကြိုးမာန်တက် ကြိုးပမ်းလျက်ရှိပါသည်။

"အိမ်တွင်းမှုလုပ်၊ သိမ်းထုပ်သေချာ
မိစ္ဆာကြဉ်ရှောင်၊ လျော်အောင်ဖြန့်ချို
ပျင်းရိမမူ၊ ဝတ်ငါးဆူ
အိမ်သူကျင့်ဖို့ရာ။ ။" (သိင်္ဂါလောဝါဒသုတ်)

နှစ်ပေါင်းထောင်ချီပြီး အစွန့်ရှည်တည်တံ့လာခဲ့သည့် မြန်မာ့သမိုင်းစဉ်တစ်လျှောက် နိုင်ငံတော်နှင့်လူမျိုးအကျိုးစီးပွားကို သယ်ပိုးထမ်းဆောင်ရာတွင်လည်းကောင်း၊ မြန်မာ့လူ့ဘောင် ရှင်သန်ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်း ပေးရာတွင်လည်းကောင်း၊ နောင်တစ်ခေတ်၏ မျိုးဆက်သစ်လူငယ်များကို ပြုစုပျိုးထောင် မြေတောင်မြှောက်ပေးရာတွင်လည်းကောင်း၊ သမိုင်းပေးတာဝန်အရပ်ရပ်ကို ကျေပွန်စွာ ထမ်းဆောင်ရာတွင် လည်းကောင်း မြန်မာအမျိုးသမီးများသည် ကျရာအခန်းကဏ္ဍအသီးသီးကနေပြီး ဂုဏ်ရောင်ထွန်းပြောင်အောင် စွမ်းစွမ်းတမံ ပါဝင်ဆောင်ရွက်လျက်ရှိနေသည်ကို တွေ့မြင်ရမည် ဖြစ်ပါသည်။

တက္ကသိုလ်မြမဥ္ဇူ

ဤကဲ့သို့ လေးစားဂုဏ်ယူဖွယ်ရာများဖြင့် ပြည့်စုံလှသည့် မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး၏ ထူးခြားကောင်းမြတ်သည့် ဂုဏ်ရည်တို့ကို ဂုဏ်ပြုတင်စားပြီး **"မြန်မာအမျိုးသမီးများနေ့"**အဖြစ် ထိုက်တန်စွာ မော်ကွန်းကမ္ပည်း ရေးထိုးနိုင်ခြင်းသည် မြန်မာအမျိုးသမီးတိုင်းအတွက် အထူးဂုဏ်ယူဖွယ်ဖြစ်ပါသည်။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင်**"အမျိုးသမီး"**ဆိုသည့် ဂုဏ်ပုဒ်သည် ပင်ကိုအားဖြင့် ထူးခြားသည့် ကိုယ်ပိုင်ဂုဏ်ဒြပ် ရှိနေသည့်အတွက် အမျိုးသမီးတိုင်းကို တန်းတူရည်တူ ထိုက်တန်သည့်နေရာပေး ဆက်ဆံလေ့ရှိပါသည်။

ဤအမျိုးသမီးရေးရာအဖွဲ့ချုပ် ဖွဲ့စည်းခဲ့သော ရည်ရွယ်ချက်များမှာ-

(၁) အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အမျိုးသမီးများ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်၊

(၂) အမျိုးသမီးများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊

(၃) အမျိုးသမီးများ၏ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး စသည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ်စောင့်ရှောက်ရန်၊

(၄) တိုင်းရင်းသား ရိုးရာယဉ်ကျေးမှုထုံးစံများကို ပိုမိုမြတ်နိုးတန်ဖိုးထားသည့် စိတ်ဓာတ်မြှင့်တင်ရေးအတွက် အမျိုးသမီးများကို လေ့ကျင့်ပျိုးထောင်ပေးရန်၊

(၅) အမျိုးသမီးများအား အကြမ်းဖက်မှုမှ ကာကွယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(၆) အမျိုးသမီးများနှင့် ကလေးသူငယ်များအား လူကုန်ကူးမှု လျော့နည်း ပပျောက်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အသွင်ဖြင့် ဆောင်ရွက်နိုင်ရန်၊

(၇) အမျိုးသမီးများ၏ အခွင့်အရေးများကို တိုင်းရင်းသားယဉ်ကျေးမှု ဓလေ့ထုံးစံများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊

ဆိုသည့်အချက်များကို သတ်မှတ်ဖော်ပြထားပါသည်။

အမျိုးသမီးထုအနေဖြင့် အထက်ပါရည်ရွယ်ချက်များ ထမြောက်အောင်မြင်စေရန် တက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော်သွားကြရမည် ဖြစ်ပါသည်။

မြန်မာ့သမိုင်းကြောင်းကို ပြန်ကြည့်လျှင် အမျိုးသမီးထုကြီးသည် အမျိုးသားများနှင့် တန်းတူရည်တူ အခွင့်အရေးများ ပွင့်လန်းဝေဖြာ ရရှိခံစားခဲ့ကြရုံသာမက **"မောင်တစ်ထမ်း မယ်တစ်ရွက်"**သဘောထားနှင့်အညီ နိုင်ငံနှင့်လူမျိုးအကျိုး၊ မြန်မာ့လူ့ဘောင်၏အကျိုးကို မိသားစုစိတ်ဓာတ်ဖြင့် ရှေးအစဉ်အဆက်ကတည်းက ဒိုးတူပေါင်ဖက် သယ်ပိုးဆောင်ရွက်လာခဲ့သူများဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

ပညာရည်ပြည့်ဝနှလုံးလှသည့် မြန်မာအမျိုးသမီးများ "စောင့်လေမျိုးနွယ်"ဆိုသည့်အတိုင်း မိမိအမျိုးဂုဏ်ဒြပ်ကို အသက်နှင့် ထပ်တူထပ်မျှစောင့်ထိန်းလိုက်နာခဲ့ကြသည့် မြန်မာ့အမျိုးသမီးများ၊ နိုင်ငံ့လက်ရုံး၊ နိုင်ငံ့ပခုံးများအဖြစ် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ပြီး နိုင်ငံ့ဂုဏ်ကိုမြှင့်တင်ခဲ့သည့် မြန်မာအမျိုးသမီးများသည် ခေတ်အဆက်ဆက်၌ ရာဇဝင်တွင်လောက်အောင် ထွန်းတောက်ကျော်ကြား အထင်အရှားရှိခဲ့ပါသည်။

မြန်မာနိုင်ငံ၌ လူဦးရေ ၅၄ သန်းကျော်ရှိသည့်အနက် အမျိုးသမီးဦးရေသည် နိုင်ငံလူဦးရေ၏ထက်ဝက်ကျော် ရာခိုင်နှုန်းအားဖြင့် ၅၀ ဒသမ ၃ ရာခိုင်နှုန်း၊ ဦးရေအားဖြင့် ၂၇သန်းကျော် ရှိနေကြောင်း၊ **မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မိမိနိုင်ငံရှိ အမျိုးသမီးထု တစ်ရပ်လုံးကို ကိုယ်စားပြုပြီး စနစ်တကျ ဖွဲ့စည်းဆောင်ရွက်နေခြင်းကြောင့် အဖွဲ့ချုပ် စတင်ဖွဲ့စည်းချိန်မှစ၍ ယနေ့အထိ အဖွဲ့ဝင်ပေါင်း ၂ ဒသမ ၅၆ သန်းကျော် ဝင်ရောက်ခဲ့ပြီး ဖြစ်သည့်အပြင် နောက်ထပ်အဖွဲ့ဝင်သစ်များလည်း ဆက်လက် ဝင်ရောက်နေကြဆဲဖြစ်**သည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်သည် ချမှတ်ထားသည့် ရည်ရွယ်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ နိုင်ငံတော်၏ အမျိုးသားရေး အကျိုးစီးပွားစစ်စစ်ကိုသာ ရှေးရှုပြီး သတ်မှတ်ချမှတ်ထားသည့် အခြေခံမူများနှင့်အညီ ဆောင်ရွက်နေခြင်းဖြစ်ပါသည်။ လိုက်နာဆောင်ရွက်ရန်ချမှတ်ထားသည့် အခြေခံမူများမှာ-

(၁) ဒို့တာဝန် အရေးသုံးပါးကို အခြေခံ၍ တစ်မျိုးသားလုံး စည်းလုံး ညီညွတ်စွာဖြင့် မိမိအမျိုးသားရေးသက်သက်ကိုသာ ဆောင်ရွက် မည်ဆိုသည့် "အမျိုးသားရေးဆိုင်ရာ အခြေခံမူ"၊

(၂) ပြည်ထောင်စု တိုင်းရင်းသားအချင်းချင်း ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်လေးစားမှုနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အလေးအနက်ထား ဆောင်ရွက်မည် ဆိုသည့် "တိုင်းရင်းသားရေးဆိုင်ရာ အခြေခံမူ"၊

(၃) ရပ်ရွာအေးချမ်း သာယာရေး၊ စားဝတ်နေရေး၊ သက်သာချောင်ချိရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဆိုသည့် "လူမှုရေးဆိုင်ရာ အခြေခံမူ"၊

(၄) အမျိုးသမီးများ၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန်နှင့် အမျိုးသမီးများ၏ ဘဝလုံခြုံရေးကို ကာကွယ် စောင့်ရှောက်မည်ဆိုသည့်"အမျိုးသမီးရေးရာ အခြေခံမူ"များပင် ဖြစ်ကြသည်။

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်သည် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့်အတွက် နိုင်ငံအဝန်း ဖြန့်ကြက်လွှမ်းခြုံနိုင်အောင် အဆင့်ဆင့်သော အဖွဲ့အစည်းများအဖြစ် ဖွဲ့စည်းထားရှိပါသည်။ အဖွဲ့ချုပ်သည် အမျိုးသမီးများ၏ အရေးအရာကိစ္စများကိုသာမက နိုင်ငံတော်၏ အမျိုးသားရေး၊ လူမှုရေးလုပ်ငန်းများ၌ပါ စိတ်ပါဝင်စားစွာ ပါဝင်ဆောင်ရွက်လျက် ရှိကြပါသည်။ ထို့ကြောင့် လူမှုရေးစိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် ထက်သန်မြင့်မားကြသည့် မြန်မာတိုင်းရင်းသား အမျိုးသမီးတိုင်း အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရပြီး နိုင်ငံ့အကျိုးသယ်ပိုးဆောင်ရွက်ခွင့် ရရှိနိုင်သည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော အမျိုးသမီးရေးရာအဖွဲ့ကြီး ဖြစ်ပါသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရသည် မြန်မာအမျိုးသမီးများ အနေဖြင့် ရရှိထားပြီးဖြစ်သည့် အမျိုးသမီးအခွင့်အရေးများ ပြည့်ပြည့်ဝဝ ရရှိခံစားနိုင်စေရေး၊ ခေတ်ကာလနှင့်အညီ အမျိုးသမီးအခွင့်အရေးများနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို နယ်ပယ်စုံ၊ ကဏ္ဍစုံ၌ ဆက်လက်တိုးပွားဖြစ်ထွန်းရေးတို့အတွက် ဦးဆောင်ဦးရွက်ပြုသွားရမည့် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာကော်မတီကို ၁၉၉၆ ခုနှစ် ဇူလိုင်လ ၃ ရက်နေ့တွင် စတင် ဖွဲ့စည်းပေးခဲ့ပါသည်။ ၁၉၉၈ ခုနှစ်တွင် **"အမျိုးသမီးရေးရာကော်မတီ"** စတင်ဖွဲ့စည်းခဲ့သည့် ဇူလိုင်လ ၃ ရက်နေ့ကို **"မြန်မာအမျိုးသမီးများနေ့"**အဖြစ် နိုင်ငံတော်အစိုးရက သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။

မြန်မာအမျိုးသမီးများကိုယ်တိုင် အမျိုးသမီးကဏ္ဍ ပိုမိုမြင့်မားတိုးတက်အောင် ဆောင်ရွက်ရင်း နိုင်ငံနှင့် လူမျိုးအကျိုးကို သယ်ပိုးဆောင်ရွက်နိုင်ရန် မွန်မြတ်မြင့်မားသည့်ရည်ရွယ်ချက်များဖြင့် ၂၀၀၃ ခုနှစ် ဒီဇင်ဘာလ ၂၀ရက်နေ့တွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကို စတင်ဖွဲ့စည်းတည်ထောင်ခွင့် ပြုခဲ့ပါသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ကြီးအနေဖြင့် မြန်မာအမျိုးသမီးများကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်ရင်း မြန်မာအမျိုးသမီးထုကြီးတစ်ရပ်လုံး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရာမှာလည်း တစ်စိတ်တည်း၊ တစ်ဝမ်းတည်း၊ တစ်သွေးတည်း၊ တစ်သားတည်း စုစည်းညီညွတ်စွာ ပါဝင် ပူးပေါင်းဆောင်ရွက်သွားနိုင်အောင် တက်တက်ကြွကြွ ဦးဆောင်ဦးရွက်ပြုကာ တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်သည် မိမိနိုင်ငံရှိ အမျိုးသမီးထု တစ်ရပ်လုံးကို ကိုယ်စားပြုပြီး စနစ်တကျ ဖွဲ့စည်းဆောင်ရွက်နေခြင်းကြောင့် အဖွဲ့ချုပ်စတင်ဖွဲ့စည်းချိန်မှစ၍ ယနေ့အထိ အဖွဲ့ဝင်ပေါင်း ၂ဒသမ၅၆သန်းကျော် ဝင်ရောက်ခဲ့ပြီးဖြစ်သည့်အပြင် နောက်ထပ်အဖွဲ့ဝင်သစ်များလည်း ဆက်လက်ဝင်ရောက်နေကြဆဲဖြစ်။

နိုင်ငံတကာ သတင်းများ

အင်ဒိုနီးရှားနိုင်ငံရှိ ကျွန်းသုံးကျွန်းပေါ်တွင် စင်ကာပူနှင့်ပူးတွဲ၍ အထူးစီးပွားရေးဇုန်ကြီး ထူထောင်မည်

ဘာတမ် ဇွန် ၂၇

အင်ဒိုနီးရှားနိုင်ငံရှိ ကျွန်းသုံးကျွန်းပေါ်တွင် အထူးစီးပွားရေးဇုန်ကြီးတစ်ခု ပူးတွဲတည်ထောင်ရေးကို အင်ဒိုနီးရှားနှင့် စင်ကာပူနှစ်နိုင်ငံတို့ ဇွန် ၂၅ ရက်က သဘောတူလက်မှတ်ရေးထိုးလိုက်ပြီဖြစ်သည်။

အဆိုပါသဘောတူညီမှုကို အင်ဒိုနီးရှားသမ္မတ ဆူဆီလိုဘန်ဘန်ယူဒိုယိုနိုနှင့် စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းတို့ အင်ဒိုနီးရှားနိုင်ငံ ဘာတမ်မြို့၌ တွေ့ဆုံဆွေးနွေးပြီးနောက် ယခုကဲ့သို့ သဘောတူ လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။

အင်ဒိုနီးရှားနှင့် စင်ကာပူနှစ်နိုင်ငံအနေဖြင့် စီးပွားရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှုတစ်ရပ်အနေဖြင့် အင်ဒိုနီးရှားနိုင်ငံရှိကျွန်းများပေါ်တွင် စီးပွားရေးဇုန် ထူထောင်ခြင်း ဖြစ်သည်။

ယခုကဲ့သို့ အင်ဒိုနီးရှားနိုင်ငံရှိ ကျွန်းများပေါ်တွင် စီးပွားရေးလုပ်ငန်း လာရောက်လုပ်ကိုင်မှုကို အင်ဒိုနီးရှားကကြိုဆိုလိုက်ပြီး အင်ဒိုနီးရှားနိုင်ငံတွင် လုပ်ငန်းအသစ်များ တိုးပွားထွက်ပေါ်လာမည် ဖြစ်သည်။

အဆိုပါကျွန်းများပေါ်တွင် ဘဏ်လုပ်ငန်းများ၊ ဘဏ္ဍာရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများ၊ အကောက်ခွန်လုပ်ငန်းများနှင့် အခြားစီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်လာမည်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ

အစိုးရနှင့်ပုဂ္ဂလိကများ ထိုင်း၌ ပူးပေါင်းဆောင်ရွက်မည်

ဗန်ကောက် ဇွန် ၂၇

ထိုင်းနိုင်ငံအစိုးရနှင့် ပုဂ္ဂလိကကဏ္ဍများသည် အစိုးရပုဂ္ဂလိကမိတ်ဖက်အဖွဲ့(ပီပီပီ)ဖွဲ့စည်းမှုတွင် ပူးပေါင်းဆောင်ရွက်သွားရန် ဇွန် ၂၄ ရက်က သဘောတူညီခဲ့ကြသည်။

ယင်းအဖွဲ့ကို ပြည်တွင်းရှိ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများ(အက်စ်အမ်အီး)တွင် နောက်ထပ်ဖွံ့ဖြိုးတိုး တက်မှုများ ရရှိရန်အတွက် ရည်ရွယ် ဖွဲ့စည်းခဲ့ခြင်း ဖြစ်ကြောင်း ထိုင်းဒုတိယဝန်ကြီးချုပ် ဆွန်ကစ်က ပြောကြားသည်။

ပြောကြား

ပီပီပီအဖွဲ့တွင် အလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်အဖြစ် ပါဝင်ရန် ဖိတ်ခေါ်ထားသော မျိုးဆက်သစ်စီးပွား ရေးလုပ်ငန်းရှင်များ ပါဝင်လာလိမ့်မည်ဟု ဆွန်ကစ်က ပြောကြားသည်။

ရှင်းလင်း

တောင်ပိုင်း ပက်ချာဘူရီ ပြည်နယ်တွင် စီးပွားရေးမြှင့်တင်ရေးအတွက် နည်းလမ်းရှာဖွေခြင်း ဆိုင်ရာ အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍ အစည်းအဝေးပြီးနောက် သတင်းစာရှင်းလင်းပွဲတွင် ဆွန်ကစ်က မှတ်ချက်ပြု ပြောကြားလိုက်သည်။

ပြည်တွင်းအက်စ်အမ်အီး စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုသည် နိုင်ငံတကာ ကုန်သွယ်မှုတွင် ထိုင်းနိုင်ငံ၏ ယှဉ်ပြိုင်မှုကိုတိုး၍ ဆောင်ရွက်သွားရန်လည်း ရည်မှန်းထားသည်။ ယင်းကိစ္စများသည် အစိုးရ၏ ဦးစားပေးကိစ္စဖြစ်လာလိမ့်မည်ဟု ၎င်းက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ရုရှား ကုန်တင်အာကာသယာဉ် နိုင်ငံတကာအာကာသစခန်းသို့ လွှတ်တင်

မော်စကို ဇွန် ၂၇

နိုင်ငံတကာအာကာသစခန်း(အိုင်အက်စ်အက်စ်)သို့ စားနပ်ရိက္ခာနှင့် ပစ္စည်းကိရိယာများအား သယ်ဆောင်သွားသော ရုရှားကုန်တင်အာကာသယာဉ်တစ်စင်းအား ဇွန်၂၄ ရက်က ကာဇက်စတန်နိုင်ငံ ဘိုက်ကိုနာဒုံးပစ်စင်မှနေ၍ လွှတ်တင်ခဲ့သည်။

လွှတ်တင်

ပရိုဂရက် အမ်-၅၇ ကုန်တင်အာကာသယာဉ်အား ပစ္စည်းကိရိယာအသစ်များ၊ အောက်စီဂျင်ဘူးများ၊ စားနပ်ရိက္ခာများ၊ ရေနှင့်လောင်စာဆီ၊ အာကာသစခန်းအတွက် မရှိမဖြစ်လိုအပ်သော ကိရိယာများ အပါအဝင် ကုန်ပစ္စည်းတန်ချိန် ၂ ဒသမ ၅တန်ကျော် တင်ဆောင်လျက် စနေနေ့ ၁၉နာရီ၀၈မိနစ် မော်စကို စံတော်ချိန်(၁၅း၀၈ ဂျီအမ်တီ)တွင် အာရှအလယ်ပိုင်း မြက်ခင်းပြင်မှနေ၍ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ဆက်လက်ပျံသန်း

ယင်းအာကာသယာဉ်သည် သယ်ဆောင်သွားသော ဒုံးပျံဆိုယုဇ်-ယူမှ ခွဲထွက်သွားပြီး ၁၉ နာရီ ၁၇မိနစ် မော်စကိုစံချိန်(၁၅း၁၇ ဂျီအမ်တီ)တွင် သတ်မှတ်ထားသော ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း ပင်လယ်ရေမျက်နှာပြင်အထက် ကီလိုမီတာ ၂၀၀ သို့ ရောက်ရှိခဲ့ပြီး နိုင်ငံတကာအာကာသစခန်းသို့ ကြိုတင်ချိန်ကိုက်ထားသော အာကာသဝေဟင်လမ်းကြောင်း တစ်လျှောက် ဆက်လက်ပျံသန်းသွားခဲ့သည်။ ပရိုဂရက် အမ်-၅၇ကုန်တင်အာ ကာသယာဉ်သည် တနင်္လာနေ့ ၂၀နာရီ ၃၀မိနစ် မော်စကိုစံတော်ချိန်(၁၆း၃၀ ဂျီအမ်တီ)တွင် အာကာသစခန်းနှင့် ချိတ်ဆက်မည် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ

ရုရှားကုန်တင်အာကာသယာဉ်တစ်စင်းအား နိုင်ငံတကာ အာကာသစခန်းသို့ လွှတ်တင်နေသည်ကို ဇွန်၂၄ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဒေါ်လာအတုကိုင်ဆောင်သူနှစ်ဦးအား ဘင်္ဂလားဒေ့ရှ် ရဲတပ်ဖွဲ့ဖမ်းဆီး

ဒါကာ ဇွန် ၂၇

ဒါကာမြို့တော်အတွင်းရှိ ဒေသတစ်ခုတွင် အာဖရိကမှ လူနှစ်ဦးအား ဒေါ်လာအတုများရှာဖွေတွေ့ရှိခဲ့သဖြင့် ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့မှ ဇွန် ၂၃ ရက်က ဖမ်းဆီးလိုက်သည်။

၎င်းတို့ကို သောကြာနေ့ အစောပိုင်းက ဖမ်းဆီးထားလိုက်ခြင်းဖြစ်ကြောင်း၊ စားသောက်ဆိုင်တစ်ဆိုင်မှ ပိုင်ရှင်သည် ၎င်းတို့နှစ်ဦး ဆိုင်တွင် လာရောက်စားသောက်ကြပြီးနောက် ကျသင့်ငွေကို အမေရိကန် ဒေါ်လာအတု ၁၀၀ တန်ဖြင့် ပေးခဲ့ကြောင်း ရဲတပ်ဖွဲ့သို့ သတင်းပေးပို့ခဲ့သဖြင့် ဖမ်းဆီးလိုက်ခြင်း ဖြစ်ကြောင်း မီပါဒေသရှိ ရဲစခန်းမှ လက်ထောက်စစ်ဆေးရေးမှူး မာဘတ်က ဆင်ဟွာသတင်းသို့ ပြောကြားသည်။

ထိန်းသိမ်းထား

ဖမ်းဆီးထားသော လူနှစ်ဦးမှာ အသက် (၃၅) နှစ်ရှိ ဂါနာနိုင်ငံသား ဝီလျံအိုဘက်ဂ်ဆိုသူနှင့် အသက် (၃၆) နှစ်ရှိ ကင်မရွန်နိုင်ငံသား တန်ကန်ခရစ်စတန်ဆိုသူတို့ ဖြစ်ကြသည်။ ၎င်းတို့နှစ်ဦးကို ဒါကာ တရား ရုံးမှ ထိန်းသိမ်းထားလိုက်ပြီး ရဲတပ်ဖွဲ့ သို့ လွှဲပြောင်းပေးပြီးသည့်နောက်တွင် စစ်ဆေးမှုများ စတင်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အမ်အင်အေ၊ဆင်ဟွာ

အင်ဒိုနီးရှားနိုင်ငံ၌ လေယာဉ်လှုပ်

ဂျကာတာ ဇွန် ၂၇

အင်ဒိုနီးရှားနိုင်ငံ၏ ဆူလာဝေဆီကျွန်းတွင် ဇွန် ၂၅ ရက်က ရစ်ချ်တာစကေး ၅ဒသမ၈အဆင့်ရှိ ငလျင်တစ်ခု လှုပ်ခတ်သွားခဲ့သည်။ သို့ရာတွင် သေဆုံးမှုနှင့် ပျက်စီးမှုသတင်းကို မရရှိသေးကြောင်း မိုးလေဝသနှင့်ဘူမိရူပဗေဒဌာနက ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံမြောက်ပိုင်းရှိ ဆူလာဝေဆီကျွန်း ဂိုရွန်တေလိုမြို့၏ မိုင်၇၀ အကွာ ပင်လယ်ကြမ်းပြင်အောက် ၄၅ မိုင်ကို ဗဟိုပြုလှုပ်ခတ်သွားခဲ့သည်။ သို့ရာတွင် ဆူနာမီရေလှိုင်းများ ဖြစ်ပေါ်ခြင်း မရှိကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

ဂျင်းဘောင်းဘီပုံစံရုပ်တု

ဂျင်းဘောင်းဘီပုံစံရုပ်တုကြီးတစ်ခုကိုတွေ့ရစဉ်။ (ဝဲပုံ)

တရုတ်နိုင်ငံ ဟီနန်ပြည်နယ်အလယ်ပိုင်း ကျန်ကျူ့မြို့ရှိ စတိုးဆိုင်တစ်ဆိုင်၏အပြင်ဘက်တွင် ကြီးမားသော ဂျင်းဘောင်းဘီပုံစံ ရုပ်တုကြီးတစ်ခုကို ပြုလုပ်လျက်ရှိသည်။ ၎င်းဂျင်းဘောင်းဘီ ရုပ်တုကြီးသည် အမြင့် ၂၆ ပေ ရှိကြောင်း သိရသည်။ **(အင်တာနက်)**

အကြီးဆုံးအသုပ်ပန်းကန်

ဂင်းနက်စ်မှတ်တမ်းဝင်ကမ္ဘာ့ အကြီးဆုံးအသုပ်ပန်းကန်ကြီးကို တွေ့ရစဉ်။ (ယာပုံ)

ပါလက်စတိုင်း အနောက်ဘက်ကမ်း ရာမာလာမြို့တွင်ကျင်းပပြုလုပ်သည့် ပါတီပွဲတစ်ခုတွင် ရိုးရာအစားအစာ "တာဘိုလက်" အသုပ်ပန်းကန်ကြီး ပြုလုပ်၍ ဂင်းနက်စ် မှတ်တမ်းဝင်အောင် ထူးထူးခြားခြား လုပ်ဆောင်ပြခဲ့သည်။ **(အင်တာနက်)**

မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုလုပ်ရှားမှု ကျပန်းစကားပြောပြိုင်ပွဲ သူနာပြုတက္ကသိုလ်(ရန်ကုန်)၌ကျင်းပ

ရန်ကုန် ဇွန် ၂၇

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှု ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ သူနာပြုတက္ကသိုလ်(ရန်ကုန်)ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်များ၊ အကဲဖြတ်ဒိုင် အဖွဲ့ဝင်များ၊ရန်ကုန်တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သူနာပြုတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဌာနမှူးများ၊ ရန်ကုန်အနောက်ပိုင်းခရိုင်ရှိ ခရိုင်နှင့် မြို့နယ်များမှ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊မီးသတ်တပ်ဖွဲ့ဝင်များ၊ သူနာပြုတက္ကသိုလ်(ရန်ကုန်)မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌဒေါ်ခင်လေးမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် သဘာပတိအဖြစ် ဒေါ်စောမုံညင်းက ဆောင်ရွက်ပြီး ကျပန်းစကားပြောပြိုင်ပွဲနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အကဲဖြတ်ဒိုင်အဖွဲ့ဝင်များအဖြစ် ဒေါက်တာမတင်ဝင်း၊ ဒေါ်ချိုချိုတင်(မစန္ဒာ)၊ဆေးတက္ကသိုလ်(၂)ပါမောက္ခချုပ် ဒေါက်တာ သန်းနုရွှေ၊ မြန်မာစာဌာန အငြိမ်းစားပါမောက္ခ ဒေါ်မြမြဝင်း၊ အရှေ့တိုင်းပညာဌာန အငြိမ်းစားပါမောက္ခ ဒေါ်ခင်သိန်း၊ မီးယပ်နှင့် သားဖွားပညာဌာနပါမောက္ခဒေါက်တာဒေါ်ဝင်းဝင်းမြ နှင့် အဝေးသင်တက္ကသိုလ် သမိုင်းပညာဌာန ပါမောက္ခ ဒေါ်မိုမိုသန့်တို့က ဆောင်ရွက်ကြသည်။

ထို့နောက် ပြိုင်ပွဲဝင်များဖြစ်ကြသော သူနာပြုတက္ကသိုလ်(ရန်ကုန်)မှ သူနာပြုသိပ္ပံ(ပုံမှန်)ပထမနှစ် ကျောင်းသူ မမေချိုဇင်က **“ပခက်လွှဲသောလက်သည် ကမ္ဘာကို စိုးမိုး၏”** ခေါင်းစဉ်ဖြင့် လည်းကောင်း၊ သူနာပြုသိပ္ပံ (ပုံမှန်) ပထမနှစ်ကျောင်းသူ မသဲနှင်းစိုးက **“ဂုဏ်ရည်ဝင့်ကြွား၊ မြန်မာအမျိုးသမီးများ”** ခေါင်းစဉ်ဖြင့် လည်းကောင်း၊ သူနာပြုသိပ္ပံ (ပုံမှန်) ပထမနှစ်ကျောင်းသူ မအိသန္တာဝင်းစုက **“မိန်းမတို့ ဣန္ဒြေ၊ ရွှေပေးလို့မရ”** ခေါင်းစဉ်ဖြင့် လည်းကောင်း၊သူနာပြုသိပ္ပံ(ပုံမှန်) ဒုတိယနှစ်ကျောင်းသူ မဇင်မီမီက **“ထူးခြားထက်မြက်သော မြန်မာအမျိုးသမီးများ”** ခေါင်းစဉ်ဖြင့်လည်းကောင်း၊ သူနာပြုသိပ္ပံ (ပုံမှန်) ဒုတိယနှစ်ကျောင်းသူ မနန်းခမ်းလင်းက **“ယဉ်ကျေးလိမ္မာ မြန်မာအမျိုးသမီးတို့၏ အစဉ်အလာ”** ခေါင်းစဉ်ဖြင့် လည်းကောင်း၊ သူနာပြုသိပ္ပံ(ပုံမှန်) ဒုတိယနှစ် ကျောင်းသူ မခင်လှဲ့လှဲ့ဝင်းက **“မြန်မာအမျိုးသမီးတို့၏တန်ဖိုးနှင့်စွမ်းဆောင်ရည်”** ခေါင်းစဉ်ဖြင့် လည်းကောင်း အသီးသီး ပြိုင်ပွဲဝင် ယှဉ်ပြိုင်ကြသည်။

သီဆိုဖျော်ဖြေ

ဆက်လက်၍ သူနာပြုသိပ္ပံ(ပုံမှန်) စတုတ္ထနှစ် ကျောင်းသူလေးများက “စည်းလုံးခြင်းအတွက်သီချင်းတစ်ပုဒ်” တေးသီချင်းဖြင့် ကပြဖျော်ဖြေကြပြီး သူနာပြုသိပ္ပံ (ပေါင်းကူး) ပထမနှစ် ကျောင်းသူလေးများက တေးသံရှင် အယ်လ်ခွန်းရီ၏ **“အင်အားသစ်များနှင့်အတူ”** မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုတေးသီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော၂၀၀၆ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ်အကြိုလှုပ်ရှားမှု ကျပန်းစကားပြောပြိုင်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့်က ပထမဆုရ သူနာပြုသိပ္ပံ(ပုံမှန်)ပထမနှစ်ကျောင်းသူ မသဲနှင်းစိုး၊ ဒုတိယဆုရ သူနာပြုသိပ္ပံ(ပုံမှန်) ဒုတိယနှစ်ကျောင်းသူ မဇင်မီမီနှင့် တတိယဆုရ သူနာပြုသိပ္ပံ(ပုံမှန်) ဒုတိယနှစ်ကျောင်းသူ မနန်းခမ်းလင်းတို့အား ဆုများချီးမြှင့်သည်။

ယင်းနောက်မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲကျင်းပရေး အဖွဲ့ခေါင်းဆောင် ဒေါ်နီနီဝင်းက နှစ်သိမ့်ဆုရရှိသူများအား ဆုများချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးမြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက် မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှု ကျပန်းစကားပြောပြိုင်ပွဲတွင် ဒုတိယဆုရ သူနာပြုသိပ္ပံ (ပုံမှန်) ဒုတိယနှစ်ကျောင်းသူ မဇင်မီမီအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့

၂၀၀၆ ခုနှစ်၊ ဇူလိုင်လ (၃)ရက်

MYANMAR WOMEN'S DAY

3rd JULY 2006

အမျိုးသမီးရေးရာ စေတနာ

* အမျိုးသမီးရေးရာ၊ ပြည်မြန်မာ၌
ကြီးစွာကျိုးပြု၊ အမျိုးသမီးထုကို
ပြုစုပျိုးထောင်၊ မြေတောင်မြှောက်၍
စောင့်ရှောက်ပြုပြင်၊ ပညာသင်စေ
အဆင်ပြေရေး၊ ကူညီပေးလျက်။

* ဘဝပျက်လမ်း၊ လက်တစ်ကမ်းဝယ်
အန္တရာယ်ဘေး၊ ကယ်ဆယ်ပေး၍
ခွေးထွေးတူမျှ၊ အမျိုးသမီးဘဝကို
လှပစေတာ၊ စေတနာမို့
မြန်မာအမျိုးသမီး ကဏ္ဍမြှင့်တင်ဖို့။
မြန်မာအမျိုးသမီးနေ့ကို ကြိုဆိုစို့။ ။

(၂၀၀၆ခုနှစ် ဇူလိုင်လ ၃ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုလျက်-)

နန်းမွန်ဟိန်း

ပခုက္ကူ ဦးအုံးဖေ စာပေဆုရ စာအုပ်များ ဖြန့်ချိ

ရန်ကုန် ဇွန် ၂၇

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ပခုက္ကူ ဦးအုံးဖေစာပေဆုရ စာအုပ်များကို ဖြန့်ချိရောင်းချနေပြီ ဖြစ်သည်။

အဆိုပါ စာအုပ်များမှာ ၂၀၀၃ခုနှစ် ပခုက္ကူ ဦးအုံးဖေစာပေဆု သုတေသနစာပေ ဒုတိယဆုရဦးဆောင်း(သစ်တော)၏ **“ရွှေ့ပြောင်းတောင်ယာ”** စာအုပ်၊ ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ ကျော်ဖုန်းမြင့်(ဓာတုဗေဒ)၏ **“ချစ်စရာ စားစရာနှင့် အခြားဝတ္ထုတိုများ”** စာအုပ်၊ ဝတ္ထုတိုပေါင်းချုပ် တတိယဆုရ ကိုဇော်ငွေး(ယဉ်ကျေးမှု) ၏ **“သောင်းစုနှစ်၏အလင်္ကာညများ”** စာအုပ်၊ ၂၀၀၄ခုနှစ် ပခုက္ကူဦးအုံးဖေစာပေဆု ဝတ္ထုရှည် ပထမဆုရ သွဲ့ထားညို (သက္ကလ)၏ **“ရနံ့သင်းသော ပန်းတစ်ခင်း”** စာအုပ်နှင့် ဝတ္ထုတိုပေါင်းချုပ် ဒုတိယဆုရ ရွှေညာသား မြတ်မင်း၏ **“ကျေးလက်ရှုခင်းဝတ္ထုတိုများ”** စာအုပ်တို့ ဖြစ်သည်။

အဆိုပါစာအုပ်များကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ မန္တလေးမြို့ ရတနာပုံဈေးသစ် (ဒုတိယထပ်)ရှိ စာပေဗိမာန်စာအုပ်ဆိုင်နှင့် ရန်ကုန်နှင့် နယ်များရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မုံလယ်တောရဓမ္မရိပ်သာ ဝါတွင်းတရားစခန်းပွဲများ

ရန်ကုန် ဇွန် ၂၇

နှစ်စဉ်ကျင်းပမြဲဖြစ်သော ပဲခူး ၁၀ မိုင်ကုန်း မိုးကုတ်ဝိပဿနာ မုံလယ်တောရ ဓမ္မရိပ်သာ ခုနစ်ရက်တရားစခန်းပွဲများကို ဇူလိုင် ၇ ရက်မှ ၁၅ ရက်အထိတစ်ကြိမ်၊ ဩဂုတ် ၅ ရက်မှ ၁၃ ရက်အထိတစ်ကြိမ်၊ စက်တင်ဘာ ၂ ရက်မှ ၁၀ ရက်အထိ တစ်ကြိမ် တရားစခန်းပွဲများကို ကျေးဇူးတော်ရှင် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တသံဝရ မုံလယ်ဆရာတော်ကြီးကိုယ်တိုင် တရားချီးမြှင့်မည်ဖြစ်သည်။ တရားစခန်းဝင်လိုသူယောဂီများသည် ဇူလိုင် ၇ ရက်၊ ဩဂုတ် ၅ ရက်၊ စက်တင်ဘာ ၂ ရက်များတွင် ညနေအရောက် လာရောက်ကြရန် နှိုးဆော်ထားပြီး ဖုန်း–၂၄၇၅၇၆၊ ၅၂၆၄၁၈နှင့် ၅၄၀၈၀၅တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

■ **ကျောဖုံးမှ**

ယင်းသို့ ပြန်လည် မထွက်ခွာမီ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ဧည့်ခန်းမ၌ ထိုင်းဘုရင့်ရေတပ် ဦးစီးချုပ်အား ချစ်ကြည်ရေးခရီးစဉ်မှတ်တမ်းဓာတ်ပုံ အယ်လ်ဘမ်နှင့် ဗီဒီယိုတိပ်ခွေတို့ကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်သည်။

ပို့ဆောင်နှုတ်ဆက်

ယင်းနောက် ထိုင်းနိုင်ငံ ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ်နှင့်ဇနီး အဖွဲ့ဝင်များသည် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာကြရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့်ဇနီး၊ တာဝန်ရှိသူများက ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ် Commander in Chief Royal Thai Navy Admiral Satirapan Keyanon အား ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်ဧည့်ခန်းမ၌ ချစ်ကြည်ရေးခရီးစဉ် မှတ်တမ်းဓာတ်ပုံအယ်လ်ဘမ်နှင့် ဗီဒီယိုတိပ်ခွေတို့ကို အမှတ်တရလက်ဆောင်အဖြစ် ပေးအပ်စဉ်။ (သတင်းစဉ်)

စတုတ္ထအကြိမ် စာပေညီလာခံ ဂုဏ်ပြုငွေလှူဒါန်း

ရန်ကုန် ဇွန် ၂၇

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ စတုတ္ထအကြိမ်စာပေညီလာခံကို ဂုဏ်ပြုသောအားဖြင့် အလှူငွေနှင့်ပစ္စည်းများ ပေးပို့လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်ကိုယ်စား ကျိုင်းတုံမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌဦးဘိုသိန်း(တောင်တွင်းဘိုသိန်း)**(အောက်ပုံ)**က ငွေကျပ်သုံးသိန်း၊ တာမိုညဲချမ်းသာကူးသန်းရောင်းဝယ်ရေးကုမ္ပဏီ အုပ်ချုပ်မှုဒါရိုက်တာ ဦးသူရလွင်က ငွေကျပ်နှစ်သိန်းခွဲတန်ဖိုးရှိ Tah Moe Nye Region the beauty of Shan State စာအုပ်အုပ်ရေ ၂၅၀၊ စွမ်းအင်ဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးတင်ထွဋ် (စာရေးဆရာတင်ထွဋ် အစိုးရတိုင်းရင်းဆေး)က ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ အဓိကဆေးဝါးခြောက်မျိုးအတွက် ဆေးဝါးများနှင့်တိုင်းရင်းဆေးခန်းသုံးဆေးများတွင် အသုံးပြုသောအစွမ်းထက် မြန်မာ့တိုင်းရင်းဆေးပင်များစာအုပ်၃၀၀၊ ဒေါပုံမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ်တစ်သိန်းငါးသောင်းတန်ဖိုးရှိ သုတရသစာအုပ်စုံအုပ် ၂၅၀၊ တင်ရွှေစာပေက ငွေကျပ်တစ်သိန်း၊ ကိုမိုးဇော်-မဝါ(မင်းကြီးကြိုက်နှင့်မောင့်မူ ပိုင်လုံချည်ရောင်းဝယ်ရေးလုပ်ငန်း)က ငွေကျပ်သုံးသောင်း၊ မိုးညှင်းမြို့နယ်စာပေနှင့်စာနယ်ဇင်းက ငွေကျပ်နှစ်သောင်း၊ ဒေါ်ဆွေမြင့်-ပုသိမ်က ငွေကျပ်တစ်သောင်းငါးထောင်၊ Forever Sports ဂျာနယ်က ငွေကျပ်တစ်သောင်းငါးထောင်၊ နဂါးမင်းစာပေက ငွေကျပ်တစ်သောင်းငါးထောင်၊ ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ)က ငွေ ကျပ်တစ်သောင်းတစ်ထောင့်ခုနစ်ရာ၊ ဦးကျော်စွာ-ဒေါ်စန်းစန်းမြင့်က ငွေကျပ်တစ်သောင်း၊ စာရေးဆရာ နေအောင်အောင်(ဂျိန်းဖော့မြေ)က ငွေကျပ်တစ်သောင်း၊ အလုံမြို့နယ်စာပေနှင့် စာနယ်ဇင်း ဒုတိယဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးက ငွေကျပ်တစ်သောင်း၊ အလုံမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့က ငွေကျပ်တစ်သောင်း၊ စာရေးဆရာ(အောင်လံ-ဆိုးပေ)က ငွေကျပ်ငါးထောင်၊ တိုက်ကြီးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ်ငါးထောင်၊ စာရေးဆရာကော့မှူးသောင်းရွှေက ငွေကျပ်ငါးထောင် အသီးသီးပေးအပ်လှူဒါန်းကြသည်။

လှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေလှူဒါန်းလိုပါက ရန်ကုန်မြို့ ကျိုက္ကဆံကွင်း ပြည်ထောင်စုခန်းမ (စီမံခန့်ခွဲရေးကော်မတီရုံး) ၀၉ ၅၀-၀၅၁၆၂ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား ယူနီဆက်ဌာနေကိုယ်စားလှယ် လာရောက်တွေ့ဆုံနှုတ်ဆက်

နေပြည်တော် ဇွန် ၂၇

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား မြန်မာနိုင်ငံဆိုင်ရာကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့(ယူနီဆက်)ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha သည် ယနေ့မွန်းလွဲ၁နာရီတွင် နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံးရှိ ဝန်ကြီး၏ ဧည့်ခန်းမသို့လာရောက် တွေ့ဆုံနှုတ်ဆက်သည်။ **(အောက်ပုံ)**

ထိုသို့တွေ့ဆုံနှုတ်ဆက်ရာတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အတူ ပြန်ကြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ရုံးအဖွဲ့မှူးတို့လည်း တက်ရောက်ကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၈-၆-၂၀၀၆ရက် (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၀	၅။	အတီးပြိုင်ပွဲ
၈း၀၀	၆။	မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
၈း၁၀	၇။	အဆိုပြိုင်ပွဲ
၈း၂၀	၈။	ပမ္မဝတီတံတား(မြင်းကဆိပ်)
၈း၃၀	၉။	International News
၈း၄၅	၁၀။	Let's Go

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Practice in Reading
၁၆း၄၅	၄။	အဝေးသင်တက္ကသိုလ် ပညာရေး ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၁၇း၀၀	၅။	တိုင်းရင်းသား ရိုးရာတေးသံသာ
၁၇း၁၅	၆။	အတီးပြိုင်ပွဲ
၁၇း၂၀	၇။	သီချင်းကြီးပဒေသာ
၁၇း၃၀	၈။	မြန်မာစာ မြန်မာစကား
၁၇း၄၀	၉။	**"တန်ဖိုး"** ညီညီနေနိုင်၊ လှိုင်ဖြူဖြူထွဏ်း (ဒါရိုက်တာ-သက်တင်)
၁၇း၄၅	၁၀။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၁၈း၀၀	၁၁။	ညနေခင်းသတင်း
၁၈း၃၀	၁၂။	မိုးလေဝသအခြေအနေ
၁၈း၃၅	၁၃။	သုတစုံလင် ရွှေဉာဏ်ရှင်
၁၉း၀၅	၁၄။	**"လှေကားသုံးထစ် ဆင်းတဲ့အခါ"** အရိုင်း၊ မင်းသူ၊ အေးသီတာ [ဒါရိုက်တာ-သိန်းဟန်(ဖီးနစ်)]
၁၉း၂၀	၁၅။	မြန်မာမှုပန်းဆယ်မျိုး (ပန်းယွန်း)
၁၉း၂၅	၁၆။	ဝင့်ထည်တိုးပွား ဆားလင်းကြီးရဲ့စွမ်းအား
၁၉း၃၅	၁၇။	စာပဒေသာ
၁၉း၄၅	၁၈။	မြန်မာနိုင်ငံအမျိုးသမီးရဲတပ်ဖွဲ့ဝင်များ၏ စွမ်းရည်ပြပွဲ
၂၀း၀၀	၁၉။	ပြည်တွင်းသတင်း
	၂၀။	နိုင်ငံတကာသတင်းများ
	၂၁။	မိုးလေဝသအခြေအနေ
	၂၂။	**"လေဆန်ငှက်တို့ အိမ်အပြန်"** စုလှိုင်နှင်း၊ ပပဝင်းခင်၊ သင်းသင်းယုလှိုင် (ဒါရိုက်တာ-စင်ရော်မောင်မောင်)

တန် ၂၈၀၀ပါ စားအုန်းဆီသင်္ဘောရောက်ရှိ

ရန်ကုန် ဇွန် ၂၇

နိုင်ငံတော်အစီအစဉ်ဖြင့် မလေးရှား၊ အင်ဒိုနီးရှားနှင့် စင်ကာပူနိုင်ငံတို့မှ စားအုန်းဆီများကို တင်သွင်းကာ ပြည်သူလူထုသို့ သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးလျက်ရှိရာ စားအုန်းဆီတန်ချိန် ၂၈၀၀ပါ MT.Bergprai သင်္ဘောသည် ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ အေးရှားဝေါလ်ဆိပ်ကမ်းသို့ ဆိုက်ကပ်လာသည်။ **(အောက်ပုံ)**

အလားတူ ဇွန်၂၉ရက်တွင် စားအုန်းဆီတန်ချိန် ၂၉၀၀ပါ သင်္ဘောတစ်စင်းနှင့် ဇွန်၃၀ရက်တွင် စားအုန်းဆီတန်ချိန် ၂၇၅၀ပါ သင်္ဘောတစ်စင်းတို့ ထပ်မံဆိုက်ကပ်လာမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အင်တာနက်သတင်းနှင့်ဓာတ်ပုံ

မုန်တိုင်းဒဏ်ခံနိုင်မည့်နေအိမ်များ တည်ဆောက်ရန်စီစဉ်နေ

ဟာရီကိန်းမုန်တိုင်း ဒဏ်ကို ရင်ဆိုင်ပြီး ကြံ့ကြံ့ခံနိုင်မည့် နေအိမ်များ ဆောက်လုပ်ရန်အတွက် သုတေသနပညာရှင်များ စဉ်းစားနေကြပြီဖြစ်သည်။ ဟာရီကိန်းမုန်တိုင်းအပြင် အခြားသောမုန်တိုင်းဒဏ်များကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသည့်နေအိမ်များနှင့် ခိုကိုးရာမဲ့ဖြစ်နေသော မိသားစုများအတွက်လိုအပ်သော နေအိမ်မျိုးဖြစ်ရန် လိုအပ်သည်ဟု ကနေဒါနိုင်ငံရှိ သုတေသနပညာရှင်များက ပြောကြားသည်။

ထုတ်လုပ်

သုတေသနပညာရှင်များ အနေဖြင့် တစ်နာရီကီလိုမီတာ ၃၂၀ခန့် တိုက်ခတ်သည့် လေမုန်တိုင်းများဒဏ်ကို ခံနိုင်ရည်ရှိရန် ကွန်ပျူတာ အသုံးပြုပုံစံများကို ထုတ်လုပ်နေပြီဖြစ်သည်။

စဉ်းစားနေ



အဆိုပါနေအိမ်ပုံစံများကို အကြိမ်ကြိမ် စမ်းသပ်ပြီးမှသာ ပြည်သူများထံ ဖြန့်ဝေပေးမည်ဖြစ်ပြီး နေအိမ်တည်ဆောက်ရာတွင်လည်း ကျွမ်းကျင်သူများက လိုက်ပါကူညီပေးနိုင်ရန်အတွက် စဉ်းစားလျက်ရှိနေကြသည်။

မုန်တိုင်းဒဏ်ခံသော နေအိမ်ကို တိကျစွာ မထုတ်ပြန်နိုင်သေးသော်လည်း ယခုလောလောဆယ်တွင်မူ တစ်ထပ်အိမ်ပုံစံမျိုးကို စဉ်းစားရွေးချယ်ထားသည်။ ၎င်းအိမ်ပုံစံမှာ မြေပြင်တွင် အခိုင်အခံ့တည်ဆောက်ထားသော တစ်ထပ်အိမ်အမျိုးအစားဖြစ်ပြီး ဟာရီကိန်းဆိုင်ရာ သတင်းအချက်များရရှိစေမည့် စက်တစ်ခုကိုလည်းထည့်သွင်း တပ်ဆင် ပေးထားမည်ဖြစ်ကြောင်း သိရသည်။

(အင်တာနက်)

● *ကျောဖုံးမှ*

အလေးထားဆက်ဆံ

ပထမဦးစွာ ကျောက်စိမ်းအရိုင်းတစ်တုံးကို အနီးကပ်ကြည့်ရှုစစ်ဆေးနေသော တရုတ်နိုင်ငံမှ ကျောက်မျက်ကုန်သည်တစ်ဦး မစ္စတာယန်းဟွမ်လင်အား ကျောက်မျက်ဝယ်ယူမှုနှင့် ပတ်သက်ပြီးမေးမြန်းရာ "ကျွန်တော်က တရုတ်နိုင်ငံ ကွမ်တုံကပါ။ ၁၉၉၅ ခုနှစ်က စပြီး ကျောက်မျက် ရောင်းချပွဲတိုင်း လာဝယ်ဖြစ်တယ်။ အခု ကျောက်စိမ်းအတွဲ နှစ်တွဲ ဝယ်ပြီးပါပြီ။ ဆက်ပြီးတော့လဲ ဝယ်ဦးမှာ၊ ဒီပြပွဲမှာ ခင်းကျင်းထားတဲ့ ကျောက်တွေက အရင်ထက်ပိုများတယ်။ နေရာကျယ်တော့ ကျောက်တွေ ကြည့်ရတာ လွတ်လပ်တယ်၊ စိတ်ချမ်းသာတယ်။ ကျောက်ဝယ်ရတာ အဆင်ပြေပါတယ်။ ပြည်ပကျောက်မျက် ကုန်သည်တွေကို အလေးထားဆက်ဆံတဲ့အတွက် ဝမ်းသာမှုဖြစ်ရပါတယ်" ဟု မြန်မာ့အလင်းသို့ ပြောကြားသည်။

ကျောက်စိမ်းပဲစိတ်ဝင်စား

ထို့နောက် အရည်ကျောက်များကို မက်မက်မောမောကြည့်ရှု လေ့လာနေသည့် ကျောက်မျက်ကုန်သည် မစ္စစ်လူဝမ်ကျင်းအား မေးမြန်းခဲ့သည်။ မစ္စစ်လူဝမ်ကျင်းမှာ တရုတ်နိုင်ငံ ပေကျင်းမြို့မှဖြစ်ပြီး ကျောက်မျက်များအနက် ကျောက်စိမ်းကို အထူးစိတ်ဝင်စားသူဖြစ်သည်။ မစ္စစ်လူဝမ်ကျင်းက "ဒါပထမဆုံး အကြိမ်ရောက်ဖြစ်တာပါ။ ကျောက်မျက်တွေ အရည်အသွေး ကောင်းတယ်။ ကြည့်ရတာ အဆင်ပြေတယ်။ အခုတော့ ကျောက်စိမ်းတွေကြည့်နေဆဲပါ။ ကြိုက်ရင် ကျောက်စိမ်းပဲဝယ်ဖြစ်မှာပါ။ တရုတ်ပြည်မကြီးက ကျောက်မျက်ကုန်သည်တွေက မြန်မာ့ကျောက်စိမ်းကို အရမ်းသဘောကျတယ်၊ နောက်ဆို မကြာမကြာရောက်ဖြစ်မှာ၊ မိသားစုလဲ နောက်အကြိမ်တွေကျရင် ခေါ်လာမယ်"ဟု ပြောကြားသည်။ မစ္စစ်

"၁၉၉၅ ခုနှစ်ကစပြီး အကြိမ်တိုင်း ရောက်တယ်၊ အခု ကျောက်စိမ်း နှစ်တွဲ ဝယ်ပြီးပြီ၊ နောက်ထပ်ဝယ်ဦးမယ်"
တရုတ်နိုင်ငံမှ ကျောက်မျက်ကုန်သည် မစ္စတာယန်းဟွမ်လင်
ဓာတ်ပုံမှတ်တမ်း–တင်စိုး (မြန်မာ့အလင်း)

လူဝမ်ကျင်းမှာ ပေကျင်းကျောက်မျက်ဌာနတွင်လည်း လက်ထောက် မန်နေဂျာတစ်ဦးအဖြစ် လုပ်ကိုင်နေသူဖြစ်ကြောင်းသိရသည်။

ဒုတိယအကြိမ်လာရောက်

တစ်ဖန် တရုတ်နိုင်ငံ ကွမ်တုန်မြို့မှ ကျောက်မျက်ကုန်သည်တစ်ဦးဖြစ်သူ မစ္စတာလီဗိန်းအား မေးမြန်းရာ "အခုအကြိမ်က ဒုတိယမြောက်ဖြစ်ပါတယ်၊ အခု ကျောက်မျက်တွေကို ကြည့်ရှုနေဆဲပါ၊ ကြိုက်တာတွေ့ရင် ဝယ်ဖြစ်မယ်၊ ကြိုက်တာတွေကလဲ များနေတယ်။ အခုလို ကျောက်မျက်အရိုင်းတုံးတွေအများကြီးကြည့်ရတာ အားရတယ်။ ကျောက်မျက်အရည်အသွေးလိုက် ဈေးနှုန်းတွေလဲ သင့်ပါတယ်။ ပြည်တွင်းမှာ ရှိတဲ့ ကျောက်မျက် ကုန်သည်တွေနဲ့လဲ တွေ့ဆုံဆွေးနွေးခွင့်ရတဲ့ အတွက် ဝမ်းသာရပါတယ်"ဟု မြန်မာ့အလင်းသို့ ဖြေကြားသွားသည်။

ထို့နောက် ပြည်တွင်းမှ ကျောက်မျက်ကုန်သည်များနှင့်လည်း တွေ့ဆုံမေးမြန်းခဲ့ရာ မြန်မာနိုင်ငံကျောက်မျက်ကုန်သည်များအသင်းဖြစ်မြောက်ရေးကော်မတီ အတွင်းရေးမှူးနှင့် အေးအေးခိုင်ကျောက်မျက်ရတနာကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာဖြစ်သူ ဦးစိုးနိုင်က "ကျောက်မျက်လုပ်ငန်းကို ၁၉၈၇ခုနှစ်က စလုပ်တာပါ၊ ကျောက်စိမ်းအချောထည်လုပ်ငန်းတွေ စလုပ်ပြီးနောက်ပိုင်း ၁၉၉၃ခုနှစ်က စပြီး နိုင်ငံတော်နဲ့ဖက်စပ်လုပ်ကိုင်ခဲ့ပါတယ်။ နိုင်ငံတော်က ကျောက်မျက်လုပ်ကွက်တွေ ချပေးပြီးနောက် ပြပွဲတွေမှာ ကျောက်မျက်တွေတင်ပြီး ပြသရောင်းချခဲ့ခြင်း ဖြစ်ပါတယ်။ အရင်က ကျောက်ထွက်နှုန်းက တစ်နှစ်ကို ကျောက်မျက်တန်ချိန် ၁၅၀၀ တန်နဲ့ တန် ၂၀၀၀အကြားထွက်ရှိခဲ့ပြီး ပြည်ပကုန်သည်တွေလာရောက်မှုကလဲ ၂၀၀လောက်ပဲရှိတယ်။ အခု ကျောက်မျက်ထွက်ရှိမှု တန်ချိန် ၆၀၀၀နဲ့ ၈၀၀၀လောက်ထွက်ရှိနေသလို ပြည်ပ ကုန်သည်တွေကလဲ ၁၅၀၀လောက်လာနေကြတော့ အားလုံး အဆင်ပြေအောင် မြန်မာကွန်ဗင်းရှင်းစင်တာဝင်းမှာ ခင်းကျင်းပြသတာမို့ ကုန်သည်တွေရော ကျောက်မျက်ခင်းကျင်းပြသမှုတွေပါ အဆင်ပြေသွားပါတယ်"ဟု မြန်မာ့အလင်းသို့ ရှင်းပြသည်။

ဦးစိုးနိုင်က "ကျောက်စိမ်း ၄၈၉တန် ပြသထားကြောင်း၊ နှစ်ရက်အတွင်းမှာ အတွဲပေါင်း ၃၈တွဲရောင်းချခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံကျောက်မျက် ဈေးကွက်သည် ကြီးမားလာကြောင်း၊ ပြည်ပကုန်သည်များပိုမိုလာရောက်ဝယ်ယူမှုကြောင့် နိုင်ငံတော်အတွက် အကျိုးရှိသလို၊ ဟိုတယ်လုပ်ငန်းနဲ့ပို့ဆောင်ရေးလုပ်ငန်းတွေလဲ အကျိုးရှိကြောင်း" မြန်မာ့အလင်းသို့ပြောကြားသွားသည်။

အဓိကထား

တစ်ဖန် ပြည်တွင်းကျောက်မျက်ကုန်သည်တစ်ဦးဖြစ်သော ပတ္တမြားနဂါးကုမ္ပဏီနှင့် ကျောက်စိမ်းနဂါးကုမ္ပဏီတို့၏ ဥက္ကဋ္ဌ မြန်မာနိုင်ငံကျောက်မျက်ကုန်သည်များအသင်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌလည်း ဖြစ်သူ ဦးနေဝင်းထွန်းနှင့်တွေ့ဆုံမေးမြန်းရာ "ကျောက်မျက်၊ ကျောက်စိမ်းတူးဖော်ရေးတွေကို အဓိကထားလုပ်ကိုင်နေပြီး ယခုကျောက်မျက်ပွဲ၌ ကျောက်စိမ်းအတွဲပေါင်း ၁၄ တွဲခန့် တင်ထားကြောင်း၊ ကျောက်မျက်ရောင်းချပွဲတိုင်းလဲ တင်ပြရောင်း

"ယခု ကဲ့ သို့ ကျောက်မျက်လုပ်ငန်း ဖွံ့ဖြိုးအောင် လမ်းညွှန်ပေးခဲ့တဲ့ နိုင်ငံတော် အကြီးအကဲကို ကျေးဇူးတင်"
ဦးနေဝင်းထွန်း (ပတ္တမြား နဂါး ကုမ္ပဏီနှင့်ကျောက်စိမ်းနဂါး ကုမ္ပဏီ ဥက္ကဋ္ဌ) **ဓာတ်ပုံမှတ်တမ်း–တင်စိုး (မြန်မာ့အလင်း)**

"ကျောက်မျက်ဈေးကွက်ကြီးမားလာလို့ နိုင်ငံတော်အတွက်လဲ အကျိုးရှိ၊ ပြည်တွင်းလုပ်ငန်းရှင်တွေအတွက်လဲ အကျိုးရှိတယ်"
ဦးစိုးနိုင်(အေးအေးခိုင် ကျောက်မျက်ရတနာ ကုမ္ပဏီမှ မန်နေဂျင်း ဒါရိုက်တာ) **ဓာတ်ပုံမှတ်တမ်း–တင်စိုး (မြန်မာ့အလင်း)**

ဈေးကွက်ကြီးမား

ယခု အထူးကျောက်မျက်ရောင်းချပွဲ၌ ကျောက်မျက်များ ပါဝင်ခင်းကျင်းပြသရောင်းချမှုနှင့်ပတ်သက်ပြီး

"ကျောက်စိမ်းတွေ အရည်အသွေး ကောင်းတယ်၊ အခုထိ ကြည့်နေတုန်းပဲ၊ ကျောက်စိမ်းတွေဝယ်ဖြစ်မှာပါ"
တရုတ်နိုင်ငံပေကျင်းမြို့မှကျောက်မျက်ကုန်သည် မစ္စစ်လူဝမ်ကျင်း
ဓာတ်ပုံမှတ်တမ်း–တင်စိုး (မြန်မာ့အလင်း)

ချခဲ့ကြောင်း၊ ယခုခင်းကျင်းပြသသည့်နေရာသည် နေရာကျယ်ဝန်းပြီး ကျောက်ဈေးကွက် အင်္ဂါရပ်နှင့်လဲညီကြောင်း၊ အမြဲတမ်းလက်တွဲခေါ်ယူကာ ကူညီပေးသည့် သတ္တုတွင်းဝန်ကြီးဌာနကိုလဲ ကျေးဇူးတင်ပါကြောင်း၊ မကြာမီ မြန်မာနိုင်ငံကျောက်မျက်ကုန်သည်များအသင်းဖြစ်ပေါ်လာတော့မည်ဖြစ်ရာ ကျောက်မျက်လုပ်ငန်း ပိုမိုဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ ကျောက် မျက်လုပ်ငန်းဖွံ့ဖြိုးအောင် လမ်းညွှန်ပေးခဲ့သည့် နိုင်ငံတော် အကြီးအကဲကိုလဲ ကျေးဇူးတင်ပါကြောင်း" ပြောကြားသွားသည်။

ကျောက်မျက်ဈေးကွက်

မြန်မာ့ကျောက်မျက်လုပ်ငန်းသည် အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာလျက်ရှိရာ ခင်းကျင်းပြသခဲ့သည့် ကျောက်မျက်ရောင်းချရေးပြပွဲ တစ်ပွဲထက် တစ်ပွဲ ပိုမိုအောင်မြင်လျက်ရှိသည်။ ပြည်ပမှ ကျောက်မျက်ကုန်သည်များလည်း လာရောက်ဝယ်ယူမှု များပြားလာလျက်ရှိရာ မကြာမီကာလအတွင်း ကမ္ဘာ့အဆင့်မီကျောက်မျက်ဈေးကွက်တစ်ခုအဖြစ်သို့ ရောက်ရှိလာမည်မှာ ဧကန်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

"ဒုတိယ အကြိမ်မြောက် ရောက်ဖြစ်တာပါ၊ ကျောက်မျက်အရိုင်းတုံးတွေ အများကြီးကြည့်ရတာအားရတယ်"
မစ္စတာလီဗိန်း(တရုတ်နိုင်ငံ ကွမ်တုံမြို့မှ ကျောက်မျက်ကုန်သည်)
ဓာတ်ပုံမှတ်တမ်း–တင်စိုး (မြန်မာ့အလင်း)

ကျောက်စိမ်းအတွဲများတင်ဒါစနစ်ဖြင့်ရောင်းချ ကျောက်စိမ်းအတွဲပေါင်း၁၉၁၉တွဲရောင်းချရ

ရန်ကုန် ဇွန် ၂၇

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီနာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ် အုန်းမြင့်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ ခန်းမဆောင်၌ ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား ကျောက်စိမ်းအတွဲများ တင်ဒါစနစ်ဖြင့် ရောင်းချနေမှုကို ကြည့်ရှုအားပေးပြီး ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

၂၀၀၆ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲ အစီအစဉ်အရ ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်း စင်တာဝင်းအတွင်းရှိ ခန်းမဆောင်၌ ပြည်တွင်းပြည်ပ ရတနာကုန်သည်များအား ကျောက်စိမ်းအတွဲများကို တစ်ဒါစနစ်ဖြင့် ရောင်းချရာ ညနေ ၄ နာရီအထိ ကျောက်စိမ်းအတွဲပေါင်း ၆၇၂ တွဲကို ရောင်းချရသည်။

ရောင်းချ

အထူးရတနာရောင်းချပွဲတွင် ကျောက်စိမ်းအတွဲများကို ဇွန် ၂၄ ရက်မှ ယနေ့အထိ တင်ဒါစနစ်ဖြင့် ရောင်းချခဲ့ရာ လေးရက်အတွင်း ကျောက်စိမ်းအတွဲပေါင်း ၁၉၁၉ တွဲကို ရောင်းချခဲ့ရသည်။

ကျန်ရှိသော ကျောက်စိမ်းအတွဲပေါင်း ၃၅၉ တွဲကို ဇွန် ၂၈ ရက်မှ ဇူလိုင် ၄ ရက်အထိ ဈေးပြိုင်စနစ်ဖြင့် ရောင်းချ သွားမည်ဖြစ်သည်။

၂၀၀၆ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်၊ ပုလဲအထူးရောင်းချပွဲသို့ ဇွန် ၂၀ ရက်မှ ယနေ့ညနေ ၄ နာရီအထိ ပြည်ပနိုင်ငံ ကိုးနိုင်ငံ၊ ကုမ္ပဏီ ၃၉၆ ခုမှ ရတနာကုန်သည် ၁၄၆၀ နှင့် ပြည်တွင်းကုမ္ပဏီ ၃၈၁ ခုမှ နိုင်ငံသားရတနာကုန်သည် ၉၀၅ ဦး စုစုပေါင်း ပြည်တွင်းပြည်ပမှ ရတနာကုန်သည် ၂၃၆၅ ဦး ရောက်ရှိဝယ်ယူနေကြသည်။

(သတင်းစဉ်)

ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇွန် ၂၇

ဝိပဿနာ ၁၀ ရက် တရားစခန်းများ လစဉ် ကျင်းပလျက်ရှိသော ပုဇွန်တောင် မြို့နယ် အမှတ် ၂ရပ်ကွက် မဟာညောင်ကုန်းကျောင်းတိုက် လယ်တီစံ သာသနာ့ရိပ်သာတွင် ကိုးကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၆ရက် (တနင်္ဂနွေနေ့)တွင် ကျင်းပမည်ဖြစ်ရာ နံနက် ၇နာရီမှ ၉နာရီအတွင်း လာရောက်ဆက်ကပ်လှူဒါန်းနိုင်ကြောင်းနှင့် ဖုန်း–၂၀၁၆၃၄ သို့ ဆက်သွယ်စုံစမ်း လှူဒါန်းနိုင်ကြောင်းသိရသည်။ **(၃၅၂)**

ဗိုလ်ဆွန်ပက်(အောက်လမ်း) ဝါတွင်းဆွမ်းလောင်း

ရန်ကုန် ဇွန် ၂၇

ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက် (အောက်လမ်း) ဆွမ်းလောင်းအသင်းက (၃၄)ကြိမ်မြောက် ဝါတွင်း (တနင်္ဂနွေနေ့)တိုင်း အရဏ်ဆွမ်းနှင့် ဆွမ်းဟင်းများလောင်းလှူမည်ဖြစ်ရာ စာသင်တိုက်ကြီးများအနေဖြင့် (စနေနေ့)ညနေတွင် ဆွမ်းဟင်းချိုင့်များကို ကြိုတင်ပေးကြပါရန် နှိုးဆော်လျှောက်ထားကြောင်းသိရသည်။ **(က–ပ)**

စစ်သွေးရသစုံမဂ္ဂဇင်း ဇူလိုင်လထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၂၇

တာဝန်ခံအယ်ဒီတာလွင်သောင်းဝေ၏ ၂၀၀၆ ခုနှစ် ဇူလိုင်လအတွက် စစ်သွေးရသစုံ မဂ္ဂဇင်းကို မြရတနာစာပေ ဖုန်း–၃၇၉၇၇၃၊ ၅၇၈၆၇၀ မှ တစ်ပြည်လုံးသို့ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။ **(ယာပုံ)**

စစ်သွေးရသစုံမဂ္ဂဇင်းတွင် "ရဲနန္ဒာသု"လို့ ခေါ်ပါတယ်ဆိုတဲ့ ဆုပန်ထွာနှင့် အင်တာဗျူး၊ သောင်းဝေဦး၏ အရိုနှင့်သူမ၏ကိုကို၊ ရည်မွန်ရဲ့ စီရင်ချက်၊ တင်လတ်သန္တာဗိုလ်၏ Jennifer Lopez ရဲ့ ဖက်ရှင်နှင့် စတိုင်လ်၊ ဇာနည်(Korean Wave) ရဲ့ ကြယ်ပွင့်လေးများရဲ့ ဒိုင်ယာရီကိုရေးခဲ့တဲ့ ဂျိုအင်ဆောင်ရဲ့ အကြောင်း၊ သုမောင်ရဲ့ ဩော် ကိုလှ ကိုလှ–ဟော့မယ်တင့်မယ်တင့်၊ ရွှေဥဒေါင်းရဲ့ ဂျမဒါကိုကိုကြီး ရန်သူများနှင့် အမဲလိုက်ရပုံ၊ အေးမြတ်သူနှင့် ရေဗက္ကဝင်းရဲ့ အင်တာဗျူး၊ တိမ်ကြား မင်းခေါင်ရဲ့ တိုကျို အိုဆာကာ နဂိုယာနှင့် ကာဝါဆာကီမြို့များဆီသို့ ဝတ္ထု၊ ဆောင်းပါးများ ပါဝင်ပြီး ကဗျာ၊ ကာတွန်း ရသစုံလင်၍ သရုပ်ဆောင် ဆုပန်ထွာ၏ ချစ်စဖွယ်မျက်နှာဖုံးဖြင့် မဂ္ဂဇင်းပရိသတ်များအတွက် ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရသည်။

(သတင်းစဉ်)

မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြုကြိုဆို

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲ အခမ်းအနားကျင်းပ

ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ တက်ရောက်စိုက်ပျိုးပေး

ရန်ကုန် ဇွန် ၂၇

၂၀၀၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးကျင်းပသည့် ၂၀၀၆ ခုနှစ် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ စက်မှုဇုန်(၁/၂/၃) စံပြခြံစည်းရိုးကြက်ဆူပင် စိုက်ခင်း၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေ တက်ရောက်အားပေးပြီး ခြံစည်းရိုးကြက်ဆူပင်ကိုစိုက်ပျိုးပေးသည်။

ယင်းအခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဒွေးဝင်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ပါမောက္ခချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ကျောင်းအုပ်ကြီးများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စက်မှုဇုန်စီမံခန့်ခွဲရေး ကော်မတီဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ ရပ်မိရပ်ဖများ၊ ကျောင်းသား ကျောင်းသူများ၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအဖွဲ့နှင့် ပြည်သူများ တက်ရောက်ကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်က အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲတွင် ခြံစည်းရိုးကြက်ဆူပင်နှင့်ပတ်သက်ပြီး အနည်းငယ်ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံ၌ ကြက်ဆူပင်ကို ရှေးနှစ်ပေါင်းများစွာကပင် ယာမြေ၊ အိမ်ခြံ၊ ရွာစည်းရိုးတို့၌ ခြံစည်းရိုးပင်အဖြစ်စိုက်ပျိုးခဲ့ကြခြင်းကို တွေ့ရကြောင်း၊ ခြံစည်းရိုးကြက်ဆူပင်သည် နှစ် ၅၀အထိ သက်တမ်းရှည်သော နှစ်ရှည်ပင်တစ်မျိုးဖြစ်ပြီး မြေကောင်း၊ မြေညံ့မရွေးပေါက်ရောက်နိုင်သည့်အပြင် စိုက်ပျိုးမှုလည်းလွယ်ကူသည့်အပင်တစ်မျိုးဖြစ်ကြောင်း။

ခြံစည်းရိုးကြက်ဆူအစေ့တွင် ဆီပါဝင်မှုများသည်ကို တွေ့ရကြောင်း၊ ၎င်းမျိုးစေ့တွင်ပါဝင်သောဆီ၏ ၈၉ရာခိုင်နှုန်းအထိ ဆီကြိတ်ပြီး ထုတ်ယူနိုင်ခြင်းကို တွေ့ရကြောင်း၊ ထို့ကြောင့် အာဖရိကနိုင်ငံများ၊ အိန္ဒိယနှင့် နီပေါနိုင်ငံများ၌ ခြံစည်းရိုးကြက်ဆူဆီကို သီးနှံထွက်ဘိုင်အိုဒီဇယ်အထဲတွင် ခြံစည်းရိုးကြက်ဆူပင်က ရရှိသည့်ဆီသည် ပိုမိုကောင်းမွန်ပြီး အကျိုးရှိခြင်းကို တွေ့ရကြောင်း။

ခြံစည်းရိုးကြက်ဆူပင်သည် ဘိုင်အိုဒီဇယ်ထုတ်လုပ်သုံးစွဲမှုတွင်မက ဆေးဖက်ဝင်အဖြစ်လည်း အသုံးပြုနိုင်သည်ကို တွေ့ရကြောင်း၊ အဆီကို ဝမ်းနုတ်ဆေး၊ အရေပြားရောဂါနှင့် ကြွက်သားများနာကျင်ကိုက်ခဲမှု ကုသဆေး၊ ပင်စည်မှထွက်ရှိသော အစေးကို ကင်ဆာရောဂါကာကွယ်ဆေး၊ အမြစ်မှထုတ်လုပ်သည့် အရည်ကို မြွေဆိပ်ဖြေဆေးအဖြစ် သုံးစွဲနိုင်ကြောင်း၊ တစ်ဖန် လူတို့အသုံးပြုနိုင်သည့် ဆေးဖက်ဝင်ပစ္စည်းအပြင် ပိုးသတ်ဆေးများအဖြစ် ထုတ်လုပ်နိုင်ခြင်းကိုလည်း တွေ့ရကြောင်း၊ ဘရာဇီးနိုင်ငံ၌ အစေ့ကိုအမှုန့်ကြိတ်ပြီး စားအုန်းဆီနှင့် ရောစပ်လျက် ကြွက်သတ်ဆေးအဖြစ်လည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံ၌ ချည်မျှင်ရည်ဝါ၊ အာလူး၊ ပဲမျိုးစုံ၊ ပြောင်းသီးနှံများတွင် ကျရောက်သော ပိုးမွှားကာကွယ်ဆေးအဖြစ် အသုံးပြုကြသည်ကို တွေ့ရကြောင်း၊ အချို့နိုင်ငံများတွင် အပင်ကထုတ်ယူသည့် အရည်ကို ပင်လယ်ငါးဖမ်းလုပ်ငန်းများ၌ အဆိပ်အဖြစ် အသုံးပြုကြခြင်းကို တွေ့ရကြောင်း။

ရန်ကုန်အရှေ့ပိုင်းခရိုင် ၂၀၀၆ ခုနှစ် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများက ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးကြစဉ်။ (သတင်းစဉ်)

အမျိုးသားရေးတာဝန်တစ်ရပ်

ရန်ကုန်တိုင်းတွင် သုံးနှစ်အတွင်း ခြံစည်းရိုးကြက်ဆူပင်ကို ဧက ငါးသိန်း စိုက်ပျိုးရန် စီမံဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက "ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးကို အမျိုးသားရေးတာဝန်တစ်ရပ်"အဖြစ် ခံယူပြီး ဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားထားပြီးလည်းဖြစ်ကြောင်း။

တစ်နိုင်ငံလုံးကျယ်ကျယ်ပြန့်ပြန့် လှုပ်ရှားဆောင်ရွက်သည့်နေရာတွင် ရန်ကုန်တိုင်း အနေဖြင့် ပါဝင်သကဲ့သို့ ရန်ကုန်တိုင်း အရှေ့ပိုင်းခရိုင်ကလည်း ဧက ၇၀၀၀ ပါဝင်ဆောင်ရွက်သည့်နေရာတွင် မျိုးစုဆောင်းမှု ၁၆၉ ဒသမ၈၄ ရာခိုင်နှုန်း၊ ပျိုးထောင်ပြီး ၈၅ သိန်း၊ စိုက်ပျိုးပြီး စုစုပေါင်း ၇၂၁၅ ဧကရှိပြီး ရာခိုင်နှုန်းအားဖြင့် ၁၀၃ ဒသမ၀၇ ရာခိုင်နှုန်းအထိ ပိုမိုကျော်လွန်စိုက်ပျိုးထားနိုင်ခဲ့သည်ကို သိရှိရကြောင်း၊ စိုက်ပျိုးပြီးစီးသည့် အပင်များအားလုံးလည်း အထွက်နှုန်းကောင်းအောင် ဆက်လက်ပြုစုသွားရန်၊ အချိန်နှင့် တစ်ပြေးညီဆောင်ရွက်ရန်လည်း တိုက်တွန်းလိုကြောင်း၊ စက်မှုလုပ်ငန်းရှင်များကလည်းရန်ကုန်တိုင်းအတွင်း မြေလွတ်၊ မြေရိုင်း၊ သီးသန့် ဧက ၄၈၀၀ တွင် ဆောင်ရွက်လျက်ရှိကြောင်း သိရသည့် အတွက် ဝမ်းမြောက်ဂုဏ်ယူမိကြောင်း။

မြေလပ်မကျန်စိုက်ပျိုး

ရန်ကုန် အရှေ့ပိုင်းခရိုင်တွင် ဧရိယာ ၁၄၀ စတုရန်းမိုင်၊ ၈၉၆၀၀ ဧက ရှိသည့်အနက် လယ်မြေမျိုး ၈၃၈ ဧက ရှိပြီး ကျန်ဧရိယာများကို မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနက တာဝန်ယူပြီး မြို့ရွာဖွံ့ဖြိုးရေးအတွက် စီမံဆောင်ရွက်ရသော ဧရိယာများဖြစ်ကြောင်း၊ တရားဝင်ဧရိယာမရှိသော်လည်း နိုင်ငံတော်၏ ပြည်တွင်းအသားတင် ထုတ်လုပ်မှု တန်ဖိုးမြင့်မားရေးကိုဦးတည်ပြီး ကျားကုတ်ကျားခဲ စိုက်လိုက်မတ်တတ် ကြိုးစားခဲ့သည့်အတွက် လယ်ယာကဏ္ဍတွင် မိုးစပါး ၂၆၅၇၅ ဧက၊ နွေစပါး ၅၆၃၃ ဧက၊ ပဲမျိုးစုံ ၁၀၁၉၅ ဧက၊ ဆီထွက်သီးနှံနှင့် ဆေးဖက်ဝင်အပင်များအဖြစ် ယခုအခါ ခြံစည်းရိုးကြက်ဆူ ၇၂၁၅ ဧကကိုလည်း မြေလပ်မကျန်အောင် ကြိုးစားစိုက်ပျိုးနိုင်ခဲ့ပြီဟု သိရကြောင်း။

နိဂုံးချုပ်အနေဖြင့် စိုက်ပျိုးပြီး ကြက်ဆူပင်များမှ တစ်နှစ်တွင် ဘိုင်အို ဒီဇယ်ဆီ ဂါလန်ခုနစ်သိန်းရရှိရေးအတွက် အကိုင်းဖြတ်ခေါင်ညွှန့်နှိမ်ခြင်း၊ ပေါင်းမြက်ကာကွယ်နှိမ်နင်းခြင်း၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ အချိုးကျ ရောစပ်သုံးစွဲခြင်းစသော နည်းပညာများဖြင့် တစ်ပင်မှ ၁၅ ကိုင်း၊ တစ်ကိုင်းမှ သီးလုံး ၇၀ ရရှိ၍ တစ်ဧကအပင် ၁၂၀၀ မှ ကြက်ဆူစေ့ ၁၃၁ တင်းထွက်ပြီး ဘိုင်အိုဒီဇယ်ဆီ ဂါလန် ၁၀၀ ရရှိနိုင်ရေးကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ စက်မှုဇုန်များမှ အခွံကြိတ်ခွဲစက်၊ အစေ့ဆီကြိတ်စက်ထုတ်လုပ်မှုပညာရှင်များနှင့် ပူးပေါင်းအကြံဉာဏ်ယူပြီး တိုးတက်အောင် ဆောင်ရွက်သွားကြရန်တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသွားသည်။

ကြက်ဆူစေ့ ကြိတ်စက်နှင့် အခွံချွတ်စက်

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ ရန်ကုန်အရှေ့ပိုင်းခရိုင် ၂၀၀၆ ခုနှစ် ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲတွင် စက်မှုဇုန်ထုတ် ကြက်ဆူစေ့ကြိတ်စက်နှင့် အခွံချွတ်စက်များကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ရှင်းလင်းတင်ပြ

ဆက်လက်၍ ရန်ကုန်အရှေ့ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရိန်က ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်း ခြံစည်းရိုးကြက်ဆူပင်များ ရာနှုန်းပြည့်ကျော်လွန်အောင် စိုက်ပျိုးပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ တိုင်းမှူးဗိုလ်မှူးချုပ် လှဒွေးဝင်းနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရိန်တို့က ဌာနဆိုင်ရာများ၊ တက္ကသိုလ်၊ ကောလိပ်များ၊ ဆေးရုံကြီးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းများနှင့် စက်မှုဇုန်များမှ တာဝန်ရှိသူများအား ခြံစည်းရိုးကြက်ဆူပင်များကို ဖြန့်ဝေပေးအပ်ကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေး ပညာပေးပြကွက်နှင့်စက်မှုဇုန်ထုတ် ကြက်ဆူစေ့ကြိတ်စက်နှင့် အခွံချွတ်စက်များကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

စိုက်ပျိုးပေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်လှဒွေးဝင်းတို့က ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲ အခမ်းအနား အထိမ်းအမှတ်အဖြစ် ခြံစည်းရိုးကြက်ဆူပင်များကို သတ်မှတ်နေရာများတွင် စိုက်ပျိုးပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် ပြည်သူများက ခြံစည်းရိုးကြက်ဆူပင်များ တပျော်တပါး စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်အရှေ့ပိုင်းခရိုင်၌ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရန် လျာထား ဧက ၇၀၀၀ဖြစ်ရာ စုစုပေါင်း ၇၂၁၅ ဧက၌ အပင်ပေါင်း ၈၆၅၇၇၉၆ပင်တို့ကို ဇွန်လ ဒုတိယပတ်တွင် စိုက်ပျိုးပြီးစီးခဲ့သဖြင့် ရာနှုန်းပြည့် ကျော်လွန်အောင် စိုက်ပျိုးထားရှိပြီး ဖြစ်ကြောင်းနှင့် ယနေ့ အခမ်းအနားတွင် ခြံစည်းရိုးကြက်ဆူပင် ဧက ၁၀၀၌ အပင်ပေါင်း ၁၂၀၀၀၀တို့ကို စိုက်ပျိုးခဲ့ကြောင်းသိရှိရသည်။ **(သတင်းစဉ်)**

တိုင်းမှူး ဗိုလ်မှူးချုပ်လှဒွေးဝင်းက ဖဲကြိုးဖြတ်၍ ၂၀၀၆ ခုနှစ် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်လှဒွေးဝင်းတို့ထံ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်မောင်ရိန်က ရန်ကုန်အရှေ့ပိုင်းခရိုင် အတွင်း ခြံစည်းရိုးကြက်ဆူပင် ရာနှုန်းပြည့်ကျော်လွန်အောင် စိုက်ပျိုးနိုင်ခြင်း အထိမ်းအမှတ်အလံများကို ပေးအပ်သည်။

စိုက်ပျိုးမှုလွယ်ကူ

ယင်းနောက် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တိုင်းမှူးဗိုလ်မှူးချုပ်လှဒွေးဝင်း ဓာတုဒီဇယ်ဆီနေရာတွင် အစားထိုးပြီး စက်မောင်းဆီအဖြစ် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်လာခြင်းကို တွေ့ရကြောင်း။

အစားထိုးသုံးစွဲ

ယခုခေတ်တွင် ရေနံနှင့်ရေနံထွက်ပစ္စည်းများ သုံးစွဲမှုသည် တစ်နေ့တစ်ခြား တိုးတက်လာသည်ကို တွေ့ရကြောင်း၊ ကမ္ဘာ့ရေနံထွက်သော နိုင်ငံအသီးသီးတွင် နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ မြေအောက် ရေနံသယံဇာတများသည် တစ်နေ့နေ့တွင် ကုန်ခန်းသွားမည်ဟု ပညာရှင်များက ခန့်မှန်းလာကြကြောင်း၊ ထို့ကြောင့် ယခုကာလတွင် လူတို့စိုက်ပျိုးထုတ်လုပ်ပြီး နောင် နှစ်ရာထောင်ချီပြီး ကုန်ခန်းမသွားနိုင်သော သီးနှံထွက် ဘိုင်အိုဒီဇယ်ဆီများကို အစားထိုးသုံးစွဲရန် ကြိုးစားလာကြခြင်းဖြစ်ကြောင်း။

မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့
စတုတ္ထအကြိမ် ညီလာခံ ၂၀၀၆ ခုနှစ်
ဇူလိုင်လ (၁)ရက်မှ (၂)ရက်
ပြည်ထောင်စုခန်းမ၊ ကျိုက္ကဆံကွင်း
ရန်ကုန်မြို့

နိုင်ငံတော်အတွက် လိုအပ်သောကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး အစိုးရချည်းမဟုတ်ဘဲ အဓိကကျသော ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ပါဝင်သင့် နိုင်ငံပိုင်စက်ရုံများ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူဆောင်ရွက်သွားမည်

နေပြည်တော် ဇွန် ၂၇

နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံများကို ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ရန်ကိစ္စနှင့်စပ်လျဉ်း၍ရှင်းလင်းပွဲကို ယမန်နေ့တွင် နေပြည်တော်ရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှင်းလင်းပွဲသို့ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် လွန်းသီ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာနဝန်ကြီး ဦးသောင်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်၊ ဒုတိယဝန်ကြီးများ၊ အမှတ်(၁)စက်မှုဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများ၊ စီးပွားရေးပညာရှင်များ၊ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ သတင်းနှင့်စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ စုစုပေါင်း ၂၇၀ တက်ရောက်ကြသည်။

စီစဉ်ဆောင်ရွက်

ရှေးဦးစွာ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းက အဖွင့်အမှာစကားပြောကြားရာတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး အဖြစ်တည်ဆောက်ရာတွင် ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်မှုသည် အဓိကကျကြောင်း၊ သို့ဖြစ်၍လည်း နိုင်ငံတော်အနေဖြင့် အဓိကကျသော ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း။

နိုင်ငံတော်အကြီးအကဲက နိုင်ငံတော်အတွက် လိုအပ်သည့် ကုန်ထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရာတွင် ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ အစိုးရချည်း မဟုတ်ဘဲ အဓိကကျသော ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သင့်ကြောင်းကို လမ်းညွှန်ခဲ့သည်နှင့်အညီ နိုင်ငံပိုင်စက်ရုံများကို ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်း ဆောင်ရွက်သည့် နည်းလမ်းများကို ကျင့်သုံးသွားမည်ဖြစ်ကြောင်း။

တိုးတက်ထုတ်လုပ်

သို့ဖြစ်၍ မိမိတို့ဝန်ကြီးဌာနအောက်မှစက်ရုံ ၁၁ရုံကို ပထမအဆင့်အနေဖြင့်ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း မိမိတို့ဝန်ကြီးဌာနအောက်၌ စက်ရုံများမှအရည်အသွေးကောင်းသောလူ့အသုံးအဆောင်ပစ္စည်းများ၊ အဝတ်အထည်နှင့်ဆေးဝါးပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ စာရေးစက္ကူနှင့်ဆက်စပ်ပစ္စည်းများကို တိုးတက်ထုတ်လုပ်ပေးလျက်ရှိရာ ၂၀၀၃–၂၀၀၄ ဘဏ္ဍာနှစ်တွင် ငွေကျပ် ၇၆ဒသမ၅၀ဘီလီယံ၊ ၂၀၀၄–၂၀၀၅ ဘဏ္ဍာနှစ်တွင်ငွေကျပ် ၉၈ဒသမ၅၁ဘီလီယံ၊ ၂၀၀၅–၂၀၀၆ဘဏ္ဍာနှစ်တွင် ငွေကျပ် ၁၃၃ဒသမ၇၁ဘီလီယံ၊ ၂၀၀၆–၂၀၀၇ဘဏ္ဍာနှစ် မေလအထိ ငွေကျပ် ၂၄ဒသမ၆၃ဘီလီယံထုတ်လုပ်နိုင်ခဲ့ပြီး ငွေကျပ် ဘီလီယံ ၂၀၀ အထိရရှိရန် ရည်မှန်းဆောင်ရွက်နေကြောင်း၊ ထုတ်ကုန်ပစ္စည်းများမှာလည်း အရည်အသွေးကောင်းမွန်၍ ဈေးကွက်ရရှိပြီး လူကြိုက်များသောပစ္စည်းများဖြစ်ကြောင်း။

ပုဂ္ဂလိက လုပ်ငန်းရှင်များအနေဖြင့် မရှင်းလင်းသည်များကို မေးမြန်းနိုင်ပါကြောင်း၊ စက်ရုံများကို အကျိုးတူပူးပေါင်းဆောင်ရွက်ရာတွင် နိုင်ငံတော်အပိုင်းက စက်ရုံ၏ ၅၁ရာခိုင်နှုန်းကို ထည့်ဝင်မည်ဖြစ်ပြီး ကျန် ၄၉ရာခိုင်နှုန်းကို အများပြည်သူများအား ရှယ်ယာခေါ်ယူ၍ ရောင်းချသွားမည်ဖြစ်ကြောင်း။

အကျိုးတူ ပူးပေါင်းဆောင်ရွက်သည့်စက်ရုံများ၏အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုအပိုင်းတွင် နိုင်ငံတော်အပိုင်းနှင့် ပုဂ္ဂလိကအပိုင်းထည့်ဝင်သည့် ရှယ်ယာအပေါ်မူတည်၍ မျှတစွာ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ဒါရိုက်တာအဖွဲ့ကို ဖွဲ့စည်းရာတွင် ရှယ်ယာထည့်ဝင်သူတိုင်း ဝင်ရောက် ယှဉ်ပြိုင်ရွေးချယ်ပိုင်ခွင့်ရှိပြီး ဒါရိုက်တာအဖွဲ့ကိုလည်း တစ်နှစ်တစ်ကြိမ် ပြန်လည်ရွေးချယ်မည်ဖြစ်ကြောင်း၊ ကနဦး ရှယ်ယာတစ်ခု၏ တန်ဖိုးကိုငွေကျပ်တစ်သန်းသတ်မှတ်ပြီး၊ ယင်းရှယ်ယာတန်ဖိုးကို တစ်နှစ်တစ်ကြိမ် ပြန်လည်တွက်ချက် သတ်မှတ်မည်ဖြစ်ကြောင်း၊ ရှယ်ယာများကို ရောင်းချခွင့်နှင့် လွှဲပြောင်းနိုင်ခွင့်ရှိမည်ဖြစ်ကြောင်း၊

အကျိုးတူပူးပေါင်း

အကျိုးတူပူးပေါင်းဆောင်ရွက်မှုသက်တမ်းကို အနည်းဆုံး ၁၀ နှစ်သတ်မှတ်မည်ဖြစ်ပြီး လိုအပ်ပါကသက်တမ်းတိုးနိုင်ကြောင်း၊ နိုင်ငံတော်ပိုင်းနှင့် ပုဂ္ဂလိကပိုင်းတို့ ပူးပေါင်းဆောင်ရွက်၍ တည်ထောင်ထားသည့် ဖက်စပ်လုပ်ငန်းကို ဥပဒေတွင် ပြဋ္ဌာန်းထားသည့် အတိုင်းနိုင်ငံတော်က သိမ်းယူခြင်း မပြုပါကြောင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်မှု ဖွဲ့စည်းတည်ထောင်ရာတွင် နိုင်ငံတော်က သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မတီသို့ တင်ပြအတည်ပြုချက်ရယူခြင်း၊ ကုမ္ပဏီများမှတ်ပုံတင်ရေးဦးစီးဌာန၌ မှတ်ပုံတင်ခြင်း စသည်တို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အကျိုးတူပူးပေါင်းဆောင်ရွက်ရာတွင် သင်းဖွဲ့စည်းမျဉ်းများအတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ပြီး သင်းဖွဲ့စည်းမျဉ်းများကိုလည်း ရှယ်ယာရှင် များနှင့်ပူးပေါင်းရေးဆွဲသွားမည် ဖြစ်ကြောင်းဖြင့် အသေးစိတ်ဆွေးနွေး ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက ရင်းနှီးမြှုပ်နှံမှုကိစ္စများနှင့် ပတ်သက်၍လည်းကောင်း၊ အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာက နိုင်ငံတော်အစိုးရက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံစက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း၊ စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍လည်းကောင်း၊စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် လုပ်ငန်းများတွင် လိုအပ်သော လောင်စာဆီနှင့် သဘာဝဓာတ်ငွေ့ ဖြည့်ဆည်းပေးနိုင်မည့် အခြေအနေနှင့် ပတ်သက်၍လည်းကောင်း၊ အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်က လျှပ်စစ်စွမ်းအားဝန်ကြီးဌာနကို ဝန်ကြီးဌာန နှစ်ဌာန ဖွဲ့စည်းရသည့်အကြောင်းနှင့် လျှပ်စစ်ဓာတ်အား၏ဖြန့်ဝေမှုနှင့်အရေးကြီးအခန်းကဏ္ဍတွင် ပါဝင်မှုတို့နှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်း ပြောကြားကြသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ အကျိုးတူပူးပေါင်းဆောင်ရွက်မည့်စက်ရုံ၁၁ရုံနှင့် ပတ်သက်၍ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ သိလိုသည့်မေးမြန်းချက်များကို ဝန်ကြီး ဦးအောင်သောင်းနှင့် ဝန်ကြီးဦးစိုးသာတို့က ပြန်လည်ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် ဝန်ကြီး ဦးအောင်သောင်းက နိဂုံးချုပ် အမှာစကားပြောကြားပြီး ရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဇွန် ၂၇ ရက်က နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း ထိုင်းနိုင်ငံ ချင်းမိုင်မြို့၌ကျင်းပမည့် (၂၃)ကြိမ်မြောက် မြန်မာ–ထိုင်း ဒေသဆိုင်ရာ နယ်ခြားကော်မတီ အစည်းအဝေးသို့တက်ရောက်ရန် နေပြည်တော်မှ ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြသည့် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အရှေ့ပိုင်း)ဥက္ကဋ္ဌ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်စဉ်။

(သတင်း–ရွှေဖုံး)(သတင်းစဉ်)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး ပါဝင်ဆောင်ရွက်နေ အသင်းကြီးမှပညာရေးနှင့် လယ်ယာစီးပွားကဏ္ဍပံ့ပိုးမှု ဆွေးနွေးတင်ပြ

ရန်ကုန် ဇွန် ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေးသည် ဇွန် ၂၄ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း(အနောက်) တိုင်း၊ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း တိုင်း၊ ခရိုင် အမှုဆောင်များနှင့်အတူ ပန်းတောင်းမြို့နယ် စွယ်တော်ကျေးရွာသို့ သွားရောက်၍ ဒေသခံပြည်သူများ၊ အသင်းဝင်များနှင့် တွေ့ဆုံသည်။ ထိုသို့ တွေ့ဆုံရာတွင် ဗဟိုအလုပ်အမှုဆောင်က နိုင်ငံတော်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အသင်းကြီး၏ ပါဝင်ဆောင်ရွက်နေမှုများနှင့်ပညာရေးကဏ္ဍတွင် ထူးခြားစွာ ပံ့ပိုးကူညီဆောင်ရွက်နေသည့် အစီအစဉ်များ၊ တောင်သူလယ်သမားများ၏လယ်ယာစီးပွားတိုးတက်ရေးအတွက် ပံ့ပိုးဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေး တင်ပြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင်သည် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်း ကြံခင်းမြို့နယ် ဘက်ရဲကျေးရွာ အခြေခံပညာအထက်တန်းကျောင်းသို့သွားရောက်၍ ကျောင်းခန်းမဆောင်၌ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျေးရွာသူ ကျေးရွာသားများ၊ ဧရာဝတီတိုင်းနှင့် ဟင်္သာတခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ တွဲဖက်အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ အသင်း သားအသင်းသူများအား တွေ့ဆုံပြီး ကြံခင်းမြို့နယ်အတွင်းရှိ မူလတန်းကျောင်းများအတွက် စာရေးစားပွဲနှင့်ထိုင်ခုံများပြုလုပ်ရန်အလှူငွေနှင့် စာရေးကိရိယာများကို တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်သည် မြန်အောင်မြို့နယ် ထန်းသုံးပင် အခြေခံပညာအလယ်တန်းကျောင်း၌ကျင်းပသော ကျောင်းသုံးပရိဘောဂများနှင့် စာရေးကိရိယာများလှူဒါန်းပွဲသို့ တက်ရောက်ပြီး အခြေခံကျောင်းများအတွက် စာရေးစားပွဲနှင့်ထိုင်ခုံများပြုလုပ်ရန် အလှူငွေနှင့်စာရေးကိရိယာများကို လည်းကောင်း တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းကြသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် မြန်အောင်မြို့ ပရဟိတမြို့ ရွှေကျောင်းသို့ သွားရောက်၍ ဘုန်းတော်ကြီးသင် ပညာရေး(မူလွန်)ကျောင်း၌ ပညာသင်ကြားနေသော ကျောင်းသားများအသုံးပြုရန် စာရေးကိရိယာများကို ကျောင်းထိုင်ဆရာတော်ထံသို့ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေးသည် မြန်အောင်မြို့ ပြည်သူ့ဆေးရုံသို့သွားရောက်၍ ဆေးရုံမွမ်းမံပြင်ဆင်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ဇွန် ၂၅ရက်တွင် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌွေးသည် ကြံခင်းမြို့နယ် ပေါက်နွယ်စမ်းကျေးရွာ၌ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ဧရာဝတီတိုင်း တိုင်းရောင်းဝယ်ရေး အရာရှိရုံးမှ စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူကေ ၅၀စိုက်ခင်းသို့ သွားရောက် ကြည့်ရှု စစ်ဆေးပြီး **(အောက်ပုံ)** မြေလွတ် မြေရိုင်းများ ထပ်မံရှာဖွေ တိုးချဲ့စိုက်ပျိုးရေးနှင့် ကြက်ဆူပင်တန်းများကြားတွင် ဝင်ငွေရရှိနိုင်မည့် ရာသီသီးနှံများ စိုက်ပျိုးရေး၊ စိုက်ကွက်များ၏ အနားသတ်တစ်လျှောက်၌ ရတနာတန်းဝင်နှင့် နှစ်ရှည်ပင်များ စိုက်ပျိုးရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဦးဉာဏ်ဝင်းထံ ကုလသမဂ္ဂဌာနေကိုယ်စားလှယ် ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇွန် ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ ဌာနေကိုယ်စားလှယ်အဖြစ် ခန့်အပ်ရန် သဘောတူပြီးဖြစ်သော မစ္စတာ ရာမတ်(ရှ်) ရှယက်စ်သာသည် ယနေ့မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းမသို့လာရောက်၍ ၎င်း၏ဌာနေကိုယ်စားလှယ် ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

သုညတစမ္မစုပေါင်း ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇွန် ၂၇

ရန်ကုန်မြို့ သာကေတမြို့နယ် အနောက် ၇ ရပ်ကွက် မိုးကုတ်ဝိပဿနာ သုညတစမ္မကျောင်း ဆရာတော် အရှင်စန္ဒသေနအားအမှူးထား၍ ဝါဆို၊ ဝါကပ်တော်မူကြသောကျောင်းရှိ သံဃာနှင့် ပင့်သံဃာတော် ၃၁ ပါးတို့အား စုပေါင်းဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ၁၃၆၈ ခုနှစ် ဝါဆိုလဆန်း ၇ ရက်(ဇူလိုင် ၁ရက်) စနေနေ့ နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ်ရာ သာသနာ့အကျိုးဆောင် ဦးကျော်သန်း ဖုန်း–၃၇၁၇၀၀၊ ဒုတိယဗိုလ်မှူးကြီး ဒေါက်တာမြင့်ထွန်း ဖုန်း–၂၀၃၂၃၉၊ ဒေါ်ပို့ပို့ ဖုန်း–၅၄၈၆၈၉ သို့ ဆက်သွယ်လှူဒါန်းနိုင် ကြောင်းနှင့် မတည်ဆွမ်းအလှူရှင် ဦးကျော်သန်း–ဒေါ်တင်တင်မိသားစု၊ ဒေါ်ချားရီမိသားစု၊ ဦးစိုင်းဇော်ထွန်းသန်း–ဒေါ်လဲ့လဲ့ဝင်းမိသားစု၊ဦးစိုင်းကျော်ရွှေ–ဒေါ်သန်းသန်းထွေး မိသားစုတို့က သင်္ကန်း ၁၀စုံလှူဒါန်းကြောင်း သိရသည်။

(က–ပ)

ဘာရာဇီးက ဂါနာကိုဂိုးပြတ်နိုင်ပြီး ကွာတားဖိုင်နယ်တက်ပြီ

ရန်ကုန် ဇွန် ၂၇

၂၀၀၆ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်(၇)အဖြစ် ယနေ့ည၉နာရီခွဲက ဒေါ့မွန်မြို့ရှိ Signal Iduna Park အားကစားကွင်း၌ ဘရာဇီးအသင်းနှင့် ဂါနာအသင်းတို့ယှဉ်ပြိုင်ကစားရာ ဘရာဇီးအသင်းက သုံးဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ဘရာဇီးအသင်းအတွက် ပထမဂိုးကို ပွဲစပြီး၅မိနစ်အကြာတွင် တိုက်စစ်မှူးရော်နယ်ဒိုက ဂါနာ ဂိုးသမားကို ကျော်ဖြတ်ပြီး သွင်းယူခဲ့ခြင်းဖြစ်သည်။ ရော်နယ်ဒိုသည် ယခုဂိုးသွင်းယူနိုင်သဖြင့် ကမ္ဘာ့ဖလားပွဲတွင် ဂိုးအများဆုံးသွင်းထားသည့် ဂတ်မူလာ (ဂျာမနီ)၏ ၁၄ဂိုးစံချိန်ကို ချိုးနိုင်ခဲ့သည်။ ရော်နယ်ဒိုသည် ယခုပြိုင်ပွဲ၌ သုံးဂိုး သွင်းယူထားရာ စုစုပေါင်း ၁၅ဂိုးသွင်းယူပြီး စံချိန်တင်နိုင်ခဲ့သည်။

ဒုတိယဂိုး

ဘရာဇီးအသင်းအတွက် ဒုတိယဂိုးကို အက်ဒရီယာနိုက သွင်းယူခဲ့ခြင်းဖြစ်သည်။

ဘရာဇီးအသင်းသည် ဒုတိယပိုင်းတွင် ခြေစွမ်းပြကစားပြီး တစ်ဂိုးထပ်မံသွင်းယူခဲ့သည်။ ဘရာဇီးအသင်းအတွက် တတိယဂိုးကို ၈၄မိနစ်တွင် ဇီရော်ဘတ်တိုက ဂိုးသမားကိုကျော်၍ သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂါနာအသင်းမှ အဆာမိုသည် ၈၁မိနစ်တွင် နှစ်ဝါ အနီကတ်ဖြင့် ထုတ်ပယ်ခြင်းခံရသဖြင့် ၁၀ဦးတည်းဖြင့် ကစားခဲ့ရသည်။ ယခုပွဲတွင် ဘရာဇီးမှ အဝါကတ် နှစ်ကြိမ်၊ ဂါနာအသင်းမှ အဝါ ကတ် ခြောက်ကြိမ် အပြခံခဲ့ရသည်။ ဘရာဇီး အသင်းသည် ပွဲအပြီးတွင် သုံးဂိုး–ဂိုးမရှိဖြင့်အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားပြီဖြစ်သည်။

သူတို့ပါဝင်

ဘရာဇီးအသင်းတွင် ဒီဒါ(ဂိုး)၊ ကားလိုစ်၊ ကာဖူး၊ ဂျူအန်(လူစီယို)၊ ရော်ဘင်ဟို၊ အက်ဒရီယာနို(ဂျူနင်ဟို)၊ အီမာဆင်၊ ကာကာ(ရီကာဒင်ဟို)၊ ဇီရော်ဘတ်တို၊ ရော်နယ်ဒင်ဟိုနှင့် ရော်နယ်ဒိုတို့ ပါဝင် ကစားခဲ့ကြသည်။

(သတင်းမှတ်စု–ကိုထွေး)

ဟသ်ာတခရိုင် ကြံခင်းမြို့နယ် ဘက်ရဲ လယ်ဝိုင်းကျောင်းတိုက်မှ ဆရာတော်ဘဒ္ဒန္တဂဏသာရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း

ဖွားမြင်တော်



မူခြင်း

ဆရာတော်လောင်းလျာသည် ဧရာဝတီတိုင်း ဟသ်ာတခရိုင် ကြံခင်းမြို့နယ် ဘက်ရဲမြို့ ခမည်းတော် ဦးသန်းဖေ၊ မယ်တော် ဒေါ်သန်းတို့မှ ၁၂၈၃ ခုနှစ် ဝါဆိုလဆန်း ၁၄ရက် (တနင်္လာနေ့) ညဥ့် ၉နာရီတွင် ဖွားမြင်တော်မူသော သားရတနာ ဖြစ်ပါသည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၂၉၆ခုနှစ်တွင် ဧရာဝတီတိုင်း ကြံခင်းမြို့နယ် လယ်ဝိုင်းကျောင်းတိုက် ဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေအဖြစ်သို့ရောက်ခဲ့ပါသည်။ ၁၃၀၂ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ရက် နံနက် ၉နာရီ ၃၉မိနစ်တွင် ဘက်ရဲမြို့ စလင်းဆိပ်ကျောင်း ခဏ္ဍသိမ်၌ ဘက်ရဲဗိမာန်ကျောင်းဆရာတော် ဘဒ္ဒန္တပဏ္ဍိတကို ဥပဇ္ဈာယ်ပြု၍ ဦးမောင်အေး-ဒေါ်တင်တို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

စာပေပရိယတ္တိ သင်ကြားဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် ဘက်ရဲမြို့ အလယ်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဘအေး ကျောင်း၌ သတ္တမတန်းအထိ ပညာသင်ယူခဲ့ပြီး ၁၂နှစ်သားအရွယ်တွင် ရှင်သာမဏေအဖြစ်ဖြင့် လယ်ဝိုင်းကျောင်း ဆရာတော် ဘဒ္ဒန္တပဏ္ဍိတထံ၌ သဒ္ဒါ၊ သင်္ဂဟစသော အခြေခံကျမ်းစာများကို လည်းကောင်း၊ ကြံခင်းမြို့ မြို့လယ်ပြတိုက်ကျောင်းတိုက်အုပ်ဆရာတော် ဘဒ္ဒန္တဉက္ကါထံ၌လည်းကောင်း၊ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းတိုက် ဆရာတော်များထံ၌ လည်းကောင်း၊ မန္တလေးမြို့စကုတိုက်၊ တောင်သမန်တိုက်၊ ဘုရားကြီးတိုက်၊ ဆရာတော်များထံ၌လည်းကောင်း ပါဠိ အဋ္ဌကထာ၊ ဋီကာကျမ်းများကို ပေါက်ရောက်အောင်သင်ယူခဲ့၍ သာသနဓဇ သိရီပဝရဓမ္မာစရိယဘွဲ့နှင့် စေတိယင်္ဂဏ ပရိယတ္တိဓမ္မာစရိယ ဂဏဝါစကဘွဲ့ကိုလည်းကောင်း ရရှိခဲ့ပါသည်။

စာပေပို့ချခြင်းနှင့်သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ၁၃၁၅ ခုနှစ်မှစ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဝေဠုဝန်ကျောင်းတိုက်၌ ငါးနှစ်တိုင်တိုင် ပထမပြန်ဓမ္မာစရိယဆိုင်ရာ ကျမ်းစာ များကို ပို့ချ၍လည်းကောင်း၊ ၁၃၂၀ပြည့်နှစ်မှစ၍ ပုသိမ်မြို့ ဝေဠုဝန်ကျောင်းတိုက်၌ ပရိယတ္တိစာပေများကို ပို့ချတော်မူ၍လည်းကောင်း၊ ၁၃၃၀ပြည့်ခုနှစ်မှစ၍ လယ်ဝိုင်းကျောင်းတိုက်၌ ပရိယတ္တိစာပေများကို ပို့ချတော်မူခြင်း၊ ဘက်ရဲမြို့ မိုးကုတ်ဝိပဿနာရိပ်သာပဓာနနာယက ဆရာတော်အဖြစ် ဆောင်ရွက်တော်မူခြင်း၊ နိုင်ငံတော်ဩဝါဒါစရိယ တာဝန်ကို ဆောင်ရွက်တော်မူခြင်းတို့ဖြင့် သာသနာရေး တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော် အလှူခံရရှိတော်မူခြင်း

ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ခမာဇာဂရိယ စသော ဂုဏ်များနှင့် သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်းများကို ကြည်ညိုလေးစားလျက် နိုင်ငံတော်အစိုးရက ၁၉၉၆ခုနှစ်တွင် အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းပူဇော်ခဲ့ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၅)ဝါအရ(၁၃၆၈ခုနှစ် ဝါဆိုလဆန်း၃ရက်) ၂၇-၆-၂၀၀၆ရက်(အင်္ဂါနေ့)နံနက်၈း၄၅နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

နိုင်ငံတော်ဩဝါဒါစရိယ ဘဒ္ဒန္တဂဏသာရာဘိဝံသ ဘဝနတ်ထံပျံလွန်တော်မူ

ရန်ကုန် ဇွန် ၂၇

နိုင်ငံတော် ဩဝါဒါစရိယ ဧရာဝတီတိုင်း ဟသ်ာတခရိုင် ကြံခင်းမြို့နယ် ဘက်ရဲမြို့ လယ်ဝိုင်းကျောင်းတိုက်မှ ပဓာနနာယက သက်တော်(၈၅)နှစ်၊ သိက္ခာတော်(၆၅)ဝါရှိ ဘဒ္ဒန္တ ဂဏသာရာဘိဝံသ မဟာထေရ် ဆရာတော်ကြီးသည် (၁၃၆၈ ခုနှစ် ဝါဆိုလဆန်း ၃ ရက်)ယနေ့နံနက် ၈ နာရီ ၄၅ မိနစ်တွင် ဘက်ရဲမြို့ လယ်ဝိုင်းကျောင်းတိုက်၌ ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်အောင်ဆရာတော် တရားပွဲနှင့် ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇွန် ၂၇

ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဗုဒ္ဓသာသနာ့ဝေယျာဝစ္စနိဗ္ဗာန်ဆော်ဝတ်အသင်း အရိယာဓမ္မာရုံကြီးတွင် ဝါဆိုလပြည့် (ဇူလိုင် ၉ရက်) မွန်းတည့် ၁၂နာရီတွင် မြို့နယ်အတွင်းရှိ ကျောင်းတိုက် ၁၂ တိုက်မှ သံဃာတော်များပင့်ဆောင်၍ ရန်ကင်း နိမိတ္တာရုံကျောင်းတိုက်မှ ပဓာနနာယကဆရာတော်ဦးသီလဝံသ ဆရာတော်အမှူးပြုပြီး ဝါဆိုသင်္ကန်း ကပ်လှူပူဇော်၍ မွန်းလွဲ၂နာရီတွင် ဗဟန်းမြို့နယ် မဟာစည်သာသနာ့ရိပ်သာနာယကဆရာတော် ဓမ္မကထိက ဗဟုဇနဟိတရေ ဘဒ္ဒန္တထေရဝံသ (မြန်အောင်ဆရာတော်)က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားချီးမြှင့်မည်ဟု သိရသည်။

(က-ပ)

ဥမင်အတွင်းပိုင်း သံလမ်းပြေးယာဉ် ခုတ်မောင်းနိုင်အောင် အမြန်ဆောင်ရွက် လုပ်ငန်းအပိုင်းလိုက် ပွင့်လင်းရာသီ ရထားလမ်း ဖွင့်လှစ်နိုင်ရေးစွမ်းဆောင်

ရန်ကုန် ဇွန် ၂၇

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီးဦးဖေသန်းလိုက်ပါ၍ ဇွန်၂၃ရက် မွန်းလွဲပိုင်းတွင် ပခုက္ကူ-ဂန့်ဂေါ၊ ကလေးရထားလမ်း ဖောက်လုပ်ရေးစီမံကိန်း၏ ပုံညာတောင် ဥမင်နှင့် ဥမင်အဝင်ရထားလမ်းဖောက်လုပ်ရေး လုပ်ငန်းခွင်သို့ ရောက်ရှိရာ ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့ သည် ဥမင်အရှေ့ဘက် အဝင်ရထားလမ်း၏ ချိန်းအမှတ်(၁၀၀၀)တွင် သံလမ်းအကြမ်းခင်းခြင်းနှင့်ကျောက် ဖြည့်ပြီးစီးမှုအခြေအနေကို စစ်ဆေးပြီး ချိန်းအမှတ် (၁၈၈၀)အထိ သံလမ်းအကြမ်းစီထားခြင်းကို လိုက်လံကြည့်ရှုသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ချိန်းအမှတ်(၆၆၉၀)ရှိ မုန်တိုင်ချောင်းတံတားသို့ ရောက်ရှိပြီး ရေထုတ်ပြွန်နှင့် ဖို့မြေလုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ချိန်းအမှတ် (၁၁၆၀၀) သို့ ရောက်ရှိပြီး ရထားလမ်းဖြတ်သန်းမည့် ကျောက်တောင်ကို အဆင့်ဆင့်ဖြတ်တောက်ထားခြင်းအား လည်းကောင်း၊ ချိန်းအမှတ် (၁၂၈၄၀) တွင် ပခုက္ကူ-ဂန့်ဂေါ၊ကလေးကားလမ်းပေါ်မှ ဖြတ်ကျော်ဆောက်လုပ်ထားသည့် ၁၇၁ပေ အရှည်ကွန်ကရစ်တံတားနှင့် မြေထိန်းနံရံအတွက် မြေသား လုပ်ငန်းရွက်မှုကိုလည်းကောင်း၊ ယန္တရားများဖြင့် မြေသားဖြတ်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဖြည့်စွက်တင်ပြ

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဥမင်ဖောက်လုပ်ခြင်းလုပ်ငန်းရှင်းလင်းဆောင်သို့ ရောက်ရှိရာ မြန်မာ့မီးရထားမှ စီမံကိန်း အင်ဂျင်နီယာ ဦးမောင်မောင်သွင်က ဥမင်ဖောက်လုပ်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ အမိုးခုံးပိုင်း၊ ဘေးနံရံပိုင်း၊ ကြမ်းခင်းပိုင်းများအလိုက် မြေတူးခြင်းနှင့် ကွန်ကရစ်လောင်းခြင်းလုပ်ငန်းများ ပြီးစီးမှုအခြေအနေ၊ ဆက်လက် ဆောင်ရွက်မည့် အစီအမံများကို ပုံစံကားချပ်များဖြင့် တင်ပြပြီး ဒုတိယဝန်ကြီး ဦးဖေသန်းက လုပ်ငန်းတွင်ကျယ်မြန်ဆန်အောင်ဆောင်ရွက်နိုင်ရေးအတွက် အစီအမံများ ဖြည့်စွက်တင်ပြသည်။

ဝန်ကြီးက တင်ပြချက်များအလိုက် လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးပြီး ဥမင်အတွင်းပိုင်းတွင် သံလမ်းပြေးယာဉ် ဦးစွာ ခုတ်မောင်းနိုင်အောင် အမြန်ဆောင်ရွက်ရေး၊ ဥမင်အဝင်လမ်းများတွင် ဖို့မြေလုပ်ငန်းကိုပဏာမကြီးမားစွာ ဆောင်ရွက်ရသည့်အတွက် ရာသီဥတု ဒဏ်ခံနိုင်ရည်ရှိ အောင်ဆောင်ရွက်ရေး၊ လုပ်ငန်းများကို အပိုင်းလိုက် ပိုင်းခြားပြီး ပွင့်လင်းရာသီတွင် ရထားလမ်းဖွင့်လှစ်ပြေးဆွဲနိုင်ရေးနှင့် လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းမှု ဂရုပြုရေးတို့ မှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၂၄ရက် နံနက်ပိုင်းတွင် ပုံညာတောင် ဥမင်၏ အနောက်ဘက်ခြမ်းမှ မော်တော်ယာဉ်များဖြင့် ဝင်ရောက်ပြီး ဥမင်အကျယ်ပိုင်း တည်ဆောက်ပြီးစီးမှု၊ ဥမင်ကြမ်းခင်းပိုင်း ကွန်ကရစ် လောင်းခြင်းနှင့် သံချည်သံကွေး ဆင်ခြင်းလုပ်ငန်းကို လည်းကောင်း၊ ရေစိမ့်ယိုခြင်းမှ ကာကွယ်ရန်အတွက် ရေစိမ့်နံရံတွင် Jet Goiuting Machine ဖြင့်ခဲတုဆေးရည်မှုတ်သွင်းခြင်း လုပ်ငန်းကို လည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ဥမင်၏အနောက်ဘက်ရထားအဝင်လမ်းရှိ ချိန်းအမှတ် (၁၈၆၀၀)တွင် ရေထုတ်ပြွန် ပြီးစီးမှုနှင့် ယန္တရားများဖြင့် မြေဖို့ခြင်းလုပ်ငန်းကို လည်းကောင်း၊ ချိန်းအမှတ်(၁၈၁၅၀)ရှိ ကမ်းယိုင် ချောင်းရေထုတ်ပြွန်တည်ဆောက်မှုလုပ်ငန်းကို လည်းကောင်း၊ ချိန်း အမှတ်(၁၉၆၄၀)တွင် မြေသားတာပေါင် ဆောင်ရွက်ထားမှုကို လည်းကောင်း ကြည့်ရှု စစ်ဆေးသည်။

၈၅ရာခိုင်နှုန်း

ပုံညာတောင်ဥမင်သည် ပေ ၅၆၁၀ ရှည်လျားပြီး ဥမင်အမိုးပိုင်းနှင့် ဘေး နံရံပိုင်းများ အားလုံး ဆောင်ရွက်ပြီး ဖြစ်သည်။ ကြမ်းခင်းပိုင်းတွင် ပေ ၄၇၇၀ ဆောင်ရွက်ပြီးဖြစ်၍ ပေ ၈၄၀ သာ ဆောင်ရွက်ရန် ကျန်ရှိကာ ဥမင်လုပ်ငန်း၏ ၈၅ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ခင်းကျင်းနေ

ဥမင်အဝင်ရထားလမ်းမှာ အရှေ့ဘက်နှင့်အနောက်ဘက် စုစုပေါင်း ၂မိုင် ရှည်လျားပြီး ယခုအခါ ၆ဒသမ ၇ မိုင်သံလမ်းခင်းပြီးဖြစ်၍ ကျန်ရှိသော လမ်းပိုင်းကိုလည်း ဆက်လက်ခင်းကျင်းလျက်ရှိသည်။

ဝန်ကြီးနှင့်အဖွဲ့သည် ဇွန် ၂၅ရက် နံနက်ပိုင်းတွင် ချင်းတွင်းမြစ်ကူး ဆင်ဖြူရှင်တံတားသို့ ရောက်ရှိပြီး တံတားကြံ့ခိုင်မှုကို ကြည့်ရှုစစ်ဆေးသည်။

တီထွင်ကြံဆ

ဆက်လက်၍ ရွာထောင်ဒီဇယ်စက်ခေါင်းပြင်စက်ရုံသို့ ရောက်ရှိပြီး ဝန်ကြီးက နိုင်ငံခြားငွေ သုံးစွဲမှု သက်သာအောင် စက်ခေါင်း အရန်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရေးနှင့် တီထွင်ကြံဆ ဆောင်ရွက်ခြင်းဖြင့် မြန်မာ့မီးရထားအတွက် လိုအပ်သော အခြားယာဉ်သုံး ပစ္စည်းများပါ တိုးတက်ထုတ်လုပ်နိုင်ရေးတို့ကို မှာကြားသည်။ **(သတင်းစဉ်)**

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ (၃)၊ အမှတ်(၅) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇွန် ၂၇

စိမ်းလဲ့ရွှေပြည်ဂျာနယ် အတွဲ(၃)၊ အမှတ်(၅)ကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

အဆိုပါဂျာနယ်တွင် တက္ကသိုလ်မြတ်သူ၊ သျှင်ပညာဇောတ၊ ဇေယျာအောင်၊ ခေတ္တရာဆရာကျော်၊ အောင်စိုး (တိ/ကု)ဆရာဝန် အမျိုးသားစာပေဆုရ၊ ကျော်ဇင်ညွှန့် (တရားရုံးချုပ်ရှေ့နေ)၊ မောင်ယင်းမာ (ရိုးပြတ်တော)၊ ခင်လယ်လယ်ချစ် (မြန်/ဂုဏ်)၊ မောင်ကောင်းယဉ်၊ မောင်စံဖြူ၊ ခင်မောင်တင် (ဝဲလောင်)၊ နေဝန်းနီ၊ မောင်မြ (စလေ)၊ မရွှေမှုံ၊ ခင်သစ္စာကျော် (မဟာဝိဇ္ဇာ)၊ ညွှန့်သစ်ဝေ (ဇေယျာ)၊ ရာဇာ (ဘိုကလေး)၊ မောင်မောင်စိုးသက်၊ ရည်မွန်အောင် (ပြည်တက္ကသိုလ်)၊ ဖိုးထွေး (စိုက်ပျိုးရေး)၊ ကျော့ကျော့လှိုင်တို့၏ သုတ၊ ရသဆောင်းပါးများ၊ ဝတ္ထုတိုကဏ္ဍ၊ ပြင်စည်အောင် (ခရာတော)၊ မိုးကျော်သူတို့၏ ကဗျာများ၊ မောင်မောင်စန်းလွင်၏ ကာတွန်း၊ ဆြာစန်း၏ ဗေဒင်ကဏ္ဍ၊ H.K ၏ အင်္ဂလိပ်စကားပြောသင်ခန်းစာ၊ ကုန်စျေးနှုန်းတို့ဖြင့် စုံလင်စွာဖော်ပြပါရှိသည်။ **(သတင်းစဉ်)**

ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ တည်ထောင်ခြင်း ကိုးနှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကျင်းပ

ရန်ကုန် ဇွန် ၂၇

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေတည်ထောင်ခြင်း ကိုးနှစ်မြောက်နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့ မွန်းတည့် ၁၂နာရီတွင် ပန်းတစ်ပွင့်တောင်တောရ ကျောင်းတိုက်ရှိ ဓမ္မသုခဗိမာန်၌ ကျင်းပရာ ရှေးဦးစွာ ပရိသတ်တို့က ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ ပဓာနနာယကချုပ် ပန်းတစ်ပွင့်တောင် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း (အထက်တန်း) ကျောင်းအုပ် သဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တပညာသာရထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် အလှူရှင်များက အလှူငွေများကို ပေးအပ်လှူဒါန်းကြပြီး သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရက ပန်းတစ်ပွင့်တောင်တောရ သာသနာ့နယ်မြေ စတင်တည်ထောင်သည်မှ ယနေ့အထိ ကိုးနှစ်တာကာလအတွင်း စေတနာရှင်၊ အလှူရှင်များ၏ စုပေါင်းအားဖြင့် ငွေကျပ်သိန်းပေါင်းများစွာ အကုန်အကျခံ တည်ထားလှူဒါန်းခဲ့ကြသော စေတီတော်များ၊ သာသနိကအဆောက်အအုံများ၊သူငယ်တန်းမှ ဒသမတန်းအထိ ပညာသင်ကြားနေသည့် ဘုန်းတော်ကြီးသင်ပညာရေး လေးထပ် ကျောင်းဆောင်နှင့် တရားအားထုတ်နိုင်မည့် ယောဂီဆောင်များ အပါအဝင် လှူဒါန်းကြသော အလှူရှင်များအား ဝမ်းမြောက်ကြောင်း ဩဝါဒကထာကို မြွက်ကြားတော်မူကာ ငွေကျပ် တစ်သိန်းနှင့်အထက် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ချီးမြှင့်တော်မူသည်။

ယင်းနောက်တိုက်ကြီးတပ်နယ်မှူး ဗိုလ်မှူးကြီးဝင်းမောင်၊ မှော်ဘီမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးလှဦးနှင့် အလှူရှင်များက ပန်းတစ်ပွင့်တောင်ယဉ်ကျေးမှု သင်တန်းများတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသူ ၁၉၄ ဦးတို့အား တစ်ဦးလျှင် ဆုငွေကျပ် ငါးထောင်စီ တန်ဖိုးရှိ စာရေးကိရိယာနှင့် ဆုငွေများ၊ သင်တန်းတက်ရောက်နေကြသူ ကျောင်းသား ကျောင်းသူ ၄၄၀ တို့အား ကျောင်းဝတ်စုံနှင့် ထောက်ပံ့ကြေးငွေ ကျပ်နှစ်ထောင်စီနှင့် သူငယ်တန်းမှ ဒသမတန်း အထိ အတန်းလိုက်ပထမ၊ဒုတိယနှင့်တတိယ ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ **(သတင်းစဉ်)**

ဇွန် ၂၅ရက်က သင်္ဃန်းကျွန်းမြို့နယ် ၁၆ ရပ်ကွက် သုမန ၂လမ်းနေ ဒေါ်လုံး မိသားစုက ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် ၁၆ရပ်ကွက် သာသနာဒီပ သဲအင်းဂူကျောင်းတိုက်ကြီး၏အဝင် မဂ္ဂင်လမ်းမကြီးခင်းရန်အတွက် တတိယအကြိမ် အလှူတော်ငွေကျပ် ၁၀သိန်းနှင့် ဝါဆိုသင်္ကန်းကိုကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသီရိန္ဒထံ ဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

တောင်သူများယုံကြည်ချက်၊ ခံယူချက်ပြည့်ဝပြီး ဘိန်းစိုက်ပျိုးခြင်း လုံးဝစွန့်လွှတ်အောင်ဆောင်ရွက် လူငယ်နှင့် ပြည်သူများ ပါဝင်ယှဉ်ပြိုင်ခြင်းဖြင့် အနုပညာလေ့လာလိုစိတ်ကိန်းအောင်း မူးယစ်ဆေးဝါး ဆန့်ကျင်တိုက်ဖျက်လိုစိတ်များ ပြည်သူလူထုအတွင်း ပျံ့နှံ့လာမည်ဖြစ်

ရန်ကုန် ဇွန် ၂၇

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ တေးသီချင်း၊ ကဗျာ၊ ကာတွန်း၊ ပန်းချီ၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ကွန်ပျူတာ ဒစ်ဂျစ်တယ်ပိုစတာနှင့် ဓာတ်ပုံပြိုင်ပွဲများ ဗဟိုအဆင့်တွင် ရန်ကုန်တိုင်းမှ အထူးဆု ရရှိသူများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး အဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်အမှာစကား ပြောကြားပြီး အထူးဆုများကို ပေးအပ်ချီးမြှင့်သည်။ (ယာပုံ)

ရှေးဦးစွာ ရန်ကုန်တိုင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းက အမှာစကား ပြောကြားရာတွင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးအတွက် နိုင်ငံတော် အစိုးရက မဟာဗျူဟာ(၂)ရပ်၊ နည်းဗျူဟာ (၃)ရပ်နှင့် နည်းနာနိဿယ(၃)ရပ်ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ်တွင်ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့၏ဦးတည်ဆောင်ပုဒ်များမှာ"မူးယစ်အန္တရာယ် လူ့ရန်စွယ် ကာကွယ်တိုက်ဖျက် လက်ချင်းဆက်"၊ "တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှု"၊ "မူးယစ်ကင်းစင် အလှဆင်" တို့ဖြစ်ကြောင်း၊ပြိုင်ပွဲဝင် ကျောင်းသားလူငယ်၊ ကလေးသူငယ်၊ ဝါသနာရှင်များအနေဖြင့် ဦးတည်ဆောင်ပုဒ်များနှင့်အညီ မိမိတို့၏ သဘောပေါက်နားလည်ခံစားမှုများကို ဖွဲ့နွဲ့သီကုံးသရုပ်ဖော်ရေးဆွဲတင်ပြခဲ့မှုများအနက် အကဲဖြတ်လူကြီးများက စိစစ်အကဲဖြတ်ပေးကြပြီး ရသင့်ရထိုက်သော အရည်အသွေး ပြည့်မီသူများအား ရွေးချယ်ဆုချီးမြှင့်ပေးခြင်းဖြစ်ကြောင်း၊ မူးယစ်ဆေးဝါး ထုတ်လုပ်မှု ပပျောက်ရေးတွင် မူးယစ်ဆေးဝါး စိုက်ပျိုးထုတ်လုပ်သည့် နယ်စပ် ဒေသများ ဖွံ့ဖြိုးတိုးတက်အောင်၊ ဘိန်းစိုက်တောင်သူများ စားဝတ်နေရေး ပြည့်စုံအောင်၊ လူနေမှုအဆင့်အတန်းမြင့်မားတိုးတက်အောင်၊ ယုံကြည်ချက်၊ ခံယူချက် ပြည့်ဝလာပြီး ဘိန်းစိုက်ပျိုးခြင်း အလေ့အထလုံးဝစွန့်လွှတ်လာအောင် ဆောင်ရွက်ပေးနိုင်ရေးသည် အဓိကကျသည့် အချက်ဖြစ်သည်ကို မိမိတို့ လက်ခံယုံကြည်ထားကြောင်း၊ ယခုကဲ့သို့ပြိုင်ပွဲများတွင်ကျွမ်းကျင်သည့်ပညာရှင်များ၊ ကျောင်းသားလူငယ်များနှင့် ပြည်သူလူထုအများစု ပါဝင်ယှဉ်ပြိုင်လာခြင်းဖြင့် စာပေ၊ဂီတ၊ အနုပညာ လေ့လာလိုက်စားလိုစိတ်များ ကိန်းအောင်းလာစေပြီး မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးကဏ္ဍသည် ပိုမိုတိုးတက် အောင်မြင်လာမည်ဖြစ်ကြောင်း၊ လာမည့်နှစ်မှာလည်း ယခုနှစ် ပြိုင်ပွဲများကဲ့သို့ တက်တက်ကြွကြွ ပါဝင်ယှဉ်ပြိုင်ကြရန် လှိုက်လှဲစွာ ကြိုဆိုဖိတ်ခေါ်ကြောင်း၊ ပြိုင်ပွဲဝင် အရေအတွက် တိုးတက်မြင့်မားလာသည်နှင့်အမျှ မူးယစ်ဆေးဝါးအန္တရာယ်ကိုဆန့်ကျင်တိုက်ဖျက်လိုစိတ်များ ပြည်သူလူထုအတွင်းမှာ ပျံ့နှံ့လာမည်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားသွားသည်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်းနှင့် တာဝန်ရှိသူများက ရန်ကုန်တိုင်း အတွင်းမှ အထူးဆုများ ရရှိကြသော ကာတွန်းပြိုင်ပွဲတွင် အသက် ၁၀ နှစ်အောက် သုံးဦး၊ အသက် ၁၀နှစ်မှ ၁၅ နှစ် နှစ်ဦး၊ အသက် ၁၅နှစ်မှ ၂၀ သုံးဦး၊ အသက် ၂၀နှင့်အထက်ငါးဦး၊ ပန်းချီပြိုင်ပွဲတွင် အသက်၁၀နှစ်အောက်သုံးဦး၊ အသက် ၁၀နှစ်မှ ၁၅ နှစ် သုံးဦး၊ အသက် ၁၅ နှစ်မှ ၂၀ နှစ်ဦး၊ အသက် ၂၀ အထက်သုံးဦး၊ ပိုစတာပြိုင်ပွဲတွင် အသက် ၁၀နှစ်အောက် သုံးဦး၊ အသက် ၁၀ နှစ်မှ ၁၅ နှစ်လေးဦး၊ အသက် ၁၅နှစ်မှ ၂၀ သုံးဦး၊ အသက် ၂၀ အထက် လေးဦး၊ ကွန်ပျူတာ ပိုစတာပြိုင်ပွဲတွင် သုံးဦး၊ ကွန်ပျူတာ ပန်းချီပြိုင်ပွဲတွင် အထက်တန်းအဆင့် သုံးဦး၊ အလယ်တန်းအဆင့် တစ်ဦး၊ တေးသီချင်းပြိုင်ပွဲတွင် ငါးဦး၊ ဝတ္ထုပြိုင်ပွဲတွင် နှစ်ဦး၊ ဆောင်းပါးပြိုင်ပွဲတွင် နှစ်ဦး၊ ကဗျာပြိုင်ပွဲတွင် သုံးဦး စုစုပေါင်း ၅၇ ဦးတို့အား အထူးဆုများကို ပေးအပ်ချီးမြှင့်ကြသည်။**(သတင်းစဉ်)**

ရွှေမင်းဝံသာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇွန် ၂၇

ရွှေမင်းဝံ သာသနာ့ရိပ်သာ အမှတ်(၇၀) သာသနာ့ရိပ်သာလမ်း အလယ်ရွှေဂုံတိုင်ရပ်ကွက် ဗဟန်းမြို့နယ်တွင် (၂၄)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၁၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီ၌ ဓမ္မဗိမာန်တော် အပေါ်ထပ်တွင် ကျင်းပမည်ဖြစ်ရာ အလှူရှင်များ ကိုယ်တိုင် ကပ်လှူနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး နယ်မြေလူထုနှင့် ပူးပေါင်း အသင်း၏လက်တွေ့ကျသော အကျိုးပြုလုပ်ငန်းဆောင်ရွက်

နေပြည်တော် ဇွန် ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဋ္ဌေးဦးသည် ဇွန် ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် မန္တလေးတိုင်း ပုဂံ-ညောင်ဦးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းရုံး၌ ခရိုင်နှင့် မြို့နယ် အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မြို့နယ်အလုပ်အမှုဆောင် ဦးအောင်ကျော်က အသင်းကြီး၏ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်မှုတို့ကို တင်ပြသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဋ္ဌေးဦးက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်မြေလူထုနှင့် ပူးပေါင်းဆောင်ရွက်သွားရေး၊ အသင်းကြီး၏ ချမှတ်ထားသော လုပ်ငန်းစဉ်များ လက်တွေ့ကျသော အကျိုးပြုလုပ်ငန်းဖြင့် ဆက်စပ်ဆောင်ရွက်ကြရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သဒ္ဓမ္မပါလ နေ့ဖြူတိုက်သစ်ကျောင်း ဝိပဿနာခုနစ်ရက်တရားစခန်းဖွင့်မည်

ရန်ကုန် ဇွန် ၂၇

တောင်ဥက္ကလာပမြို့နယ် ၁၄/၂ ရပ်ကွက် ဇင်ရော်လမ်း သဒ္ဓမ္မပါလ ဓနေ့ဖြူတိုက်သစ်ကျောင်း၌ (၂၂)ကြိမ်မြောက် ဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဇူလိုင် ၃ ရက်မှ ၉ ရက်အထိ ဖွင့်လှစ်မည်ဖြစ်သည်။

ယင်းတရားစခန်းပွဲတွင် သစ္စာဒီပက ဆရာကြီးဦးကြည်၏ ဥပနိဿယ အတိုင်း ကျောင်းတိုက်၏ ပဓာနနာယက ကမ္မဋ္ဌာနာစရိယ အရှင်သာသန (သာသနဓဇ ဓမ္မာစရိယ)က ဓမ္မာနုပဿနာသတိပဋ္ဌာန် ဝိပဿနာ တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။ တရားစခန်းဝင်ရောက်လိုသော ယောဂီများ ဇူလိုင် ၂ ရက် ညနေ ၆ နာရီအရောက်ကြွရောက်ပါရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

အသင်းဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် သင်ကြားမှုအထောက်အကူပြု ခုံနှင့်ထိုင်ခုံများ လှူဒါန်းပွဲတက်ရောက်

ရန်ကုန် ဇွန် ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်သည် ဇွန် ၂၄ ရက်က ဧရာဝတီတိုင်း မြောင်းမြခရိုင် မြောင်းမြမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ခရိုင်နှင့် မြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များ၊ ဒေသခံပြည်သူများအားတွေ့ဆုံပွဲအခမ်းအနားနှင့်ဧရာဝတီတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ မြောင်းမြမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများသို့ စာသင်ခုံနှင့် ထိုင်ခုံအစုံများပေးအပ်လှူဒါန်းပွဲ အခမ်းအနားများသို့ တက်ရောက်သည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက နိုင်ငံတော်မှ နယ်စပ်ဒေသ ဖွံ့ဖြိုးရေးဆောင်ရွက်ပေးနေမှုများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆောင်ရွက်နေမှုများ၊ ဒေသများဖွံ့ဖြိုးတိုးတက်နေမှုများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်တွင် ပါဝင်ဆောင်ရွက်နေမှုများ၊ ကျေးလက်ပညာရေးကဏ္ဍမြင့်မားရေးအတွက် ကူညီဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဒေါ်နွယ်နွယ်ဦးက ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအား ရှင်းလင်းတင်ပြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် တိုင်းအသင်းအတွင်းရေးမှူးဦးသန်းထွန်းနှင့် တိုင်းအသင်း အလုပ်အမှုဆောင်များ၊ ခရိုင်အသင်း အတွင်းရေးမှူးများက မြောင်းမြမြို့နယ်ရှိ ရွာဘို၊ ဝဲချောင်း၊ ညောင်ပိုင်းလေး၊ သာလိကာကုန်း၊ မဓမလင်းဒိုင်းနှင့် ကြာဖူးငုံလက်ပံကျေးရွာအခြေခံပညာ မူလတန်းကျောင်းများအတွက် စာသင်ခုံနှင့် ထိုင်ခုံအစုံများအား အသီးသီး ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများက လက်ခံယူသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် မြောင်းမြ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအစည်းအဝေးခန်းမ၌ဧရာဝတီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး၊တိုင်းအသင်း အလုပ်အမှုဆောင်များ၊ မြောင်းမြခရိုင်နှင့် မြို့နယ်အသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံပြီး အသင်းအတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၏ တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးပြီး လိုအပ်သည်များ ရှင်းလင်းမှာကြားခဲ့သည်။

တက်ရောက်

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးသည် ဇွန်၂၅ရက် နံနက် ၁၀နာရီတွင် ဖျာပုံခရိုင် ကျိုက်လတ်မြို့ ရွှေဧရာအောင်ခန်းမ၌ ကျင်းပသော ခရိုင်နှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများ၊ အလုပ်အမှုဆောင်များ၊ အသင်းဝင်များနှင့်ဒေသခံပြည်သူများတွေ့ဆုံပွဲ အခမ်းအနားနှင့် ဧရာဝတီတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းမှ ကျိုက်လတ်မြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းကျောင်းများသို့ သင်ကြားမှု အထောက်အကူပြု စာသင်ခုံနှင့် ထိုင်ခုံများလှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။ **(အပေါ်ဝဲပုံ)**

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက ကျေးလက်ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ချက်များ၊ ကျေးလက်ပညာ ဖွံ့ဖြိုးတိုးတက်မှုများနှင့် ပတ်သက်၍ ပြောကြားရာ တာဝန်ရှိသူများက ဒေသဖွံ့ဖြိုးရေးများတွင် အသင်းကြီးမှ ပါဝင် ဆောင်ရွက်နေမှုများတို့အား ရှင်းလင်းတင်ပြသည်။

လက်ခံရယူ

ယင်းနောက် ကျိုက်လတ်မြို့နယ်အတွင်းရှိ ကျီးချောင်းကျေးရွာ၊ ဆူးဂဏန်းကျေးရွာအခြေခံပညာမူလတန်းကျောင်းများသို့ စာသင်ခုံနှင့် ထိုင်ခုံများ၊ ကျောင်းသုံးစာရေး ကိရိယာများအား တိုင်းအသင်း တွဲဖက်အတွင်းရေးမှူး ဦးအောင်တင်မြင့်၊ တိုင်းအသင်းအလုပ်အမှုဆောင်များနှင့် ဖျာပုံခရိုင်အသင်း အတွင်းရေးမှူးတို့က အသီးသီးပေးအပ်လှူဒါန်းရာ ကျိုက်လတ်မြို့နယ် ပညာရေးမှူးနှင့် သက်ဆိုင်ရာ ကျောင်းအုပ်ဆရာမကြီးများက လက်ခံရယူသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးသည် ကျိုက်လတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးခန်းမ၌ အဖွဲ့ရုံးဝန်ထမ်းများနှင့် တွေ့ဆုံပြီး တင်ပြချက်များအပေါ် ဖြည့်ဆည်း ဆောင်ရွက်ပေးကာ လိုအပ်ချက်များအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကမ္ဘာ့ဖလား အိမ်ရှင်ဂျာမနီအသင်း ချန်ပီယံခြေစွမ်းပြနေပြီ

ဥရောပမြေမှာ အာဂျင်တီးနား အောင်မြင်မှုရနိုင်ပါမည်လော

ရန်ကုန် ဇွန် ၂၇

၂၀၀၆ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်များ ပြီးဆုံးသွားပြီဖြစ်ရာ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဇွန် ၃၀ရက်မှ ဇူလိုင် ၂ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ ဇွန် ၃၀ရက် မြန်မာစံတော်ချိန် ည ၉နာရီခွဲတွင် ဘာလင်မြို့ရှိ Olympia Stadion အားကစားကွင်း၌ ကွာတားဖိုင်နယ်ပွဲစဉ်(၁)အဖြစ် အိမ်ရှင်ဂျာမနီအသင်းနှင့် အာဂျင်တီးနားအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

ဂျာမနီအသင်း

ကမ္ဘာ့ဖလားအိမ်ရှင်ဂျာမနီအသင်းသည် ဒုတိယအဆင့်ရှုံးထွက် ပွဲစဉ်၌ ဆွီဒင်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်လှမ်းလာခြင်းဖြစ်သည်။ ဂျာမနီအသင်းက ဆွီဒင်အသင်းကို အနိုင်ရရှိလိုက်ခြင်းသည် ၁၉၈၂ကမ္ဘာ့ဖလားပွဲမှ စတင်၍ ခုနစ်ကြိမ်ဆက်တိုက် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်ခဲ့ခြင်းဖြစ်သည်။ နာမည်ကြီး အင်္ဂလန်အသင်းက ဆွီဒင်အသင်းကို ၃၈နှစ်တာကာလအတွင်း အနိုင်မရခဲ့ဖူးသေးသော်လည်း ဂျာမနီအသင်းက ဆွီဒင်ကို အနိုင်ကစားပြခဲ့သည်။ ဆွီဒင်အသင်းကိုအနိုင်ရရှိပြီးနောက် ဂျာမနီနည်းပြ ကလင်းစမန်းက **"အလွန်ကျေနပ်စရာကောင်းသည့်ရလဒ်ဖြစ်ကြောင်း၊ ဂျာမနီအသင်းကိုအားပေးကြသည့် ပရိသတ်အားလုံး ဂုဏ်ယူဝမ်းမြောက်စရာပင်ဖြစ်ကြောင်း၊ ပယ်နယ်တီပေးခံရချိန်၌ ရင်မောခဲ့ရသေးကြောင်း၊ မိမိတို့တစ်ပွဲထက်တစ်ပွဲ ပိုကောင်းလာကြောင်း၊ ကစားသမားအားလုံး အာရုံစူးစိုက်မှုအပြည့်ဖြင့်ကြိုးစားခဲ့ကြကြောင်း၊ ပထမပိုင်း မိနစ် ၃၀အတွင်းကစားပြခဲ့သည့် ခြေစွမ်းမျိုးကို ယခင် ဂျာမနီအသင်းများ၌ မြင်တွေ့ရဖူးခြင်း မရှိလောက်အောင်ကို မိမိတို့အသင်းကောင်းခဲ့ကြောင်း"** ပြောကြားခဲ့သည်။

နည်းပြ ကလင်းစမန်း ဂုဏ်ယူဝင့်ကြွားမည်ဆိုက ဝင့်ကြွားစရာပင်ဖြစ်သည်။ ဆွီဒင်အသင်းနှင့် ကစားခဲ့သည့် ဂျာမနီအသင်း၏ ခြေစွမ်းမှာ အုပ်စုပွဲစဉ်များ ကစားခဲ့ပုံနှင့် ဘာမှမဆိုင်ဘဲ ထူးရှယ်ဖြစ်နေသည်။ ၂၀၀၂ ကမ္ဘာ့ဖလားပွဲ၌ ဒုတိယရခဲ့သည့် ဂျာမနီအသင်းပင်လျှင် ယခုလောက် မျက်စိထဲစွဲမက်စရာကောင်းအောင် မကစားနိုင်ခဲ့ပါ။ ဂျာမနီအသင်းသည် အနိုင်ဂိုးနှစ်ဂိုးစလုံးကို ပွဲစပြီး၁၂ မိနစ်အတွင်းသွင်းယူခဲ့ခြင်းဖြစ်သည်။ ဂျာမနီအသင်းရရှိခဲ့သည့် နှစ်ဂိုးစလုံးမှာ ကလိုဆေးနှင့် ပိုဒေါစကီးတို့ အတွဲအဖက်ဖြင့် ရရှိခဲ့ခြင်းဖြစ်ပြီး ပိုဒေါစကီးက နှစ်ဂိုးသွင်းယူခဲ့သည်။ **ဂျာမနီအသင်းသည် ပထမပိုင်း မိနစ် ၂၀အတွင်း ဆွီဒင်အသင်းဘက်သို့လွတ်လွတ်ကျွတ်ကျွတ် ကန်သွင်းခွင့် ၁၀ ကြိမ်ရရှိခဲ့ရာ ဆွီဒင်ဂိုးသမား အက်ဆက်ဆင် အစွမ်းပြကာကွယ်နိုင်၍ ဂိုးအရေနည်းခဲ့ခြင်း ဖြစ်သည်။**

ဂိုးအများဆုံးသွင်း

ဂျာမနီအသင်းအုပ်စုပွဲစဉ်မှဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်အထိ လေးပွဲကစားခဲ့ရာတွင် ၁၀ ဂိုးသွင်းယူနိုင်ခဲ့ပြီး နှစ်ဂိုးသာ ပြန်ပေးခဲ့ရသည်။ ဂျာမနီအသင်းအတွက် ကလိုဆေးက လေးဂိုး၊ ပိုဒေါစကီးက သုံးဂိုး၊ ဖိလစ်လမ်း၊ ဖရင်းနှင့် နျူဗီးလ်တို့က တစ်ဂိုးစီ သွင်းယူပေးခဲ့ကြသည်။ ဂျာမနီအသင်းမှ ကစားသမားများ ပွဲစဉ်တိုင်း အကောင်းဆုံးဆု ရရှိခဲ့ကြရာ ကလိုဆေးက နှစ်ကြိမ်၊ မိုက်ကယ်ဘောလက်နှင့် ဖိလစ်လမ်းတို့ တစ်ကြိမ်စီ ရရှိထားကြသည်။ တိုက်စစ်မှူး ကလိုဆေးသည် စုစုပေါင်း လေးဂိုးဖြင့် ဂိုးအများဆုံး သွင်းသူအဖြစ် ရပ်တည်လျက်ရှိသည်။ **ကမ္ဘာ့ဖလားပြိုင်ပွဲ မှတ်တမ်းမှတ်ရာများအရ ဂျာမနီတိုက်စစ်မှူး ကလိုဆေးသည် အခွင့်အရေးကို အကောင်းဆုံးအသုံးချနိုင်သူအဖြစ် မှတ်တမ်းတင်ခြင်းခံထားရသည်။ ကလိုဆေးသည် ဂိုးပေါက်ထဲသို့ ၁၃ ကြိမ် ကန်သွင်းရာ ကိုးကြိမ် ဂိုးပေါက်တည့်ပြီး လေးဂိုးဝင်ခဲ့သည်ဟု မှတ်တမ်းများ၌ ဖော်ပြထားသည်။ ကမ္ဘာ့ဖလားပွဲတွင် ခြေစွမ်းပြ ဂိုးသွင်းယူနေသော တိုက်စစ်မှူး ကလိုဆေးကို မန်ယူအသင်းက ခေါ်ယူရန် စိတ်ဝင်စားလျက်ရှိရာ ဝါဒါဘရီမင်အသင်းက မန်ယူတိုက်စစ်မှူး နစ္စတယ်ရွိုင်းနှင့် လဲလှယ်မှုပြုလုပ်ရန် စိတ်ဝင်စားနေကြောင်း သိရသည်။**

ဂျာမနီနည်းပြကလင်းစမန်းသည် ဂျာမနီအသင်းသားများကို အာဂျင်တီးနားနှင့်ကစားမီ တစ်ရက်ခွဲခန့်

ဂျာမနီ အောင်ပွဲခံ

ဂျာမနီအသင်းနှင့် ဆွီဒင်အသင်းပွဲစဉ်တွင် ဂျာမနီအသင်းအတွက် ပိုဒေါစကီးက ဒုတိယ ဂိုးသွင်းယူခဲ့ပြီးနောက် ဂျာမနီအသင်း နည်းပြ ကလင်းစမန်း၊ အသင်းခေါင်းဆောင် မိုက်ကယ် ဘောလက်နှင့် အသင်းသားများ ဤသို့အောင်ပွဲခံ ပျော်မြူးခဲ့ကြသည်။

(ဓာတ်ပုံ-အင်တာနက်)

အနားပေးထားမည်ဟု သိရသည်။ ဂျာမနီအသင်းတည်းခိုရာ ဘာလင်ဟိုတယ်မှ တနင်္ဂနွေနေ့ နေ့လယ်ပိုင်းတွင် အပြင်ထွက်ခွင့်ပြုထားပြီး ထိုသို့အနားပေးသဖြင့် ကစားသမားများ၏ လုပ်အားနှုန်း ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ဂျာမနီအသင်းသည် ကွာတားဖိုင်နယ်သို့ တက်ရောက်နိုင်ခြင်းဖြင့် အားတက်ရွှင်လန်းစရာအပြည့်ဖြစ်နေချိန်တွင် ဂိုးသမားအိုလီဗာခန်းက မကျေမနပ်ဖြစ်လျက်ရှိသည်။ ဂျာမနီအသင်း၏ ပထမဦးစားပေး ဂိုးသမား နေရာကို ဂျင်းလေမန်းအား လွှဲပြောင်းပေးလိုက်ရပြီးနောက် အိုလီဗာခန်း မကျေမနပ်ဖြစ်နေခြင်းဖြစ်သည်။ အိုလီဗာခန်းက နည်းပြကလင်းစမန်း အနေဖြင့် သူ့အား ပထမဂိုးသမားနေရာ မပေးခြင်းအတွက်ဖြေရှင်းချက်ပေးရမည်ဟု ပြောကြားခဲ့သည်။ **ဂျာမနီအသင်းသားများ ဆွီဒင်ကိုအနိုင်ရပြီး အောင်ပွဲခံနေချိန်တွင် အရန်ခုံထိုင်နေရသည့် ဂိုးသမား အိုလီဗာခန်း မပျော်နိုင်ဘဲ ပေါက်ကွဲနေခြင်း ဖြစ်သည်။ ကမ္ဘာ့ဖလားပွဲမစတင်မီကပင် နည်းပြ ကလင်းစမန်းက အာဆင်နယ်ဂိုးသမား ဂျင်းလေမန်းကို ပထမဦးစားပေး ဂိုးသမားအဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်ပြီး အိုလီဗာခန်းကလည်း သဘောတူညီထားခဲ့သည်။**

မိုက်ကယ်ဘောလက်

ဂျာမနီအသင်း ခေါင်းဆောင် မိုက်ကယ်ဘောလက်သည် ဆွီဒင်နှင့်ပွဲ၌ ဒဏ်ရာအနည်းငယ်ရရှိခဲ့သဖြင့် လေ့ကျင့်ခန်းမဆင်းနိုင်ဘဲ ဖြစ်နေသည်။ ဂျာမနီအသင်း ဆရာဝန်က ဘောလက်၏ဒဏ်ရာမှာသာမန်အသေးစားဒဏ်ရာသာဖြစ်၍ အာဂျင်တီးနားနှင့်ပွဲ၌ ပါဝင်ကစားနိုင်မည်ဟု ပြောသည်။ ဂျာမနီအသင်း အုပ်ချုပ်သူ ဘီယာဟော့ဖ်ကလည်း မိုက်ကယ်ဘောလက် လေ့ကျင့်ခန်းမဆင်းနိုင်သော်လည်း စိုးရိမ်စရာမရှိကြောင်း ပြောကြားခဲ့သည်။ ဂျာမနီတိုက်စစ်မှူး ကလိုဆေးက အာဂျင်တီးနားနှင့်ပွဲတွင် မိုက်ကယ်ဘောလက် ဂိုးသွင်းနိုင်မည်ဟု ထင်ကြောင်း ပြောကြားသည်။ ဂျာမနီအသင်း၏ ပထမ တာထွက် ဂိုးသမား ဂျင်းလေမန်းက ဂျာမနီအသင်း၏ လက်ရှိကစားသမား အင်အားသည် ကမ္ဘာ့ဖလား ဆွတ်ခူးနိုင်သည်ဟု ယုံကြည်ကြောင်း၊ တောင့်တင်းသည့် အသင်းတစ်သင်းဖြစ်၍ မည်သည့်ပြိုင်ဘက်မျိုးကိုမဆို အနိုင်ရအောင်ကစားနိုင်စွမ်းရှိကြောင်း ပြောကြားခဲ့သည်။

အာဂျင်တီးနား

ကမ္ဘာ့ဖလားပြိုင်ပွဲတွင် နှစ်ကြိမ်ဗိုလ်စွဲဖူးပြီး အောင်မြင်မှု အစဉ်အလာရှိသော အာဂျင်တီးနားအသင်းသည် ဥရောပမြေပေါ်၌ ချန်ပီယံမဖြစ်ဖူးသေးချေ။ ယခုပြိုင်ပွဲ၌ အိမ်ရှင် ဂျာမနီအသင်းနှင့်ကွာတားဖိုင်နယ်၌ ဆုံတွေ့နေရာ အာဂျင်တီးနားအသင်း အတွက် အခက်ခဲဆုံး ပြိုင်ဘက်နှင့် ရင်ဆိုင်ရခြင်းပင်ဖြစ်သည်။ အိမ်ရှင် ဂျာမနီအသင်းကိုကျော်ဖြတ်နိုင်ခဲ့ပါမူ ချန်ပီယံဆုဖလားနှင့် လက်တစ်ကမ်းအလိုသို့ ရောက်ရှိသွားမည်ဖြစ်ရာ အာဂျင်တီးနားတို့၏ ခြေစွမ်းအမှန်ကို မှတ်ကျောက်အတင်ခံရမည့်ပွဲ ဖြစ်သည်။ အာဂျင်တီးနား အသင်းသည် ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်၌ မက္ကဆီကိုအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်လာခြင်းဖြစ်သည်။ အာဂျင်တီးနားသည် ရှုံးထွက်ပွဲစဉ်၌ မက္ကဆီကိုအသင်းကို ခက်ခက်ခဲခဲ ကစားပြီးမှ အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ မက္ကဆီကိုအသင်း၏ ဦးဆောင်ဂိုးသွင်းယူမှုကို ခံရပြီးမှ ချေပဂိုး သွင်းနိုင်ခဲ့သည်။ ပုံမှန်ပွဲကစားချိန် မိနစ် ၉၀ ပြီးဆုံးသည်အထိ တစ်ဂိုးစီသရေပွဲဖြစ်နေ၍ အချိန်ပို မိနစ် ၃၀ ဆက်လက်ယှဉ်ပြိုင်ရာ ရိုဒရီဂွက်ဇ်က အနိုင်ဂိုးသွင်းယူပေး၍ ကွာတားဖိုင်နယ်သို့ ခရီးဆက်နိုင်ခဲ့ခြင်းဖြစ်သည်။

အာဂျင်တီးနား အသင်းသည် မက္ကဆီကိုအသင်းကို အနိုင်ရရှိလိုက်ခြင်းကြောင့် ကမ္ဘာ့ဖလားနောက်ဆုံးငါးပွဲဆက်တိုက် အရှုံးမရှိစံချိန်တင်နိုင်ခဲ့သည်။ မက္ကဆီကိုအသင်းကို အနိုင်ရပြီးနောက် အာဂျင်တီးနားနည်းပြ ပီကာမင်က **"ယခုပွဲ၌ နှစ်သင်းစလုံး အခွင့်အရေး ဆတူရရှိခဲ့ကြောင်း၊ သို့သော်လည်း နောက်ဆုံး၌ ပိုကောင်းသည့် အသင်းက အောင်ပွဲခံနိုင်ခဲ့ကြောင်း၊ ရိုဒရီဂွက်ဇ်သွင်းယူသော ဂိုးမှာ အလွန်လှပပြီး အဆင့်အတန်းမြင့်သည့် ဂိုးဖြစ်ကြောင်း၊ အသင်းသားများ၏ စွမ်းဆောင်ရည်ကြောင့် ကွာတားဖိုင်နယ်၌ အိမ်ရှင်ဂျာမနီအသင်းကို ကျော်ဖြတ်နိုင်မည်ဟု ယုံကြည်ကြောင်း"** ပြောကြားခဲ့သည်။

အာဂျင်တီးနားအသင်းသည် အုပ်စုပွဲစဉ်၌ ဆားဘီးယားအသင်းကို ခြောက်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရရှိပြီးနောက် ဗိုလ်စွဲနိုင်သည်ဟု ရေပန်းစားမှု ဒုတိယနေရာသို့ ရောက်ရှိနေသည်။ ဂျာမနီအသင်းကို အနိုင်ရရှိပါက ဗိုလ်လုပွဲအထိ ခရီးပေါက်နိုင်သည်။

လေးပွဲဆက်တိုက် ဂိုးသွင်းယူ

အာဂျင်တီးနား အသင်းသည် အုပ်စုပွဲစဉ်မှ ဒုတိယအဆင့်ရှုံးထွက်ပွဲစဉ်အထိ လေးပွဲကစားခဲ့ရာတွင် ၁၀ဂိုးသွင်းယူခဲ့ပြီး သုံးဂိုးပြန်ပေးခဲ့ရသည်။ အာဂျင်တီးနားအသင်းအတွက် ခရက်စပိုနှင့် ရိုဒရီဂွက်ဇ်တို့က သုံးဂိုးစီ၊ မက်ဆီ၊ဆာဗီယိုလာ၊ တီဗက်ဇ်နှင့် ကမ်ဘီယာဆိုတို့က တစ်ဂိုးစီ သွင်းယူပေးခဲ့ကြသည်။ အာဂျင်တီးနားအသင်းမှ ဆာဗီယိုလာ၊ ရီကွယ်လ်မီး၊ တီဗက်ဇ်နှင့် ရိုဒရီဂွက်ဇ်တို့ ပွဲစဉ်အလိုက် အကောင်းဆုံးဆုရရှိထားသည်။ မက္ကဆီကိုနှင့်ပွဲတွင် အာဂျင်တီးနား၏ ချေပဂိုးကို မက္ကဆီကိုအသင်းမှ ဘော်ဂတ်တီ ကိုယ့်ဂိုးကိုယ်သွင်းခြင်းဟု ယူဆခဲ့ကြသော်လည်း ခရက်စပိုသွင်းသည့်ဂိုးဟု ဖီဖာက သတ်မှတ်ပေးခဲ့သည်။ **ခရက်စပိုသည် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ လေးပွဲဆက်တိုက် ဂိုးသွင်းယူနိုင်သည့် ကစားသမားအဖြစ် စံချိန်တင်နိုင်ခဲ့သည်။**

အာဂျင်တီးနားအသင်းမှ လူငယ်ကစားသမားမက်ဆီသည် ပွဲဦးထွက်အသင်း၌ ပါဝင် ကစားခွင့်မရသေးသော်လည်း လူစားဝင်ကစားပြီး တစ်ဂိုးသွင်းယူနိုင်ခဲ့သည်။ လူငယ်ခြေတက် မက်ဆီက အာဂျင်တီးနား ဂန္တဝင်ကစားသမား မာရာဒိုနာကို အားကျကြောင်း၊ မာရာဒိုနာကဲ့သို့ အောင်မြင်မှုများရရှိလိုကြောင်း ပြောကြားခဲ့သည်။ မာရာဒိုနာကလည်း **"မက်ဆီသည် ပင်ကို ပါရမီပြည့်ဝသည့် ကစားသမားတစ်ဦး ဖြစ်ကြောင်း၊ တစ်ချိန်၌ ကမ္ဘာ့အကောင်းဆုံး ဘောလုံးသမားတစ်ဦးဖြစ်လာနိုင်ကြောင်း"** ပြောကြားခဲ့သည်။ အာဂျင်တီးနားနောက်တန်းလူ ဘာဒစ်ဆိုသည် ဒဏ်ရာ ပြန်လည်ကောင်းမွန်လာ၍ ဂျာမနီနှင့်ပွဲတွင် ပါဝင်ကစားနိုင်ဖွယ်ရှိသည်။ ဘာဒစ်ဆိုသည် ဒူးဒဏ်ရာကြောင့် မက္ကဆီကိုနှင့် ရှုံးထွက်ပွဲတွင် ပါဝင်ကစားနိုင်ခြင်း မရှိခဲ့ပေ။

နှစ်ဂိုးစီသရေကျ

ဂျာမနီအသင်း၏ လက်ရှိ ကမ္ဘာ့အဆင့်(၁၉)၊ အာဂျင်တီးနားအသင်း၏ လက်ရှိကမ္ဘာ့အဆင့်(၈)ဖြစ်သည်။ ဂျာမနီနှင့် အာဂျင်တီးနားအသင်းတို့ ၂၀၀၄ခုနှစ်မှ ၂၀၀၆ခုနှစ်အတွင်း နှစ်ကြိမ်ဆုံတွေ့ခဲ့ရာ နှစ်ပွဲစလုံး သရေကျခဲ့သည်။ ခြေစမ်းပွဲတွင် နှစ်ဂိုးစီသရေကျပြီး ကွန်ဖက်ဒရေးရှင်းဖလားပွဲတွင် နှစ်ဂိုးစီသရေကျခဲ့ခြင်းဖြစ်သည်။ ဂျာမနီအသင်းသည် ကမ္ဘာ့ဖလားပွဲမစမီက အိမ်ရှင်ဖြစ်၍ ဗိုလ်စွဲရန် ရေပန်းစားနေသော်လည်း ခြေစွမ်းအားဖြင့် အားရစရာမရှိဟု သုံးသပ်ခဲ့ကြသည်။ အုပ်စုပွဲစဉ်များတွင် တစ်ပွဲထက်တစ်ပွဲခြေတွေ့လာသော ဂျာမနီအသင်းသည် ရှုံးထွက်ပွဲစဉ် ဆွီဒင်နှင့်ကစားသောအခါ ချန်ပီယံခြေစွမ်းမျိုးပြသနိုင်ခဲ့သည်။ ဂျာမနီနည်းပြ ကလင်းစမန်းပြောသကဲ့သို့ ဆွီဒင်နှင့်ကစားသည့်ပထမပိုင်း ခြေစွမ်းမှာ ယခင်ဂျာမနီအသင်းများ၌ မြင်တွေ့ရဖူးခြင်းမရှိခဲ့ပါ။ ဂျာမနီ စတိုင်ကို ယခင်ကမျက်စိထဲမစွဲသူများပင်လျှင် ထိုပွဲကို ကြည့်ပြီးသောအခါ ကောင်းလှချည့်လားဂျာမနီ ဖြစ်ခဲ့ကြသည်။

ဂျာမနီနည်းပြ ကလင်းစမန်းက **"မိမိတို့အသင်း အနည်းဆုံး အကြိုဗိုလ်လုပွဲသို့ ရောက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဖြစ်မလာဘဲ ကွာတားဖိုင်နယ်မှ ထွက်ခဲ့ရလျှင် ကံဆိုးမိုးမှောင်ကျခြင်းပင်ဖြစ်ကြောင်း"** ပြောကြားခဲ့ရာ အနိုင်အတွက် ဖိအားမည်မျှရှိသည်ကို သိနိုင်သည်။ အိမ်ရှင်အားသာချက်ရှိသော်လည်း နိုင်မှဖြစ်မည်ဟူသော ဖိအားကိုတောင့်ခံကြရမည်ဖြစ်သည်။ ဆွီဒင်နှင့်ပွဲတွင် အဆိုပါဖိအားကို ခွန်အားအဖြစ် ပြောင်းလဲနိုင်ခဲ့သည့် ဂျာမနီကစားသမားများ၏ စိတ်ဓာတ်မှာ ချီးကျူးစရာပင်ဖြစ်သည်။ ဂျာမနီအသင်း ယခုကဲ့သို့ ခြေစွမ်းပြနိုင်ခြင်းမှာ အိမ်ရှင်အားသာချက်များပါဝင်ကြောင်း မငြင်းနိုင်ပေ။ ဂျာမနီနည်းပြ ကလင်းစမန်းက မိမိတို့၏ အနိုင်ပွဲများသည် ပရိသတ်၏ အားပေးမှုအဓိကကျကြောင်း ပြောကြားခဲ့သည်။

ပွဲကြိုသုံးသပ်

ဂျာမနီနှင့် အာဂျင်တီးနားပွဲအပေါ် ပွဲကြိုသုံးသပ်ရာ၌ အိမ်ရှင်အားသာချက်ကို ထည့်မပြော၍ မပြည့်စုံနိုင်ပေ။ အချို့က ပွဲကြိုသုံးသပ်ရာတွင် နည်းစနစ်၊ နည်းဗျူဟာကိုသာ ဖောင်းပေးပြောရမည်ဟု ယူဆသူများလည်း ရှိသည်။ ခေတ်သစ်ဘောလုံးပြိုင်ပွဲများသည် နည်းစနစ်၊ နည်းဗျူဟာ တစ်ခုတည်းကို ဖောင်းပေးသုံးသပ်၍ မရနိုင်တော့ချေ။ ဘောလုံးအနိုင်ရရှိရေးသည် အားကစားအောင်မြင်မှု တစ်ခုသာမဟုတ်တော့ဘဲ နိုင်ငံ၏ ဂုဏ်သိက္ခာနှင့် သက်ဆိုင်နေသည်ဖြစ်ရာ သူ့ထက်ငါ အနိုင်ရရှိရေး နည်းလမ်းမျိုးစုံဖြင့် ကြိုးစားနေချိန် ဖြစ်သည်။ ဂျာမနီအသင်းသည် အိမ်ရှင်ဖြစ်သောကြောင့် ဒိုင်လူကြီး၊ ရာသီဥတုနှင့် ပရိသတ်အားပေးမှုဟူသော အားသာချက် ရှိနေသည်။ ဆွီဒင်နှင့်ပွဲတွင် ဘရာဇီးဒိုင်လူကြီး ဆီမာက ဆွီဒင်မှ နောက်တန်းလူ လူဆစ်အား အနီကတ်ပြ၍ ထုတ်ပယ်ခဲ့သည်။ လူဆစ်သည် နှစ်ဝါ အနီဖြင့် ထွက်ခဲ့ရရာ ဒုတိယ အဝါကတ်မှာ ပြင်းထန်သည်ဟု ဆိုရမည်ဖြစ်သည်။ နောက်တန်းလူ လူဆစ်က သူအထုတ်ခံရခြင်းမှာ ဒိုင်လူကြီးဖြစ်သူအားဂျာမနီအသင်းခေါင်းဆောင် မိုက်ကယ်ဘောလက်က ဖိအားပေး၍ ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **ဆွီဒင်နည်းပြ လာဂျာဘတ်ကလည်း ဂျာမနီအသင်း ခြေစွမ်းပြကစားနိုင်သည်ကို လက်ခံသော်လည်း လူဆစ် အထုတ်ခံရခြင်းမှာ ဒိုင်လူကြီး၏ ပြစ်ဒဏ်ပြင်းထန်လွန်းကြောင်း ပြောကြားခဲ့သည်။**

ဂျာမနီနိုင်ငံ၏ လက်ရှိရာသီဥတုမှာ အပူရှိန်ပြင်းထန်နေသဖြင့် အအေးပိုင်းနိုင်ငံမှ ကစားသမားများ အပူရှိန်ကို ခံစားရပြီး ခြေစွမ်းထင်သလောက် မပြနိုင်ဘဲဖြစ်နေသည်။ အင်္ဂလန်နှင့် အီကွေဒေါပွဲတွင် အင်္ဂလန်အသင်းခေါင်းဆောင် ဒေးဗစ်ဘက်ခမ်း ရေဓာတ်ခန်းခြောက်မှုဒဏ်ခံခဲ့ရသည်။ ကျန်ကစားသမားများလည်း အပူဒဏ်ကြောင့် ရေဓာတ်ဆုံးရှုံးမှုဝေဒနာမှ ကာကွယ်နိုင်အောင် ပွဲမစမီ ရေများများသောက်ပြီး ကစားခဲ့ကြရသည်။ ဂျာမနီအသင်းအတွက် ရာသီဥတု အပူဒဏ်မှာ ပြဿနာမရှိချေ။ အာဂျင်တီးနားအသင်းသည် ဂျာမနီရာသီဥတု အပူဒဏ်ကို မှုပုံမပေါ်ပါ။ အာဂျင်တီးနားအသင်းသည် ပွဲစဉ်တိုင်း၌ တိုက်စစ်ဦးစားပေးပြီး ခွန်အားနှင့်ကျွမ်းကျင်မှုကိုပေါင်းစပ်ကစားနိုင်ခဲ့သည်။ **အဝါ၊ အနီကို မည်သူ ပိုပြနိုင်မည်နည်းဟု ပြိုင်ပွဲဝင်နေသည့်အလား လက်ရှိကမ္ဘာ့ဖလားပွဲမှဒိုင်လူကြီးများ လက်စွမ်းပြလျက်ရှိကြရာ အာဂျင်တီးနားကစားသမားများ အဝင်အထွက် ရဲရဲကစားပုံမျိုးနှင့် အနီကတ်ဖြင့် ထွက်ရသူရှိလာနိုင်သည်။**

ပွဲကြိုသုံးသပ်

ဂျာမနီနှင့် အာဂျင်တီးနားတို့ နောက်တန်းချင်းယှဉ်လျှင် မကွာလှပေ။ အလယ်တန်း၌ ဂျာမနီအသင်းက ပို၍ တောင့်တင်းသည်။ ရှေ့တန်းတိုက်စစ်မှူးချင်းယှဉ်လျှင် အာဂျင်တီးနားက အနည်းငယ် သာသယောင်ရှိသည်။ ဂျာမနီအသင်းမှ ကလိုဆေးနှင့် ပိုဒေါစကီးအဆုံးသတ်သေချာသလို အာဂျင်တီးနားမှ ခရက်စပိုနှင့် ရိုဒရီဂွက်စ်တို့နေရာစုံမှ ဂိုးသွင်းနိုင်ကြသည်။ အသင်းလိုက်ကစားအားနှင့် စိတ်ဓာတ်မာကြောမှုတွင် ဂျာမနီကို အကြိုက်ဆုံးဖြစ်သည်။ နှစ်သင်းစလုံး ခြေမှန်ရနေကြသည်ဖြစ်ရာ ပွဲချိန်မိနစ် ၉၀ပြည့်သည်အထိ အနိုင်အရှုံးရလဒ် မထွက်ဘဲဖြစ်နိုင်သည်။ ဂျာမနီနှင့် အာဂျင်တီးနားပွဲတွင် အနိုင်ရမည့်အသင်းမှာ ဂျာမနီအသင်းသာလျှင် ဖြစ်နိုင်ကြောင်း ပွဲကြိုအဖြစ် သုံးသပ်ဖော်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

သုံးသပ်ရေးသားသူ - ကိုဇေ

၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား ၂၀၀၆ ဂျာမနီကမ္ဘာ့ဖလား

ပယ်နယ်တီဂိုးများဖြင့်နိုင်ခဲ့သည့် အီတလီနှင့်ယူကရိန်း ကွာတားဖိုင်နယ်ပွဲအဖြစ် ဇွန်၃၀ရက်၌ ယှဉ်ပြိုင်ကြမည်

တင်ပြသူ **မြင့်မောင်စိုး**

ဘာလင် ဇွန် ၂၇

ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့်ရှုံးထွက်ပြိုင်ပွဲများကို ဇွန် ၂၆ ရက်က ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာအီတလီအသင်းက ဩစတြေးလျ အသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့်လည်းကောင်း၊ ယူကရိန်းက ဆွစ်ဇာလန်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။

ဆွစ်ဇာလန်အသင်းနှင့် ယူကရိန်းအသင်းတို့ ယှဉ်ပြိုင်ကစားရာတွင် ယူကရိန်းက ပယ်နယ်တီဂိုးများဖြင့် အနိုင်ရပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်လာခြင်းဖြစ်သည်။ ဆွစ်ဇာလန်က ပယ်နယ်တီသုံးလုံး လွဲချော်သွားခဲ့သည်။ သို့ရာတွင် ယူကရိန်းမှ ရီဘရော့ဗ်၊ အိုလက်ဂူဆက်နှင့် မီလက်စကီးတို့မှာ အမှားအယွင်း မရှိ ပယ်နယ်တီဂိုးများကိုသွင်းယူနိုင်ခဲ့သည်။

ပထမဆုံးအောင်မြင်

ပုံမှန်ကစားချိန်တွင် ယူကရိန်းမှ ရှက်ဗ်ချင်ကိုက ခေါင်းလှည့်တိုက်သွင်းယူသည့် ဘောလုံးမှာ ဂိုးဘားတန်းကျော်သွားခဲ့သည်။ကမ္ဘာ့ဖလားရှုံးထွက်ပြိုင်ပွဲအဆင့် ပထမဆုံးအောင်မြင်ခဲ့သော ယူကရိန်းအသင်းသည် ဇွန် ၃၀ ရက်တွင် ဟမ်းဘတ်မြို့၌ ကွာတားဖိုင်နယ်ပွဲအဖြစ် အီတလီအသင်းနှင့် ယှဉ်ပြိုင်ရမည် ဖြစ်သည်။

ပယ်နယ်တီမဝင်

ရှက်ဗ်ချင်ကိုသည် ယူကရိန်း၏ ပထမဆုံး ပယ်နယ်တီ ကန်သွင်းမှုကို လွဲချော်သွားခဲ့သည်။ သို့သော်လည်း ဆွစ်ဇာလန်အသင်းမှ စထရီလာ၊ ဘာနက်တာနှင့်ကာဘနတ်တို့၏ပယ်နယ်တီကန်သွင်းမှုများမှာလည်း ဂိုးမဝင်ဘဲ ဖြစ်ခဲ့ရသည်။

ကာကွယ်ပေးနိုင်

ယူကရိန်းဂိုးသမား ရှော့ဗ်ကိုစကီးက စထရီလာနှင့် ကာဘနတ်တို့၏ ပယ်နယ်တီများကိုကာကွယ်ပေးနိုင်ခဲ့သည်။ ထိုအတောအတွင်း ဘာနက်တာ ကန်သွင်းသော ပယ်နယ်တီမှာ ဘားတန်းထိခဲ့ရသည်။

ဆွစ်ဇာလန်အသင်းသည် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ၎င်းအဆင့်မှ ထွက်ခဲ့ရသည်မှာ နှစ်ကြိမ် ရှိသွားပြီဖြစ်ကြောင်း သိရသည်။ယူကရိန်းအသင်းသည် ကမ္ဘာ့ဖလားဖွင့်ပွဲတွင်လေးဂိုး-ဂိုးမရှိဖြင့် ရှုံးထားခဲ့သည်။ သို့ရာတွင် ဆွစ်ဇာလန်နှင့်ယူကရိန်းတို့ ယှဉ်ပြိုင်ကစားရာ၌အကောင်းဆုံးအခွင့်အလမ်းများရရှိသော်လည်း ဂိုးမသွင်းနိုင်ခဲ့ကြပေ။

အီတလီအသင်းမှ ဂျီလာဒီနို အနီးကပ် ဂိုးကန်သွင်းရာ လွဲချော်သွားစဉ်။(ဓာတ်ပုံ-အင်တာနက်)

ဆွတ်ခူးနိုင်

ယူကရိန်းအသင်းသည် ကမ္ဘာ့ဖလားနောက်ဆုံးရှစ်သင်းပြိုင်ပွဲသို့ ယခုအခါ ရောက်ရှိသွားပြီဖြစ်သည်။ ပြီးခဲ့သော ကမ္ဘာ့ဖလားသုံးကြိမ်တွင် တစ်ဂိုးပင်မသွင်းနိုင်ခဲ့ဘဲ ပြိုင်ပွဲမှထွက်ခဲ့ရသည်။ ယူကရိန်းအသင်းသည် အုပ်စုပွဲတွင် တစ်ပွဲရှုံးသော်လည်း ကွာတားဖိုင်နယ်တက်နိုင်သည့်တတိယမြောက် အသင်းဖြစ်လာသည်။အနောက်ဂျာမနီအသင်းသည် ၁၉၅၄ခုနှစ်က အုပ်စုပွဲရှုံးသော်လည်း ဖလားဆွတ်ခူးနိုင်ခဲ့သည်။

ယူကရိန်းတိုက်စစ်မှူး ဂူဆက် ဆွစ်ဇာလန် အသင်းဘက်သို့ ပယ်နယ်တီဂိုးသွင်းပေးပြီး ဤသို့ အောင်ပွဲခံခဲ့သည်။
(ဓာတ်ပုံ-အင်တာနက်)

ဆွစ်ဇာလန်နှင့်ယူကရိန်းတို့ ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ဘောလုံးသမားဆုကို အလက်စန္ဒားရှော့ဗ်ကိုစကီးက ရရှိခဲ့သည်။ဆွစ်ဇာလန်အသင်းသည် ကမ္ဘာ့ဖလားတွင် ပယ်နယ်တီဂိုးတစ်ဂိုးမျှ မသွင်းနိုင်သည့်အသင်း ဖြစ်သွားသည်။

အကောင်းဆုံးအခွင့်အလမ်း

အီတလီအသင်းနှင့်ဩစတြေးလျ အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာတွင် အရန်ခုံမှထွက်လာသည့် တော့တီက လေလွင့်ချိန်တွင် ပယ်နယ်တီဂိုးသွင်းပေးပြီး အီတလီအသင်းအား ကွာတားဖိုင်နယ်သို့ ပို့ပေးနိုင်ခဲ့သည်။ သို့ရာတွင် အီတလီအသင်းသည် ပွဲချိန် ၅၁မိနစ်တွင် မာတာရာဇီ ကြမ်းတမ်းစွာကစားခဲ့၍ ဒိုင်လူကြီးကတိုက်ရိုက်အနီကတ်ပြပြီး ပြိုင်ပွဲမှထုတ်ပယ်လိုက်သည်။ ၎င်းမထွက်မီ လူကာတိုနီက အီတလီအသင်းအတွက် အကောင်းဆုံးအခွင့်အလမ်းများ ရရှိခဲ့သော်လည်း ဂိုးမရခဲ့ပေ။

ယှဉ်ပြိုင်မှုအနေအထား

အီတလီအသင်းသည်တစ်ယောက်ထွက်သွားရသော်လည်းပိုကောင်းအောင်ကစားနိုင်ခဲ့သည်။ ဩစတြေးလျအသင်းမှ တင်ကာဟေးလ်၏ ခေါင်းတိုက်ဂိုးနှင့် ဘရက်စီယာနိုတို့၏ အဝေး ကန်သွင်းချက်များမှာလည်း ဩစတြေးလျအသင်းအတွက် ဂိုးမရခဲ့ချေ။ သို့ရာတွင် အီတလီအသင်းမှ ဂိုးသမားဘတ်ဖွန်းမှာ အကောင်းဆုံး ကာကွယ်ပေးနိုင်ခဲ့သည်။ ပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးဆုကို ၎င်းကပင် ဆွတ်ခူးနိုင်ခဲ့သည်။ အီတလီနှင့် ယူကရိန်းအသင်းတို့သည် ကွာတားဖိုင်နယ်ပွဲအဖြစ် ဇွန်၃၀ရက်တွင် ယှဉ်ပြိုင် ကစားမည်ဖြစ်ရာ အသင်းနှစ်သင်း၏ ကမ္ဘာ့ဖလားအုပ်စုတွင်း ယှဉ်ပြိုင်မှုအနေအထားကို ဖော်ပြလိုက်ပါသည်။ ။

	အီတလီအသင်း	
အီတလီ	၂ - ၀	ဂါနာ
အီတလီ	၁ - ၁	အမေရိကန်
ချက်	၀ - ၂	အီတလီ
အီတလီ	၁ - ၀	ဩစတြေးလျ

	ယူကရိန်းအသင်း	
စပိန်	၄ - ၀	ယူကရိန်း
ဆော်ဒီ	၀ - ၄	ယူကရိန်း
ယူကရိန်း	၁ - ၀	တူနီးရှား
ယူကရိန်း	၃ - ၀	ဆွစ်ဇာလန်

(အင်တာနက်)

ကမ္ဘာ့ဖလား သတင်းဂယက်

ကမ္ဘာ့ဖလားရှုံးထွက်ပွဲစဉ်များ၏ နောက်ဆုံးထူးခြားဖြစ်စဉ်များ

စုစည်းတင်ဆက်သူ - **မောင်မောင်မြင့်ဆွေ**

ဘာလင် ဇွန် ၂၇

၂၀၀၆ခုနှစ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ရှုံးထွက်ပွဲစဉ်များကစားပြီးနောက် ကွာတားဖိုင်နယ်ပွဲစဉ်သို့ တက်ရောက်လာခဲ့ကြသည့် ဘောလုံးအသင်းများ၏ နောက်ဆုံးသတင်းများကို စုစည်းဖော်ပြလိုက်ပါသည်။

မိုက်ကယ်ဘောလက် မမျှော်လင့်ဘဲ ဒဏ်ရာရရှိ

ကွာတားဖိုင်နယ်ပွဲစဉ်အဖြစ် ဇွန် ၃၀ရက်တွင် အာဂျင်တီးနားနှင့်ကစားမည့်ပွဲ အရေးကြီးလျက်ရှိချိန်တွင် ဂျာမနီ တိုက်စစ်မှူး မိုက်ကယ်ဘောလက် မမျှော်လင့်ဘဲ ဒဏ်ရာရရှိခဲ့သည်။

ဂျာမနီအသင်းခေါင်းဆောင် မိုက်ကယ်ဘောလက်။

ခြေထောက်ဒဏ်ရာမှာ ဂျာမနီအသင်းနှင့်လေ့ကျင့်စဉ် ညာဘက်ခြေထောက် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။ သို့သော်လည်း ကြီးကျယ်သော ဒဏ်ရာမဟုတ်သဖြင့် ရက်ပိုင်းအတွင်း ပျောက်ကင်းသွားမည်ဖြစ်ကြောင်း သိရသည်။ ဂျာမနီအသင်းနည်းပြ ကလင်းစမန်းက မိုက်ကယ်ဘောလက်အနေဖြင့် ကွာတားဖိုင်နယ်တွင် ကြံ့ခိုင်မှုအပြည့်ဖြင့် ကစားနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။

မိုက်ကယ်ဘောလက်ကလည်း ကွာတားဖိုင်နယ်ပွဲစဉ်တွင် ပါဝင်ကစားနိုင်ရေး စိတ်အားထက်သန်လျက်ရှိသည်။

အသင်းကို ပြန်ပြင်ဆင်ကစားရမည်ဟု အာဂျင်တီးနားနည်းပြပြောကြား

မက္ကဆီကိုအသင်းကို အနိုင်ကစားခဲ့သည့် မိမိအသင်း၏ကစားပုံကို မကြိုက်ကြောင်း အာဂျင်တီးနား နည်းပြ ပီကာမင်က ပြောကြားလိုက်သည်။ ပွဲကောင်းတစ်ခုဖြစ်ခဲ့သည်မှာမှန်သော်လည်း အာဂျင်တီးနားတိုက်စစ်မှူးများ၏ ထိုးဖောက်ကစားမှုအပိုင်း အားနည်းခဲ့ကြောင်း၊ ကွာတားဖိုင်နယ်၌ ဂျာမနီနှင့်ကစားရမည်ဖြစ်ရာ အသင်းကစားပုံကို ပြန်ပြင်ဆင်ရတော့မည်ဖြစ်ကြောင်း ပီကာမင်က ပြောကြားလိုက်သည်။

အာဂျင်တီးနားကို ကွာတားဖိုင်နယ်ရောက်စေခဲ့သည့် ရိဒရီဂွက်ဇ်၏ဂိုးမှာ အလွန်လှသောဂိုးဖြစ်ကြောင်းလည်း ပီကာမင်က ချီးကျူးလိုက်သည်။

အာဂျင်တီးနားတိုက်စစ်မှူး ခရက်စပို(အလယ်)။

ခရက်စပိုသုံးဂိုးသွင်းပြီး ကလိုဆေးနောက်တွင်လိုက်နေ

ဂျာမနီတိုက်စစ်မှူး ကလိုဆေးသည် ဒုတိယအဆင့် ရှုံးထွက်ပွဲစဉ်များအပြီးတွင် လေးဂိုးသွင်းနိုင်ခဲ့ပြီး ဂိုးသွင်းအများဆုံးအဖြစ် ထိပ်ဆုံးမှရပ်တည်နေသလို အာဂျင်တီးနားတိုက်စစ်မှူး ခရက်စပိုမှာ သုံးဂိုးဖြင့် ဒုတိယနေရာ၌ရပ်တည်နေသည်။

မက္ကဆီကိုနှင့်ပွဲတွင် ခရက်စပို သွင်းဂိုးမဟုတ်ဘဲ မက္ကဆီကိုကစားသမား တစ်ဦးနှင့်ထိမိပြီး ဂိုးဝင်သွားခဲ့သည်ဟု အငြင်းပွားနေမှုကို ဖီဖာကဆုံးဖြတ်ရာတွင် ခရက်စပိုသွင်းဂိုးအဖြစ် သတ်မှတ်ပေးခဲ့သည်။

ကြွက်သားဒဏ်ရာရရှိသွားသော ပေါ်တူဂီ တိုက်စစ်မှူး စီရိုနယ်ဒို ။

ယူကရိန်းအသင်းကိုအနိုင်ယူရန်သာ ခေါင်းထဲရှိကြောင်း အီတလီနည်းပြ မာဆယ်လိုလစ်ပီက ပြောကြား

ဩစတြေးလျအသင်းကို ၁၀ ဦးတည်းနှင့် ခက်ခက်ခဲခဲကစားပြီး ကံတရား၏ ဖေးမမှုဖြင့်ပွဲပြီးခါနီးတွင် ပယ်နယ်တီဖြင့်အနိုင်ရခဲ့သည့် အီတလီအသင်းကို ဝေဖန်မှုများ အဆက်မပြတ်ထွက်ပေါ်လာလျက်ရှိနေမှုအား ခေါင်းထဲမှထုတ်ထားကြောင်း အီတလီနည်းပြမာဆယ်လိုလစ်ပီက ပြောကြားလိုက်သည်။

မိမိခေါင်းထဲတွင် ကွာတားဖိုင်နယ် ပွဲစဉ်အဖြစ် ယူကရိန်းနှင့်ကစားရမည့်ပွဲကိုသာ အာရုံစိုက်ထားကြောင်း ပြိုင်ပွဲ၌ နိုင်အောင်ကစားနိုင်မှုသာ အရေးကြီးကြောင်း၊ ယူကရိန်းသည် ခြေစွာသောအသင်းဖြစ်ရာ ဂရုစိုက် ကစားရန်အရေးကြီးကြောင်း မာဆယ်လိုလစ်ပီက ပြောကြားသည်။

ကွာတား၌ အီတလီနှင့် ဆုံတွေ့ရမှုအတွက် ရှက်ဗ်ချင်ကိုရင်ခုန်နေ

ဇွန် ၃၀ ရက်တွင် ကစားရမည့် ကွာတားဖိုင်နယ်ပွဲစဉ်၌ အီတလီနှင့် ဆုံတွေ့ရမှုကို ယူကရိန်းတိုက်စစ်မှူး ရှက်ဗ်ချင်ကို ရင်ခုန်နေကြောင်း ထုတ်ဖော်ပြောကြားသည်။

မိမိတို့အနေဖြင့် အီတလီကို ကစားရာ၌ တစ်သင်းလုံးအားထည့်ကစားမှသာဖြစ်မည်ဟုပြောကြားပြီး ထိုနေ့ပွဲအတွက် ရင်ခုန်နေကြောင်းလည်း ၎င်းက ပြောကြားလိုက်သည်။

- **အင်္ဂလန်အသင်း ကွာတားမကျော်နိုင်ဟု ဆန္ဒမဲပေးသူ ၇၂ ရာခိုင်နှုန်းရှိ။**
- **ဂျာမနီ ကမ္ဘာ့ဖလားရရှိနိုင်ဟု ရေပန်းစားမှုတိုးပွားလာ။**
- **အင်္ဂလန်နှင့်ကစားမည့် ပေါ်တူဂီအသင်းတွင် အဝါကတ်ထိသူ၊ ဒဏ်ရာရသူ များပြားနေ။**
- **ကီးဝဲလ်မကစားနိုင်၍ ဩစတြေးလျအတွက် ထိခိုက်ခဲ့ရသည်ဟု ဩစတြေးလျ နည်းပြ ညည်းတွားနေ။**
- **စီရိုနယ်ဒို ကြွက်သားဒဏ်ရာရရှိနေသော်လည်း အင်္ဂလန်နှင့်ပွဲတွင် ထည့်သွင်းကစားမည်ဟု ပေါ်တူဂီနည်းပြ ပြောကြား။**

(အင်တာနက်)

ဩစတြေးလျတိုက်စစ်မှူး ကီးဝဲလ်။



ထိမ်းမြားမင်္ဂလာညည့်ခံပွဲ ကျေးဇူးတင်လွှာ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ရဲမြင့်–ဒေါ်မြတ်ငွေ
တို့၏သားကြီး

မောင်နေလင်းဦး (B.Sc, Physics)

နှင့်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ သံလွင်လမ်း၊ အမှတ် ၁၂၁(F)နေ
ဦးမျိုးညွန့်(အထွေထွေမန်နေဂျာ၊ ငြိမ်း၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း)–ဒေါ်ခင်သန်းနွယ်
တို့၏သမီးငယ်

မကေဇင်မျိုးညွန့် (B.A English)
Air Bagan Ltd.

တို့၏ ၂၅–၆–၂၀၀၆ရက်တွင် ဆီဒိုးနားဟိုတယ်၌ကျင်းပခဲ့သော မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပွဲ အခမ်းအနားနှင့် ထိမ်းမြားမင်္ဂလာညည့်ခံပွဲအခမ်းအနား၊ ၂၆–၆–၂၀၀၆ရက်တွင် နီကိုးဟိုတယ်၌ကျင်းပခဲ့သော မင်္ဂလာညစာစားပွဲအခမ်းအနားများသို့ ကြွရောက်ချီးမြှင့်ပေးကြပါသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသော ကျေးဇူးတင်ထိုက်သူအားလုံးအား လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်နေလင်းဦး–မကေဇင်မျိုးညွန့်။

မင်္ဂလာညည့်ခံပွဲ ကျေးဇူးတင်လွှာ

နမ္မတူမြို့နေ
ဦးဟန်အေး [အင်ဂျင်နီယာမှူးကြီး–လျှပ်စစ်၊ အမှတ်(၁)သတ္တုတွင်းလုပ်ငန်း]–ဒေါ်အေးအေးသန်း
တို့၏သားကြီး

မောင်စည်သူဟန်
B.E (Chemical, YTU); M.E (Chemical, MUCTR, Russia)

နှင့်

ဒိုက်ဦးမြို့၊ မြို့ဝင်လမ်းနေ
ဦးခင်မောင်(၉၁၉ မိသားစု၊ အိမ်ဆောက်ပစ္စည်း)–(ဒေါ်ကျွေ)
တို့၏သမီးထွေး

မခင်မျိုးသော်
M.Sc (Engg:Physics), M.Res., Y.U

တို့၏ ၁၀–၆–၂၀၀၆ရက်တွင် Yuzana Garden Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာညည့်ခံပွဲသို့ မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပါသော ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှရွှေဝင်းနှင့်ဇနီး ဒေါ်မာမာဝေတို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ် ချီးမြှင့်ပေးပါသော ဗိုလ်မှူးကြီးဆန်းဦးလှိုင်(တပ်မတော်–လေ)နှင့်ဇနီးဒေါ်ကြော့မွန်သန်းတို့အားလည်းကောင်း၊ ၆–၆–၂၀၀၆ ရက်တွင် ကမာရွတ်မြို့နယ်၊ အောင်လှရိပ်သာ၊ မင်္ဂလာနေအိမ် မင်္ဂလာဆွမ်းကျွေး၌ ဩဝါဒစကား ပြောကြားပေးပါသော ဆရာကြီး ဦးဖေတင်(ကျောင်းအုပ်ကြီး၊ ငြိမ်း)၊ မင်္ဂလာမော်ကွန်းတင်လက်မှတ် ရေးထိုးပေးပါသော ဒုတိယမြို့နယ်တရားသူကြီး ဦးလှဦး၊ အသိသက်သေများဖြစ်ကြသော ကိုဇော်မင်းထွန်း နှင့် မစန်းချစ်၊ မင်္ဂလာအခမ်းအနားမှူး ဦးသိန်းလှမော်၊ မင်္ဂလာအခါတော်ပေးတေးသံရှင် ဟေမာနေဝင်း၊ မင်္ဂလာလမ်းပြ သမီးလေး စုလတ်တွယ်တာဗိုလ်၊ မင်္ဂလာပန်းကြဲပေးသော မစပယ်ဖူး၊ မင်္ဂလာ အောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ကိုင်ဆောင်ပေးသော မဟေမာဝင်း၊ မင်္ဂလာပန်းခြင်းကိုင်ဆောင် ပေးသော မောင်ဝေယံမင်းသူနှင့် မမေသင်းခိုင်၊ သတို့သားအရံ ညီလေး ဗိုလ်ကြီးဇညားဟန်၊ သတို့သမီး အရံ မအိအိမျိုး၊ မင်္ဂလာပိုးထည်များ(သီဂီရွှေဝါ)၊ သတို့သမီး ဝတ်စုံဖန်တီးရှင် ကိုမြင့်စိုး(ဗိုလ်ချုပ်ဈေး)၊ မိတ်ကပ် အောင်အောင်(တောင်ကြီး)နှင့်အဖွဲ့၊ မိတ်ကပ် ဥဏ်ဥဏ်၊ ပန်းအလှဆင် နီနီ(ပွင့်)၊ မင်္ဂလာ တေးသံသာများနှင့်ဖျော်ဖြေပေးသော The Aces၊ ဓာတ်ပုံနှင့် ဗီဒီယို(မလိမ္မာ)၊ ရွှေရှမ်းကန် မင်္ဂလာ ညစာစားပွဲနှင့် ၂၄–၆–၂၀၀၆ရက်တွင် မြင်းခြံမြို့ G.T.I ခန်းမ မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြ သော နှစ်ဖက်ဆွေမျိုးမိတ်သင်္ဂဟများ၊ မင်္ဂလာညည့်ခံပွဲသို့ မတက်ရောက်နိုင်သော်လည်း မင်္ဂလာလက်ဖွဲ့ ပေးပို့ချီးမြှင့်ကြသော လူကြီးမင်းများ၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော မိတ်ဆွေသူငယ်ချင်း များနှင့်ကျေးဇူးတင်ထိုက်သူအားလုံးတို့အားလည်းကောင်း လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်စည်သူဟန်–မခင်မျိုးသော်။

အလုံမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကကြီးမှူး၍ ဂျူနီယာရပ်ကွက် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို ဇွန် ၂၇ရက်ကကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မမနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးမြင့်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (က–ပ)

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန် ၇ လမ်း၊ အမှတ် ၄၈နေ
ဒုတိယဗိုလ်မှူးကြီးစိန်လှိုင်–ဒေါ်ခင်သန်းအေး
တို့၏တစ်ဦးတည်းသောသား

ဗိုလ်ဇာနည်လှိုင် M.B.,B.S (DSMA)

နှင့်

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန် ၇ လမ်း၊ အမှတ် ၄၇နေ
ဒုတိယဗိုလ်မှူးကြီးသက်ဦးမောင်–ဒေါ်ရူပလှိုင်
တို့၏တစ်ဦးတည်းသောသမီး

မအေးပပလှိုင် B.Com. (Air Bagan Ltd.)

တို့သည် နှစ်ဖက်သော ဂုဏ်သရေရှိလူကြီးမိဘတို့၏ သဘောတူ ခွင့်ပြုချက်အရ ၂၃–၆–၂၀၀၆ရက်(သောကြာနေ့)တွင် Traders Hotel ၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဗိုလ်ဇာနည်လှိုင်–မအေးပပလှိုင်။



ဆန်စက်အင်ဂျင်ရောင်းမည်

Man Love
၁၁ လက်မ၊ ပစ္စည်းစုံ၊
အနာအဆာမရှိ။
လင်ပန်း၊ စတုတ်ရှည်
(England) လုပ်
၀၄၂–၂၂၃၉၈၊
၀၁–၅၇၁၈၆၁၊
၀၁–၅၂၆၄၅။

ရန်ကုန်ဂေါက်အသင်း တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဇွန် ၂၇

ရန်ကုန် ဂေါက်အသင်း (တညင်းကုန်း)တွင် ဇွန်၂၄ရက် ၄နာရီ၂၅မိနစ်က ကစားဖော်များ ဖြစ်သော ဦးစိုးမင်းဦး၊ ဦးရန်ငယ်၊ ဦးထွန်းစိုးနှင့်အတူ ဂေါက်သီး ရိုက်ကစားရာ ဦးသောင်းကျော် MD. Shang Hai Co., Ltd. သည် ကျင်းအမှတ် ၈ မှ Srixon 4 ဘောလုံးကို Honma Iron 6 တုတ်ဖြင့်ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားခဲ့ကြောင်းသိရသည်။

(မြန်မာ့အလင်း)

ဗဟိုအလုပ်အမှုဆောင်ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၂၇

ဧရာဝတီတိုင်း အင်္ဂပူမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက အင်္ဂပူမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ၂၆၀မှ ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇွန် ၂၆ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင် တက်ရောက်ကြည်ညိုပြီး ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

အားပေးစကားပြောကြား

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် တာဝန်ရှိသူများလိုက်ပါလျက် အင်္ဂပူမြို့နယ် ပြည်သူ့ဆေးရုံ အဆောက်အအုံသစ်တည်ဆောက်နေမှုကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကိုမှာကြားကာ ဆေးရုံတက်လူနာများအား အားပေးစကားပြောကြားသည်။

ဆက်လက်ပြီး ဗဟိုအလုပ်အမှုဆောင်သည် ထူးကြီးအခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး ကျောင်းသားကျောင်းသူများ စာသင်ကြား ပို့ချနေမှုများ၊ Multimedia စာသင်ခန်းနှင့် ကွန်ပျူတာခန်းများကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားသည်။

ပေးအပ်လှူဒါန်း

ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ဇွန်၂၇ရက် နံနက်ပိုင်းတွင် အင်္ဂပူမြို့ မြို့တော်ခန်းမ၌ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ပညာသင်ဆုပေးအပ်ပွဲအခမ်းအနားကျင်းပရာသို့ တက်ရောက်အမှာစကားပြောကြားပြီး အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များတွင် ပညာသင်ကြားနေသော ကျောင်းသားကျောင်းသူ၁၀ဦးအတွက် ပညာသင်ထောက်ပံ့ကြေးပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် အင်္ဂပူမြို့ မြို့မအခြေခံပညာ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်လှစ်ပွဲအခမ်းအနားကို တက်ရောက်အားပေးသည်။ **(သတင်းစဉ်)**

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ တာချီလိတ်အောင်မြတ်ခန်းမ၌ကျင်းပ

ရန်ကုန် ဇွန် ၂၇

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ရက် နံနက် ၉နာရီက တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံမှ ပေးပို့သော သဝဏ်လွှာကို ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေးက လည်းကောင်း၊ မူးယစ်(ဗဟို)ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ သဝဏ်လွှာကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမင်းဇော်ကလည်းကောင်း၊ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး ပပျောက်ရေးဆောင်ရွက်ချက်များကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်ကလည်းကောင်း ရှင်းလင်းပြောကြားကြသည်။ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ကဗျာ၊ စာစီစာကုံး၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲဆုရရှိသူများအား တာချီလိတ်တပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဟန်နှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ (၄၂၀)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

တောင်ဥက္ကလာပမြို့နယ် စတုတ္ထနှစ်ကာလတို ငါးနှစ်စီမံကိန်း၏ ပထမနှစ် ၂၀၀၆–၂၀၀၇ခုနှစ် စီမံကိန်း တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၉ ရက်က မြို့နယ်ရုံးတွင် ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်ဆွေက ဌာနဆိုင်ရာများနှင့် ရပ်ကွက်ဥက္ကဋ္ဌများအား စီမံကိန်း တာဝန်ပေးအပ်စဉ်။ (၁၉၂)

သာဝတ္ထိတောင်သုံးလုံးဇေတဝန်စာသင်တိုက် ဆွမ်းတော်ကြီးကပ်လှူမည်

ရန်ကုန် ဇွန် ၂၇

လယ်ဝေးမြို့နယ် သာဝတ္ထိတောင်သုံးလုံးဇေတဝန် ပရိယတ္တိစာသင်တိုက်၌ ဒုတိယအကြိမ်မြောက် ဆွမ်းတော်ကြီးကပ်လှူပူဇော်ပွဲအခမ်းအနားကို ၁၃၆၈ ခုနှစ်(ဝါဆိုလပြည့်)ဇူလိုင် ၉ရက် ဓမ္မစကြာနေ့ အရုဏ်တက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်းသိရသည်။ (က–ပ)

မြန်မာအမျိုးသမီးများနေ့ဂုဏ်ပြုကြိုဆို ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စာတမ်းဖတ်ပွဲ တောင်ကြီးမြို့၌ ကျင်းပ

တောင်ကြီး ဇွန် ၁၄

မြန်မာအမျိုးသမီးများနေ့ကိုဂုဏ်ပြုကြိုဆိုသောအားဖြင့် မြန်မာအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စာတမ်းဖတ်ပွဲအခမ်းအနားကို ဇွန်၉ရက် နံနက်၉နာရီက တောင်ကြီးမြို့ ရှမ်းပြည်နယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သင်းမျိုးမျိုးအောင်က အဖွင့်အမှာ စကားပြောကြားပြီး**(ယာပုံ)** အမျိုးသမီးများနှင့်ပတ်သက်သော ဥပဒေဆိုင်ရာ စာတမ်းအကြောင်းအရာများ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေး အရေးကြီးပုံ၊ အမျိုးသမီးများကဏ္ဍ အရေးပါမှု၊ စိတ်ပိုင်ဆိုင်ရာယဉ်ကျေးမှုမှ လူမှုဆက်ဆံရေးအတွက် လိုက်နာရန် အချက်များနှင့် စာပေထဲမှ မြန်မာအမျိုးသမီးများ၏ဆင်ယင်ထုံးဖွဲ့မှုစာတမ်းများကို တောင်ကြီးတက္ကသိုလ်မှ ပါမောက္ခ ဒေါက်တာမူမူမြင့်၊ ဌာနမှူးများဖြစ်သည့် ဒေါ်သန်းသန်းဝင်း၊ ဒေါက်တာဒေါ်ရင်ရင်သန်း၊ ဒေါက်တာဒေါ်မာမာမြင့်တို့က ဖတ်ကြားတင်ပြရာ စာတမ်းများအပေါ် သုံးသပ်ချက်ကို ပြည်နယ်အမျိုးသမီးရေးရာ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ တာဝန်ခံ ဒေါ်နန်းဗိုခမ်းက တင်ပြသည်။

ဆက်လက်၍ စာတမ်းရှင်များအား ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သင်းမျိုးမျိုးအောင်က ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။ **(ပြည်နယ်အမျိုးသမီးရေးရာ)**

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်မောင်နှင့်ဦးစီးအရာရှိ ဒေါ်ခင်အေးဝင်းတို့ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဇွန်၁၈ရက်က ညောင်တုန်းမြို့ ရှိရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် နုန်းများတူးဖော်ရှင်းလင်းခြင်းလုပ်ငန်းကို ဆောင်ရွက်ကြစဉ်။ (၀၉၈)

အဆို၊ အက၊ အရေး၊ အတီး သင်တန်းဆင်းပွဲ ဖျာပုံ၌ကျင်းပ

ဖျာပုံ ဇွန် ၂၀

ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဦးဆောင်၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူးဖွင့်လှစ်သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အခြေခံလေ့ကျင့်သင်ကြားမှုသင်တန်း(၂/၂၀၀၆) သင်တန်းဆင်းပွဲကို ဇွန် ၁၅ရက် နံနက်၉နာရီက သိရိအဏ္ဏဝါမြို့တော်ခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲသို့ ဖျာပုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးရဲထွဋ်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်သည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးမြင့်ဇော်က အမှာစကားပြောကြားပြီး**(အောက်ဝဲပုံ)** သင်တန်းဆင်းလက်မှတ်များ ချီးမြှင့်သည်။

ဆက်လက်၍ သင်တန်းသားသင်တန်းသူများက အဆို၊ အက၊ အရေး၊ အတီး ဘာသာရပ်အလိုက် ထူးချွန်တတ်မြောက်မှု စွမ်းရည်များ ပြသဖျော်ဖြေကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

အလုပ်ချိန်ပြည့်ဝစွာ ထမ်းဆောင်ရေးဆွေးနွေး

မင်းဘူး ဇွန် ၂၃

မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးညိုဝင်းမြင့်သည် မေ ၂၁ရက်က မင်းဘူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ ဝန်ထမ်းအင်အားစစ်ဆေးပြီး အလုပ်ချိန်ပြည့်ဝစွာ ထမ်းဆောင်ရေး၊ လုပ်ငန်းအပေါ် စေတနာထားဆောင်ရွက်ရေးတို့ကို ဆွေးနွေးပြောကြားကာ ရုံးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **(မြို့နယ် စည်ပင်)**

နေပြည်တော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သန့်ရှင်းသာယာလှပစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ မြို့အဝင် လမ်းဘေးတစ်လျှောက်တွင် အဖွဲ့ဝန်ထမ်းများ ပန်းအလှပင်များ စိုက်ပျိုးနေမှုကို ဇွန်၁၀ရက်က အမှုဆောင်အရာရှိ ဦးအောင်မြင့်ဌေးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမောင်မောင်သွင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။ (၀၈၅)

စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ် ဆောင်ရွက်ရမည့် လုပ်ငန်းများရှင်းလင်း

မိုးကောင်း ဇွန် ၁၃

ကချင်ပြည်နယ် မိုးညှင်းခရိုင်၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ် စီမံကိန်းရည်မှန်းချက် တာဝန်ပေးအပ်ပွဲအခမ်းအနားကို ဇွန်၃ရက် နံနက်၁၀နာရီက မိုးကောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ဒင်က အမှာစကားပြောကြားပြီး ခရိုင်စီမံကိန်းရေးဆွဲရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်လှိုင်က မြို့နယ်များမှ ၂၀၀၆-၂၀၀၇ ခုနှစ်အတွင်း ဆောင်ရွက်ရမည့် စီမံကိန်းရည်မှန်းချက်လုပ်ငန်းများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ဒင်က မိုးကောင်း၊ မိုးညှင်းနှင့် ဖားကန့်မြို့နယ်ဥက္ကဋ္ဌများထံသို့ စီမံကိန်းတာဝန်ပေးအပ်လွှာများကို ပေးအပ်သည်။ (၄၁၆)

ကလောမြို့၌ အမှိုက်များ စနစ်တကျစွန့်ပစ်

ကလော ဇွန် ၁၇

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့မဈေး အတွင်းအပြင်နှင့် မြို့တွင်းရှိ ဆိုင်ခန်းများအားလုံးတွင် အမှိုက်ပုံးများထားရှိပြီး ဆိုင်ထွက်အမှိုက်များကို စနစ်တကျ စွန့်ပစ်ကြရန်နှင့် လိုက်နာမှုမရှိပါက စည်ပင်သာယာရေးအဖွဲ့ ဥပဒေအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဇွန်၁၃ရက်က နှိုးဆော်အကြောင်းကြားစာများကို ဆိုင်တိုင်းသို့ ဖြန့်ဝေထားကြောင်း သိရသည်။ (၄၀၈)

မျက်စိဝေဒနာရှင်များအား မျက်ကြည်မှန်လှူဒါန်း

မြင်းခြံ ဇွန် ၂၀

ချို့တဲ့နွမ်းပါးသော မျက်စိဝေဒနာရှင်များအား မျက်ကြည်မှန်လှူဒါန်းသည့် အခမ်းအနားကို ဇွန်၁၀ရက်က မြင်းခြံခရိုင် ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

<u>ပေးအပ်လှူဒါန်း</u>

အခမ်းအနားတွင် သုခိတာ မိသားစု မဝင်းမြင့်က မျက်စိဝေဒနာရှင်၂၅ဦး၊ အမှတ်(၁၃) ရပ်ကွက် ဒေါ်မမလေးမိသားစုက မျက်စိဝေဒနာရှင် ၁၂ဦး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစန်းအောင်နှင့်ဇနီးအားအမှူးထား၍ အလှူရှင်များက မျက်စိဝေဒနာရှင် ၄၅ဦးအတွက် အလှူငွေများကို ခရိုင်ဆရာဝန်ကြီးထံသို့ ပေးအပ်လှူဒါန်းကြသည်။ (၄၀၂)

မြို့နယ် သတင်းများ

တပ်ကုန်း၌ ကျောင်းသုံး စာအုပ်များ ပေးအပ်လှူဒါန်း

တပ်ကုန်း ဇွန် ၅

တပ်ကုန်းမြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ၂၆ရက် နံနက်၉နာရီက တပ်ကုန်းမြို့ အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပသည်။

<u>လက်ခံရယူ</u>

အခမ်းအနားတွင် မြို့နယ်အဖွဲ့ဝင်(၁) ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူး အောင်ကျော်နိုင်နှင့် မြို့နယ်ပညာရေးမှူး ဦးမြင့်ဦးတို့က အမှာစကားပြောကြားကြပြီး ပညာရေးဝန်ကြီးဌာနက ငွေကျပ်ခုနစ်သိန်းကျော်၊မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ငွေကျပ်လေးသိန်းကျော်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ငွေကျပ်တစ်သိန်းကျော်တန်ဖိုးရှိ ကျောင်းသုံးစာအုပ်များကို သက်ဆိုင်ရာတာဝန်ရှိသူများကလှူဒါန်းရာ အထက(၂) ကျောင်းအုပ်ဆရာကြီး ဦးကြီးညိုက လက်ခံရယူသည်။ **(၂၆၆)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ် ဝါဆိုလဆန်း ၅ရက်
၂၉-၆-၂၀၀၆ (ကြာသပတေးနေ့)

<u>နံနက်ပိုင်း</u>

၀၇း၀၀	တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ အာဋာနာဋိယ သုတ်နှင့် ဂုဏ်တော်ကွန်ချာ)

<u>နေ့လယ်ပိုင်း</u>

၁၁း၁၅	သားငါးဖွံ့ဖြိုး ပြည့်အကျိုး (မွေးမြူရေးရာပြန်ကြားလွှာ)
၁၁း၃၅	စာအုပ်စာပေလူ့မိတ်ဆွေ (၁) လူ့ခန္ဓာကိုယ်အစိတ်အပိုင်းနှင့်ဆိုင်သော အီဒီယမ်များ (ဆရာဦးသိန်းလွင်) (၂) တက္ကသိုလ်ဝင်တန်းသင်ရိုးသစ် မြန်မာစာသင်ရိုးကုန် လေ့လာချက် (ဦးရဲဝေ-မြန်မာစာ)
၁၂း၀၀	သိပ္ပံပညာသိကောင်းစရာ (သဘာဝကုထုံးမိတ်ဆက်-မောင်ဆုရှင်)
၁၂း၃၀	ခံတွင်းမြိန်စရာ သူ့လက်ရာ (ပုစွန်ကြော်နှင့် မှိုနတိုကြော်ချက်)

<u>ညနေပိုင်း</u>

၁၆း၃၀	**၂၀၀၆ ခုနှစ် ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲနေ့စဉ်သုံးသပ်ချက်**
၁၆း၄၀	နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ
၁၇း၀၀	တပ်မတော်စာတိုက်
၁၇း၁၅	သုတကမ္ဘာ
၁၈း၂၅	သံစဉ်တေးသွား မေတ္တာစကား (၁) ယောကျ်ားတွေအကြောင်း သိပါတယ် (၂) ယောကျ်ားတိုင်းမဟူ
၁၈း၄၀	အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
၁၉း၁၅	ဇာတ်လမ်းပမာ နားဆင်စရာ (စကားပြောတဲ့ နားကပ်လေးတစ်ရံ)
၁၉း၄၀	ဟန်မျိုးစုံညီတေးကိုသီ ရွှေမင်းဂံ (ကိုအံ့ကြီး၊ တင်တင်မြ၊ နေဖြူစိုးသိန်း)
၂၀း၃၀	ခံစားနားဆင်မြန်မာတေးသံစဉ် (၁) တို့များအချစ်ကသုံးနှင့်လေး (၂) မင်္ဂလာသတင်း (၃) မောင်ဘယ်တော့မှမမုန်း

အင်းတော်ကြီး လုံးတုံတိုက်နယ်ဆေးရုံသို့ အောက်ဆီဂျင်စက်ပေးအပ်လှူဒါန်း

မိုးညှင်း ဇွန် ၇

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီး လုံးတုံတိုက်နယ်ဆေးရုံ သုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို မေ ၃၀ရက်က လုံးတုံ တိုက်နယ်ဆေးရုံတွင် ကျင်းပသည်။ (ဝဲပုံ)

အခမ်းအနားသို့ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးစိန်လွင်၊ တိုက်နယ်ဆေးရုံအုပ် ဒေါက်တာ ဘရန်အောင်၊ ဌာနဆိုင်ရာ တာဝန်ခံများ၊ လုံးတုံကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

လက်ခံယူ

အလှူရှင် အင်းတော်ကြီးဒေသ နမ့်မီးလောင်ရွာနေ ဒေါ်တင်ညွန့် မိသားစုက တန်ဖိုးငွေကျပ် ၉၆၈၀၀၀ ရှိ အောက်ဆီဂျင်စက်နှင့် ဆေးရုံသုံးပစ္စည်းများ၊ မိုင်းနောင်ရွာနေ ဦးသောင်းအေး မိသားစုက တန်ဖိုးငွေကျပ် ၉၀၀၀၀ ရှိ အရိုးဖြတ်ကိရိယာများ၊ မိုးညှင်းမြို့ ကြိုးကြိုး ဆေးဆိုင်ပိုင်ရှင် ဦးခိုင်မင်း မိသားစုက တန်ဖိုးငွေကျပ် ၁၇၀၀၀ ရှိ သွေးစစ်ပစ္စည်းတို့ကို ပေးအပ်လှူဒါန်းရာ တိုက်နယ်ဆေးရုံအုပ် ဒေါက်တာဘရန်အောင်ကလက်ခံရယူသည်။ **(မြို့နယ် ကျန်းမာရေး)**

မော်လမြိုင်မြို့ သမိုင်းဝင်ရွှေတောင်ကျောင်းတိုက် ပရိဝုဏ်အတွင်း ငွေကျပ်သိန်းသုံးရာကျော်အကုန်အကျခံ တည်ဆောက်ဆဲဖြစ်သော သိမ်အဆောက်အအုံသစ်အတွက် ဇွန် ၂၀ရက်က သာသနာပြုနယ်လှည့် ဓမ္မကထိက ဆရာတော် ဘဒ္ဒန္တ ဝိမလထံအလှူရှင် မော်လမြိုင်မြို့ ဘိုကုန်းရပ်ရွှေဗျိုင်းဖြူဘုရားလမ်းနေ ဦးဇော်နိုင်(ခ)ဦးဘာဘူလေး မိသားစုက ငွေကျပ်နှစ်သိန်း ဆက်ကပ်လှူဒါန်းစဉ်။ (၁၆၈)

ဟင်္သာတမြို့နယ်၌ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

ဟင်္သာတ ဇွန် ၁၃

ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ခြံစည်းရိုးကြက်ဆူပင် ၁၀၀၀၀ စိုက်ပျိုးပွဲကို ဇွန် ၉ ရက် နံနက် ၈ နာရီခွဲက ယုန်သလင်း-တလုတ္တော် လမ်းဘေးဝဲယာတစ်လျှောက်တွင် ကျင်းပသည်။

အဆိုပါစိုက်ပျိုးပွဲတွင် ခရိုင်နှင့်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လိပ်ခုံး၊ အင်းကြီး၊ ယုန်သလင်း၊ တုတ်ရိုက်ကျေးရွာအုပ်စုလေးခုမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းဝင်များနှင့်အတူ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်မြင့် ဦးဆောင်သော မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ စုပေါင်းစိုက်ပျိုးကြသည်။

(အောက်ပုံ) (မြို့နယ်စည်ပင်)

မြို့နယ်သတင်းများ

ကျောင်းနေအရွယ် ကလေးများကျောင်းအပ်နှံ ကျောင်းသုံးစာအုပ်များ ရေတာရှည်၌ ပေးအပ်လှူဒါန်း

ရေတာရှည် ဇွန် ၁၂

၂၀၀၆-၂၀၀၇ ခုနှစ် ပညာသင်နှစ် ကျောင်းနေအရွယ်ကလေးများ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားနှင့် ကျောင်းသုံးစာအုပ်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို မေ၃၀ရက် နံနက်၁၀နာရီက ရေတာရှည်မြို့ အခြေခံပညာ အထက်တန်းကျောင်း အောင်ဆန်းခန်းမ၌ကျင်းပသည်။

ရှင်းလင်းပြောကြား

အခမ်းအနားတွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သန်းက အဖွင့် အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးစံငွေက ပညာရည်မြင့်မားရေးအတွက် ပညာရေးဆိုင်ရာမူဝါဒများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သီက ကျောင်းနေအရွယ် ကလေးငယ်များ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပရခြင်းနှင့် ကျောင်းစည်းကမ်းလိုက်နာ ဆောင်ရွက်ရေးတို့ကို ရှင်းလင်းပြောကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ မူးယစ်ဆေးဝါး အလွဲသုံးမှုတားဆီးရေး အထိမ်းအမှတ် ဒီဂျစ်တယ်ပန်းချီပြိုင်ပွဲတွင် ဆုရကျောင်းသား ကျောင်းသူများအား ဆုများချီးမြှင့်ပေးအပ်ရန် စေတနာရှင် အလှူရှင်များက ပေးအပ်လှူဒါန်းထားသော စာရေးကိရိယာပစ္စည်းများနှင့် ပုံနှိပ်စာအုပ်များကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်သန်း၊ မြို့နယ်ပညာရေးမှူးနှင့် အခြေခံပညာ အထက်တန်းကျောင်းအုပ် ဆရာမကြီးတို့က ကျောင်းသား ကျောင်းသူများအား ပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(က-ပ)**

ဂုန်လျှော်၊ ချည်ပေါင်လျှော်ပင်များအထွက်တိုးစေရေးနှိုးဆော်ချက်

ယခုအခါ မိုးကြို ဂုန်လျှော်၊ ချည်ပေါင်လျှော် စိုက်ပျိုးပြီးစီးချိန်ဖြစ်ပြီး ဂုန်လျှော်၊ချည်ပေါင်လျှော်များ အထွက်တိုးစေရန် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် နှိုးဆော်အပ်ပါသည်-

၁။ အတန်းစိုက် ဂုန်လျှော်၊ ချည်ပေါင်လျှော်များကို တစ်ပင်နှင့်တစ်ပင် (၃)လက်မခြားခွာ၍ ပင်ကြပ်နုတ်ပေးပါ။ ကြဲပက်စိုက်ခင်းများတွင် ၆လက်မပတ်လည် တစ်ပင်နှုန်း ကျန်ရှိအောင် ထွန်ဖြင့် မှုန်းပေးပါ။

၂။ ပေါင်းလိုက်လက်ကြားခွဲခြင်းကို (၁၅-၂၀)ရက်သားတွင် တစ်ကြိမ်နှင့် (၃၀-၃၅)ရက်သားတွင် တစ်ကြိမ်၊ အနည်းဆုံး နှစ်ကြိမ်ခွဲ၍ ဆောင်ရွက်ပါ။ ပေါင်းလိုက်လက်ကြားခွဲပြီးတိုင်း ယူရီးယားဓာတ်မြေဩဇာကို တစ်ဧကလျှင် ($\frac{၁}{၂}$)အိတ်နှုန်းဖြင့် (၂)ကြိမ် ကြဲပက်ပေးပါ။

၃။ အပင်ငယ်စဉ် ရေမဝပ်စေရန် ဂရုပြုပါ။ စိုက်ခင်းအတွင်း ရေဝပ်နေပါက ပတ်မြောင်း၊ စိတ်မြောင်းများဖြင့် ရေဖောက်ထုတ်နိုင်ရေး ဆောင်ရွက်ပါ။

၄။ အပင်ငယ်စဉ်တွင် ပုရစ်အန္တရာယ် ကျရောက်နိုင်ပြီး အဓိကကျရောက် ဖျက်ဆီးသော ပိုးမှာ မွှားပင့်ကူနီ၊ ခါးတွန့်ဘောက်ဖတ်၊ ရွက်စားခူမွေးစုတ်နှင့် ပင်စည်ထိုးကျိုင်းတို့ဖြစ်သည်။ ဂုန်လျှော်၊ ချည်ပေါင်လျှော်ခင်းများအား ပုံမှန်စစ်ဆေး၍ လိုအပ်မှသာ ဆေးပက်ဖျန်းကာကွယ်ပါ။

၅။ ဂုန်လျှော်ပင်စည်မဲ့ စွန်းရောဂါနှင့် မြစ်ပုပ်ရောဂါများတွေ့ရှိက အပင်လိုက်နုတ်၍ မီးရှို့ဖျက်ဆီးပါ။

၆။ ချည်ပေါင်ပင်အဖျားပိုင်းတွင် အဝါရောင်၊အဖြူရောင် ရောင်မညီကွက်ကြား(mosaic)ရောဂါတွေ့ရှိလျှင် အပင်လိုက်နုတ်၍ မီးရှို့ဖျက်ဆီးပါ။

၇။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာ မြန်မာ့ဂုန်လျှော်ပစ္စည်းလုပ်ငန်း၊ ဒေသရုံးများနှင့် ဆက်သွယ် အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

ခြင်ဆေးဖျန်း

ပဲခူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ကျန်းမာရေးဌာနစိတ် ဝန်ထမ်းများ၊ ဒေသန္တရ ကျန်းမာရေး ဌာနစိတ် ဝန်ထမ်းများ၊ ဗိုလ်ကုန်းရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ စုပေါင်း၍ ဇွန် ၂၃ရက်က ခြင်ဆေးဖျန်းခြင်း လုပ်ငန်းကို ဗိုလ်ကုန်းရပ်ကွက် မြို့တော်ဦးလမ်းရှိ လူနေအိမ်ခြေများတွင် ခြင်ဆေး ဖျန်းပေးစဉ်။

(မြို့နယ်စည်ပင်)

ဆယ်အိမ်စုမှူး ဆရာဖြစ် ဆင့်ပွားသင်တန်းဖွင့်

တိုက်ကြီး ဇွန် ၂၂

တိုက်ကြီးမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် ဆယ်အိမ်စုမှူး ဆရာဖြစ်ဆင့်ပွားသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန်၁၉ရက်က မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆင့်ပွားနည်းပြသင်တန်းသို့ တိုက်ကြီးမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သီတာ၊ အတွင်းရေးမှူး ဒေါက်တာ ဟယ်လင်မလှကြည်နှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သီတာက သင်တန်းကျင်းပရခြင်း ရည်ရွယ်ချက်နှင့် လုပ်ငန်းဆောင်ရွက်ချက်များ ဆွေးနွေးပြောကြားသည်။ **(အပေါ်ပုံ)** **(မြို့နယ်မိခင်နှင့်ကလေး)**

01-394727

အမြန်ပြန်လာပါ

သမီး နွယ်နွယ်ဝင်း အမေ အသည်းအသန်ဖြစ်၊ အမြန်ဆက်သွယ်ပါ။

အမေ–ခင်သိန်းရီ
၃၃၃၂၂၈၄(လေးတောင်)။

Zaw Win & Associates

540545, 09-00-20091

ငှားမည်
CRANE-
(20,25,35,50,60,70TON)
GENERATOR-(300 KVA)
EXCAVATOR-(.5 m³, .7m³)
Ph. 513851, 095000534

01-600805, 09-513 0657

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်– ၂၁၊ နည်းဥပဒေ– ၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်–၃၉၂ (အမ်)

ခရိုင်မန်နေဂျာ **နှင့်** ၁။ ဦးကြည်ဝင်း
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်ခင်စန်းနု
မိတ္ထီလာမြို့။
တရားနိုင် **တရားရှုံး**

၂၀၀၂ ခုနှစ် တရားမကြီးမှုအမှတ် ၂၃၁ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းများကို ၂၀၀၆ခုနှစ် ဩဂုတ်လ ၃ ရက်နေ့၊ မြန်မာသက္ကရာဇ် (၁၃၆၈ခုနှစ် ဝါခေါင်လဆန်း ၁၀ ရက်)နေ့ နံနက် ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မိတ္ထီလာမြို့၊ မြို့မ(၄)ရပ်ကွက်၊ အကွက်အမှတ် (၂/မင်းရပ်)၊ ဦးပိုင်အမှတ် (၉)၊ မြေကွက်အမှတ်(၁၁) မြေချိန်ဧရိယာ ဝဒသမဝ၃၆ ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ (၃၆x၂၂) ပေရှိ လူနေနှစ်ထပ်တိုက်နှင့်တွဲလျက် ၁၂ ပေအကျယ် မီးဖိုဆောင်၊ စက်ပစ္စည်းများ (၁၀x၅) ပေ ချည်ကျစ်စက် နှစ်စင်း၊ ၁၁/၂ လက်မ မြင်းကောင်ရေအားမော်တာ။

လေလံကြမ်းခင်းဈေး – ကျပ် သိန်း ၁၁၀

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြထားသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာများတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိက သတ်မှတ် လေလံတင်ရောင်းချမည့် နေ့ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် ဇွန်လ ၁၃ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

စိန်သန်း
တွဲဖက်တိုင်းတရားသူကြီး(၄)
မန္တလေးတိုင်းတရားရုံး။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၅ ခုနှစ် တရားမဇာရီမှုအမှတ်– ၃၈၇(အမ်)

ခရိုင်မန်နေဂျာ **နှင့်** ၁။ ဦးခင်မောင်ဝင်း
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်ဌေးဌေးရီ
မိတ္ထီလာမြို့။
တရားနိုင် **တရားရှုံး**

၂၀၀၂ ခုနှစ် တရားမကြီးမှုအမှတ် – ၂၃၂တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၆ခုနှစ် ဩဂုတ်လ ၃ ရက်နေ့၊ (မြန်မာသက္ကရာဇ် ၁၃၆၈ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ရက်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

မိတ္ထီလာမြို့၊ ရတနာမာန်အောင်ရပ်၊အကွက်အမှတ်(၈/ခ ရတနာမာန် အောင်)၊ ဦးပိုင် အမှတ်(၂၄/က)၊မြေကွက်အမှတ်(၃၉)၊ မြေဧရိယာ ဝဒသမ ဝ၅၂ဧကရှိမြေနှင့် ၎င်းမြေပေါ်ရှိ (၂၇x၂၇)ပေနှစ်ထပ်တိုက်၊ (၂၇x၁၀)ပေ မီးဖိုဆောင်၊ ထမင်းစားခန်း၊ ရေကန် သုံးလုံး၊ စက်ပစ္စည်းများ(၁)တွင်ခုံ သုံးခုံ (၂) ဖောက်စက် တစ်ခုံ (၃) မော်တာ တစ်လုံး (၄) အင်ဂျင် တစ်လုံး။

လေလံကြမ်းခင်းဈေး – ကျပ် ၇၅ သိန်း

ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာများတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် ဇွန်လ ၁၃ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

စိန်သန်း
တွဲဖက်တိုင်းတရားသူကြီး(၄)
မန္တလေးတိုင်းတရားရုံး။

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၆ ခုနှစ် တရားမဇာရီမှုအမှတ်– ၉

မြန်မာ့စီးပွားရေးဘဏ်(၁) **နှင့်** ၁။ ဒေါ်ခင်သိန်း
မန္တလေးမြို့။ ၂။ ဒေါ်မြင့်မြင့်သိန်း
တရားနိုင် **တရားရှုံး**

၂၀၀၅ ခုနှစ်၊ တရားမကြီးမှုအမှတ်–၆၃ တွင် ရရှိခဲ့သောဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၆ခုနှစ် ဩဂုတ်လ ၈ ရက်နေ့၊ မြန်မာသက္ကရာဇ် (၁၃၆၈ ခုနှစ်၊ ဝါခေါင်လပြည့်နေ့) မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

အမရပူရမြို့နယ်၊ ဈေးချိုရပ်ကွက်၊ အကွက်(၆၀၂)၊ ဦးပိုင် (၁၈၃/၂၆၆)၊ ဧရိယာ ဝဒသမ ၁၃ဧကရှိ မြေနှင့် ယင်းမြေကွက်ပေါ်ရှိ (၂၂x၃၃)ပေရှိ သွပ်မိုးနှစ်ထပ် တိုက်နှင့်တွဲလျက် (၉x၃၃)ပေရှိ သွပ်မိုး တစ်ထပ် နံကပ်တိုက်အဆောက်အအုံ။

လေလံကြမ်းခင်းဈေး – ကျပ်သိန်း ၉၀

ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာများတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ခင်ထွန်း
တိုင်းတရားသူကြီး။

စလင်းမြို့ တဲကုန်းကျေးရွာ အလှူရှင်စက်ရေတွင်းဖွင့်

စလင်း ဇွန် ၅

မကွေးတိုင်း စလင်းမြို့နယ် တဲကုန်းကျေးရွာ အလှူရှင်စက်ရေတွင်းဖွင့်ပွဲနှင့် ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲတော်ကို မေ ၂၀ ရက် နံနက် ၈ နာရီက တဲကုန်းကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် မင်းဘူးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမျိုးတင့်၊ အလှူရှင် ဦးစိန်အောင်မင်းမိသားစုနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ခြံစည်းရိုးကြက်ဆူ ဗီဝဒီဇယ်ဆီဖြင့် စက်ရေတွင်းကို သရုပ်ပြမောင်းနှင်ပြသသည်။

တဲကုန်းကျေးရွာ အလှူရှင် စက်ရေတွင်းမှာ နှစ်လက်မဖြစ်ပြီး တစ်နာရီလျှင် ဂါလန် ၁၀၀၀ကျော် ထွက်ရှိ၍ ကျေးရွာသူ ကျေးရွာသားများ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ ရရှိနေပြီဖြစ်သည်။ **(အောက်ပုံ)**

ထို့နောက် စက်ရေတွင်းဖွင့်လှစ်ပြီး ခြံစည်းရိုးကြက်ဆူပင် ငါးဧက စုပေါင်းစိုက်ပျိုးပွဲကိုကျင်းပရာ မင်းဘူးခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီအတွင်းရေးမှူး ဗိုလ်မှူးမျိုးတင့် တက်ရောက်ပြီး ခြံစည်းရိုး ကြက်ဆူပင်များ စိုက်ပျိုးပေးသည်။

(နယ်စပ်/စည်ပင်)

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာ ရေး အ ဖွဲ့ က ၂၀၀၆–၂၀၀၇ဘဏ္ဍာရေးနှစ် အဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်သော မြို့မ (၉) ရပ် ကွက် မင်းကျောင်းဝင်း အတွင်း မြေသား ရေလှောင်ကန် တူး ဖော်မှု လုပ်ငန်းကို ဇွန်၁၆ရက်က အမှုဆောင် အရာရှိ ဦးတင့်လွင်ဦး ကွင်းဆင်း စစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးဖေဝင်းသူက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပျဉ်းမနားမြို့ မစိုးရိမ်ရပ် အုတ်တံတားလမ်း ရွက်လှရိပ်သာနေ ဒေါ်ခင်ညို (ကျန်းမာရေးဆရာမ–ငြိမ်း) က ပျဉ်းမနားမြို့ ကရုဏာနာမှုကူညီရေးအသင်းသို့ ငွေကျပ်တစ်သိန်း လှူဒါန်းရာ အသင်းဥက္ကဋ္ဌဦးလှမြင့် (အထက်တန်းရှေ့နေ)နှင့် အမှုဆောင်များက လက်ခံယူစဉ်။ (၁၀၁)

စီမံကိန်းတာဝန်ပေးအပ်ပွဲ သံတွဲခရိုင်၌ကျင်းပ

သံတွဲ ဇွန် ၁၈

သံတွဲခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ သံတွဲခရိုင် ၂၀၀၆–၂၀၀၇ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၅ရက် နံနက်၉နာရီက သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်က အမှာစကားပြောကြားပြီး ခရိုင်စီမံကိန်းဦးစီးဌာန စီမံကိန်းမှူးဦးမောင်မောင်က စီမံကိန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်က သံတွဲ၊ တောင်ကုတ်၊ ဂွ၊ မအီ၊ ကျိန္တလီမြို့နယ်များမှ မြို့နယ်ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာများသို့ ၂၀၀၆–၂၀၀၇ခုနှစ် စီမံကိန်းတာဝန်များပေးအပ်ပြီး ခရိုင်စီမံကိန်းဦးစီးဌာန ဝန်ထမ်းများအားဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ကြက်ဆူပင်စုပေါင်းစိုက်ပျိုး

သံတွဲ ဇွန် ၇

သံတွဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်မြင့်သည် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများနှင့်အတူ ဇွန် ၂ရက် နံနက်ပိုင်းက တလင်းဆိတ်ကျေးလက်သွား လမ်းဘေးဝဲယာတွင် ခြံစည်းရိုးကြက်ဆူပင် ၃၂၀၀ နှင့် ဇွန် ၃ ရက် နံနက်ပိုင်းက ပြည့်ဝကျေးရွာအဝင် ကျေးလက်လမ်းဘေးဝဲယာတွင် ခြံစည်းရိုးကြက်ဆူပင် ၃၈၀၀ တို့ကို စုပေါင်းစိုက်ပျိုးခဲ့ကြောင်းသိရသည်။

(မြို့နယ်စည်ပင်)

မုဒုံမြို့နယ် မေတ္တာကာရီနာရေးကူညီမှု အသင်းအတွက် ဝတ်စုံများ ပေးအပ်လှူဒါန်းပွဲကို ဇွန်၁၇ရက်ကကျင်းပရာ မုဒုံမြို့ စက်သစ်ရပ် မြနန္ဒာလမ်း အမှတ်(၁၇)နေ ဒေါ်သန်းမြင့် (အထပြ–ငြိမ်း)က ငွေကျပ် တစ်သိန်း ငါးသောင်း တန်ဖိုးရှိ ဝတ်စုံများ ပေးအပ် လှူဒါန်းရာ မေတ္တာကာရီနာရေးကူညီမှုအသင်း အတွင်းရေးမှူး ဦးယုနိုင်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း ထိုင်းနိုင်ငံ ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ်နှင့် ချစ်ကြည်ရေးအဖွဲ့ဝင်များအား ပို့ဆောင်နှုတ်ဆက်

နေပြည်တော် ဇွန် ၂၇

ပြည်ထောင်စုမြန်မာနိုင်ငံတော်၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော ထိုင်းနိုင်ငံ ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ် Commander in Chief Royal Thai Navy Admiral Satirapan Keyanon နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီးစဉ် ပြီးဆုံး၍ ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့မှ အထူးလေယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားသည်။

ဧည့်သည်တော် ထိုင်းနိုင်ငံ ထိုင်းဘုရင့်ရေတပ်ဦးစီးချုပ်နှင့် ဇနီး ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့အား ကာကွယ်ရေးဦးစီးချုပ် (ရေ)ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းနှင့်ဇနီး၊ တပ်မတော်(ရေ)မှ အရာရှိကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhirakaosal ၊ စစ်သံမှူး Col. Prissapa Suvanatat နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(အပေါ်ယာပုံ)** ***စာမျက်နှာ ၆ ကော်လံ ၁*** ■

ကမ္ဘာ့အဆင့်မီ အရည်အသွေးမြင့် ကျောက်မျက်ဈေးကွက်အဖြစ် ဝင့်ထည်လာတော့မည့် မြန်မာ့ကျောက်မျက်အထူးရောင်းချပွဲ



၂၀၀၆ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ၌ ပြည်တွင်းပြည်ပရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို ဉာဏ်သို့လေ့လာစေ့ငု ကြည့်ရှုခဲ့ကြသည်။
ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

တွေ့ဆုံမေးမြန်းသူ - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - တင်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဇွန် ၂၇

၂၀၀၆ ခုနှစ် ကျောက်စိမ်း၊ ကျောက်မျက်နှင့် ပုလဲအထူးရောင်းချပွဲ ပြုလုပ်ရာ မြန်မာကွန်ဗင်းရှင်းစင်တာဝင်းအတွင်း ဝင်လိုက်သည်နှင့် ကျောက်မျက်များဖြင့် ပြည့်နှက်နေသော ကမ္ဘာလေးတစ်ခုအတွင်း ရောက်ရှိသွားဘိသကဲ့သို့ ရှိသည်။ မြေပြင်ကွက်လပ်မကျန် နေရာလွတ်မရှိအောင် ခင်းကျင်းပြသထားသည့် ကျောက်စိမ်း၊ ကျောက်မျက် အရိုင်းတုံးများမှာ မျက်စိတစ်ဆုံးရှိနေသည်။

ပုံသဏ္ဌာန်အမျိုးမျိုး၊ အရွယ်အစား အစုံစုံ၊ အရည်အသွေးအဖုံဖုံ ခင်းကျင်းပြသထားသည့် ကျောက်မျက်များကို ကြည့်ရှုနေကြသော နိုင်ငံတကာမှ ကျောက်မျက်ကုန်သည်များမှာလည်း ဖွေးဖွေးလှုပ်လျက်ရှိသည်။ မိုး ရွာတရကျ်ရွာချခြင်းကိုလည်း ဂရုမပြု၊ နေ ရတ်တရက် ပူလာခြင်းကိုလည်း အလေးမထားဘဲ သဲသဲမဲမဲဖြင့် ကျောက်မျက်များကို စိတ်ဝင်တစား စေ့ငုနေကြသည့် ပြည်ပကျောက်မျက်ရတနာကုန်သည်များနှင့် မြန်မာ့အလင်းသတင်းအဖွဲ့ သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။
စာမျက်နှာ ၇ ကော်လံ ၁ ●

ကျောက်စိမ်းအရိုင်းတုံးများအား ဉာဏ်သို့တွေ့ရသည်။
ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

NLD ပါတီနှင့် ခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိတော့ ဒီပဲယင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင် ၁၄ ဦး အသီးသီးနုတ်ထွက်

ရန်ကုန် ဇွန် ၂၇

စစ်ကိုင်းတိုင်း ဒီပဲယင်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အဖွဲ့ဝင်များဖြစ်ကြသော လက်ယက်ကုန်းကျေးရွာမှ ဦးပေါ်ရွှေ၊ ဦးကျော်စိန်၊ ဦးပြည့်၊ ဦးကျော်ထွေး၊ ဦးတိုက်ကြီးနှင့် ဒေါ်ညိုညိုသိန်းတို့သည် ဇွန် ၆ ရက်တွင် လည်းကောင်း၊ ကြည်ကျေးရွာမှ ဦးငွေး၊ ဦးတင်အောင်နှင့် ဦးဝင်းကျော်စိန်တို့သည် ဇွန် ၇ ရက်တွင် လည်းကောင်း၊ လက်ယက်ကုန်းကျေးရွာမှ ဦးပြည့်၊ ဦးပွဲ၊ စိုင်ပြင်ကျေးရွာမှ ဦးပေါတင်၊ ဒီပဲယင်းမြို့မှ ဦးတိုက်၊ ဦးကျော်အုန်းတို့သည် ဇွန် ၈ ရက်တွင် လည်းကောင်း ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

စစ်ကိုင်းတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာများတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)သည် နိုင်ငံတော်နှင့် ပြည်သူ့အကျိုးကို မည်သည့်အခါကမျှ ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း၊ ၎င်းတို့အနေဖြင့် NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိတော့၍ ယခုကဲ့သို့ ၎င်းတို့၏ဆန္ဒအလျောက် နုတ်ထွက်ခြင်းဖြစ်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

နေပြည်တော် မိုးလေဝသ အခြေအနေ

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ (ဇွန် ၂၈ ရက်)၌ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။